ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957

**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်၊ စနေနေ့။ Saturday, 13 March 2021 ၁၀၃၁၅

# ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ အခြားဘာသာရေးကျောင်းများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုကြည်ညိုလျက်ရှိ

နေပြည်တော် မတ် ၁၂

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပေါ်မှုအခြေအနေများကြောင့် ဗုဒ္ဓဘာသာဘုရား၊ စေတီများ အပါအဝင် သက်ဆိုင်ရာ ဘာသာများအလိုက် ဘာသာရေးကျောင်းများအား ဖူးမြော်ခွင့်၊ ဝတ်ပြုခွင့်များ ယာယီရပ်ဆိုင်းထားရှိရာမှ ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ ဖူးမြော်၊ ဝတ်ပြု၊ ကြည်ညိုတရားဘာဝနာပွားများနိုင်ရေးအတွက် ဖေဖော်ဝါရီ ၈ ရက်မှစတင်၍ ပြန်လည်ဖွင့်လှစ်ပေးခဲ့သည်။

ထိုသို့ ပြန်လည်ဖွင့်လှစ်ထားရှိရာ ယနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၊ နေပြည်တော် ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတို့ အပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ ဘုရားဖူးလာ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် မိဘပြည်သူများသည် ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖူးမြော်ကြည်ညို ကုသိုလ်ယူလျက်ရှိကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ☆

ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ဘုရားဖူးလာ သံဃာတော်များနှင့် မိဘပြည်သူများ ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖူးမြော်ကြည်ညိုလျက်ရှိသည်ကို တွေ့ရစဉ်။



# ဆေးကုသရန်အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက သွားရောက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



သပိတ်ကျင်းတိုက်နယ်ဆေးရုံ၌ ဆေးကုသမှုခံယူရန် အခက်အခဲဖြစ်ပေါ်နေသည့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

နေပြည်တော် မတ် ၁၂

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇားတိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံနှင့် သပိတ်ကျင်းမြို့နယ် တကောင်းတိုက်နယ်ဆေးရုံ၊ ကျောက်ဆည်မြို့နယ် စဥ့်ကိုင်ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်မြို့နယ် ယင်းတော်တိုက်နယ်ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပြည်သူ့ဆေးရုံ၊ ရွှေကျင်မြို့နယ် ဒုံဇရစ်ကျေးရွာ တိုက်နယ်ဆေးရုံနှင့် လက်ပံတန်းမြို့နယ် မြို့နယ်ပြည်သူ့ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များက နယ်မြေခံတပ်ရှိ တပ်မတော်ဆေးရုံမှ ဆရာဝန်များနှင့် သူနာပြုများ လာရောက်ကုသပေးနိုင်ပါရန် အကူအညီတောင်းခံမှုကြောင့် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တပ်နယ်များအလိုက် တပ်မတော်ဆေးရုံမှ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများပါဝင်သော ဆေးကုသရေးအဖွဲ့အား စေလွှတ်၍ ရောဂါဝေဒနာ ခံစားနေရသည့်

စာမျက်နှာ ၇ ကော်လံ ၃ သို့ ❂

ကြေးမုံ ယနေ့ ဖတ်စရာ

အပြုံးပန်းတွေနဲ့ မှန်ကန်စွာ ဆက်လက်လျှောက်လှမ်း
စာမျက်နှာ » ၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြု တစ်လတာ
စာမျက်နှာ » ၈

မစောင့်နိုင်ကြတော့ဘူးလား
စာမျက်နှာ » ၁၈

လူ့အခွင့်အရေးကောင်စီ၏ (၄၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် မြန်မာနိုင်ငံဆိုင်ရာ ဆွေးနွေးမှုများသို့ ပါဝင်ဆွေးနွေး
စာမျက်နှာ » ၁၉

## ကြေးမုံ

# ဒီမိုကရေစီကျင့်စဉ်နှင့်အညီ အလေးထားထမ်းရွက်

“ဒီမိုကရေစီစနစ်သည် ဝါဒမဟုတ်ဘဲ ကျင့်စဉ်တစ်ခုသာဖြစ်ပြီး ဝန်ကြီးဌာနများအနေဖြင့် ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ဆောင်ရွက်သွားရန်လိုအပ်ကြောင်း”။ “ဒီမိုကရေစီစနစ်ကို သွားရာတွင် ပရမ်းပတာဆောင်ရွက်၍မရဘဲ စည်းကမ်းနှင့်သာသွားရန်လိုကြောင်း” ဒီမိုကရေစီစနစ်နှင့်ပတ်သက်သည့် မှတ်သားလိုက်နာရမည့် အချက်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး (၃/၂၀၂၁)တွင် ပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းလျက်ရှိသည်။ ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာ၌ ဝန်ကြီးဌာနအသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသော နိုင်ငံ့ဝန်ထမ်းများအနေဖြင့် တာဝန်ထမ်းဆောင်မှု၊ လုပ်ငန်းဆောင်ရွက်မှုတို့တွင် ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ဆောင်ရွက်ကြဖို့လိုမည် ဖြစ်သည်။ နိုင်ငံတော်အပေါ် သစ္စာစောင့်သိမှု၊ ဌာနအပေါ်တွင် တာဝန်ကျေပွန်မှု၊ အထက်အောက်ရိုသေလေးစားမှု၊ ပွင့်လင်းမြင်သာမှု၊ စည်းကမ်းစနစ်ကျနစွာ လုပ်ကိုင်ဆောင်ရွက်မှု၊ ပါတီနိုင်ငံရေးကင်းရှင်းမှု စသည့် ဝန်ထမ်းဆိုင်ရာ ကျင့်ဝတ်၊ စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေတို့ကို လေးစားလိုက်နာရမည့်အပြင် လုပ်ငန်းများ အောင်မြင်မှုရှိစေရန်အတွက် သက်ဆိုင်ရာဌာနအလိုက် ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ဆောင်ရွက်ကြရန် လိုအပ်ပေသည်။

နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်၏ အကျိုးစီးပွားကို အစဉ်အမြဲဦးထိပ်ပန်ဆင်ဆောင်ရွက်ကြရမည် ဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်နှင့် ပြည်သူလူထု အကျိုးစီးပွားကို ဆောင်ရွက်ပေးကြရသည့်သူများဖြစ်ရာ နိုင်ငံတော်အပေါ် သစ္စာရှိစွာဆောင်ရွက်ရင်း ပြည်သူလူထုအကျိုးကို သယ်ပိုးကြရပေသည်။ နိုင်ငံ့ဝန်ထမ်းများသည် ပြည်သူများအတွက် ဝန်ဆောင်မှုပေးကြရာတွင် တိုက်ရိုက်ထိတွေ့ဝန်ဆောင်မှုပေးကြသူများရှိသလို သွယ်ဝိုက်သောနည်းအားဖြင့် ဝန်ဆောင်မှုပေးကြသူများလည်းရှိသည်။ အထူးသဖြင့် ပြည်သူလူထုကို တိုက်ရိုက်ထိတွေ့ဝန်ဆောင်မှုပေးနေကြသော နိုင်ငံ့ဝန်ထမ်းများ၏ အခန်းကဏ္ဍများသည် ပိုမိုအရေးကြီးပါသည်။

အဓိကအားဖြင့် ပညာရေး၊ ကျန်းမာရေး၊ ပို့ဆောင်ဆက်သွယ်ရေး၊ ဘဏ်လုပ်ငန်းကဏ္ဍများသည် ပြည်သူလူထုနှင့် နေ့စဉ်ထိတွေ့နေရသော လုပ်ငန်းများဖြစ်သည်။ ဝန်ကြီးဌာနလုပ်ငန်းများအားလုံးသည် ပြည်သူလူထုနှင့် နိုင်ငံတော်အကျိုးစီးပွားအတွက် ကြားခံဆောင်ရွက်ပေးရသော ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည်။ နိုင်ငံတော်၊ ဝန်ကြီးဌာန၊ ပြည်သူလူထု ခြေသုံးချောင်းထောက် အပြန်အလှန်အကျိုးပြုပါမှ မည်သည့်စနစ်ဖြင့် လျှောက်လှမ်းနေသည့် နိုင်ငံဖြစ်စေ အရှည်တည်တံ့ခိုင်မာ တိုးတက်ဖွံ့ဖြိုးသာယာဝပြောမည် ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံသည် နိုင်ငံတော်ချည်းသာ ရပ်တည်၍မဖြစ်သလို ဝန်ကြီးဌာနချည်းသာ ရပ်တည်နေ၍မရ၊ ပြည်သူလူထုချည်းပဲ ဖြစ်တည်နေ၍မဖြစ်ပေ။ အပြန်အလှန် ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီ ရပ်တည်ကြရသည်။

ပြည်သူလူထုအကျိုးစီးပွားဆိုရာ၌ နိုင်ငံတော်၏ အကျိုးစီးပွားမပါဘဲ ဆောင်ရွက်၍ မရပေ။ ထိုအကျိုးစီးပွားနှစ်ခုအတွက် နိုင်ငံ့ဝန်ထမ်းများသည် ကြားခံဆောင်ရွက်ပေးရသည်။ ထို့ကြောင့် နိုင်ငံတော်အပေါ်တွင်လည်း သစ္စာစောင့်သိရသလို ပြည်သူလူထုအပေါ်တွင်လည်း အလေးထားဆောင်ရွက်ပေးရသည်။ မြန်မာနိုင်ငံသည် ဒီမိုကရေစီစနစ်ဖြင့် အသွင်ကူးပြောင်းနေသော နိုင်ငံဖြစ်သည်။ ဒီမိုကရေစီစနစ်တွင် လွတ်လပ်ခြင်း၊ ညီမျှခြင်း၊ တရားမျှတခြင်း လောကပါလတရားနှင့်အညီ လိုက်နာကျင့်သုံးကြရသည်။ ဒီမိုကရေစီစနစ်တွင် စည်းကမ်းနှင့်အညီ နေထိုင်လုပ်ကိုင်မှ ဒီမိုကရေစီစနစ် အခြေခိုင်မာဖြစ်ထွန်းမည် ဖြစ်သည်။ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသောနိုင်ငံတွင် နိုင်ငံ့ဝန်ထမ်းများအပါအဝင် နိုင်ငံသူ၊ နိုင်ငံသားများသည် ကြိုက်နှစ်သက်ရာကို ရွေးချယ်ခွင့်ရှိသည်။ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်အတွက်ရော မတူကွဲပြားသောပြည်သူများ အကျိုးစီးပွားအတွက်ပါ ဆောင်ရွက်ရသည်ဖြစ်၍ ပါတီနိုင်ငံရေးကင်းရှင်းရေးသည် အရေးကြီးသည့်အချက်ဖြစ်သည်။

ယနေ့အချိန်အခါတွင် ပါတီနိုင်ငံရေးကို အကြောင်းပြု၍ ကျန်းမာရေးဝန်ထမ်းများ၊ ရထားပို့ဆောင်ရေးဝန်ထမ်းများနှင့် ဘဏ်ဝန်ထမ်းများသည် နိုင်ငံတော်နှင့်ပြည်သူ့အကျိုးစီးပွားအား မျက်ကွယ်ပြုခဲ့သည်ကို အများဆုံးတွေ့ရသည်။ အဆိုပါဌာနများတွင် နိုင်ငံတော်အပေါ်တွင် သစ္စာစောင့်သိပြီး လုပ်ကိုင်ဆောင်ရွက်ကြသူများလည်း များစွာရှိနေသည်။ သို့သော် မသမာသူအဖျက်သမားများ၊ CDM လှုပ်ရှားသူများ၏ နှောင့်ယှက်ဖိအားပေးမှုများကြောင့် လုပ်ငန်းများနှောင့်နှေးနေရသည်ကို တွေ့ရသည်။

သို့ဖြစ်ရာ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေးကို ရှောင်ရှားပြီး ဒီမိုကရေစီကျင့်စဉ်နှင့်အညီ နိုင်ငံတော်နှင့်ပြည်သူ့အကျိုးကို အလေးထားကာ ဆိုင်ရာပြဋ္ဌာန်းထားသော ဥပဒေ၊ စည်းကမ်း၊ ကျင့်ဝတ်များအတိုင်း ထမ်းရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

# (၇၆)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

(၁) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး(၃)ပါးကို ဆက်လက်ထိန်းသိမ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ဆန္ဒဖြစ်သည့် ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်မှု မရှိစေရန် ပြည်သူတစ်ရပ်လုံးနှင့်လက်တွဲ၍ တပ်မတော်က ကာကွယ် ထိန်းသိမ်းပေးရေး။

(၂) သဘာဝဘေးအန္တရာယ်ကျရောက်မှုအပါအဝင် ပြည်သူများအပေါ် ကျရောက်လာသည့် အန္တရာယ်မှန်သမျှကို မည်သည့်အခြေအနေ မည်သည့်အချိန်အခါတွင်မဆို ကာကွယ်စောင့်ရှောက်ရန်နှင့် ပြည်သူလူထု၏ လူနေမှုဘဝလုံခြုံရေးကိုပါ ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။

(၃) ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်း ရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ဒို့တာဝန်အရေး(၃)ပါးကို မသွေဖည်ဘဲ NCA အပေါ် အခြေခံ၍ အကောင်အထည်ဖော် ဆောင်ရွက်ရေး။

(၄) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်နိုင်ရန် တိုက်ပွဲစွမ်းရည်နှင့် တိုက်ပွဲစွမ်းအားရှိသော ကျစ်လျစ်ခိုင်မာတောင့်တင်းသည့် ခေတ်မီ တပ်မတော်တည်ဆောက်ရေး။

# မြန်မာနိုင်ငံပြန်တမ်း

## အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဝင်းအား အမြဲတမ်းအတွင်းဝန်တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ( ၁၂-၃-၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၄၀၀ | ၉,၄၀၀ | ၁၁၀ | ၁,၀၃၄,၀၀၀ |
| MTSH | ၃,၅၅၀ | ၃,၅၀၀ | ၁,၆၄၀ | ၅,၅၉၅,၇၅၀ |
| MCB | ၈,၄၀၀ | ၈,၄၀၀ | ၉၁ | ၇၆၄,၄၀၀ |
| FPB | ၂၂,၀၀၀ | ၂၂,၀၀၀ | ၀ | ၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၁ | ၂,၇၅၀ |
| EFR | ၃,၃၀၀ | ၃,၃၀၀ | ၂ | ၆,၆၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မတ် ၁၂

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၂၃.၃ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၉၉.၃ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၈.၈၄ |
| (ဃ)ထိုင်း | တစ်ဘတ် | = | ၄၆.၃၁၆ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၄၅.၈၈ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉.၅၅၉ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၁၀၃.၂ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၅၇.၉ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၃၀၄.၇ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၅.၃၁ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေ၊ ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦး၊ ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# အများပြည်သူကို စိတ်ဓာတ်ပျက်စီးအောင် ဆောင်ရွက်နေခြင်းများကို ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်သွားရန်လို

**CDM လှုပ်ရှားဆောင်ရွက်ထားသည့် ဝန်ထမ်းများကိုလည်း အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ တာဝန်ထမ်းဆောင်မှုမရှိဘဲ အကြောင်းအမျိုးမျိုးပြ၍ လစာထုတ်နေကြသည်များကို တွေ့ရှိရကြောင်း၊ ဝန်ကြီးဌာနများအလိုက် စနစ်တကျ စစ်ဆေးအရေးယူဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဥပဒေနှင့်မညီသည့် အကြောင်းအရာများနှင့် မိမိတို့နိုင်ငံ၏ယဉ်ကျေးမှုနှင့် မလျော်ညီစွာ ဝတ်စားဆင်ယင်ထားသည့် ဓာတ်ပုံများ အထူးသဖြင့် လူမှုကွန်ရက် မျက်နှာစာများတွင် အရှက်တရား၊ အကြောက်တရားမရှိ ဓာတ်ပုံများ ဖော်ပြနေမှုများရှိကြောင်း၊ ယင်းလုပ်ရပ်မှာ အများပြည်သူကို စိတ်ဓာတ်ပျက်စီးအောင် ဆောင်ရွက်နေခြင်းဖြစ်သဖြင့် ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁-၃-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

## ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေး အလေးထား ဦးတည်ဆောင်ရွက်ရန် ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး မှာကြား

**ရန်ကုန် မတ် ၁၂**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ဖွဲ့စည်းထားသည့် တစ်နေရာတည်း၌ တစုတစည်းတည်း အလုံးစုံ ဝန်ဆောင်မှုပေးသည့် ဌာနဆိုင်ရာ အဖွဲ့အစည်း (One Stop Service-OSS) က တာဝန်ခံ အရာရှိများကို ယနေ့မွန်းလွဲပိုင်း၌ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ရင်းနှီးမြှုပ်နှံသူများ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရာတွင် အဆင်ပြေလွယ်ကူစေရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ လုပ်ထုံးလုပ်နည်းများ ပြေပြစ်သွက်လက်၍ ရိုးရှင်းလွယ်ကူစေရေး ပြင်ဆင်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခက်အခဲအတားအဆီးများ စိစစ်လျှော့ချကာ၊ အွန်လိုင်းဝန်ဆောင်မှုများ တိုးမြှင့်ဆောင်ရွက်ရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ခွင့်ပြုပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး၊ ပွင့်လင်း မြင်သာမှု ပိုမိုအားကောင်းစေရေး၊ ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေး (Investment Facilitation)ကို အခြေပြု၍ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး (Investment Promotion) ကို ဦးတည်ဆောင်ရွက်ရေးနှင့် One Stop Service (OSS) ၏ အခန်းကဏ္ဍ မြှင့်တင်ရေးတို့ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ဝန်ထမ်းများ အနေဖြင့် ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုများ ပေးကြရန် အလေးထားမှာကြားသည်။

ဆက်လက်၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူး ဦးမျိုးခိုင်ဦးက လုပ်ငန်းဆောင်ရွက်မှုများကိုလည်းကောင်း၊ တက်ရောက်လာကြသည့် ဌာနဆိုင်ရာ ပူးပေါင်းလုပ်ငန်းအဖွဲ့မှ တာဝန်ခံအရာရှိများက မိမိတို့ကြုံတွေ့ရသည့်အခက်အခဲများကိုလည်းကောင်း ရင်းနှီးပွင့်လင်းစွာ ရှင်းလင်းတင်ပြခဲ့ကြရာ



ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး လိုအပ်သည်များ မှာကြားသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဌာနဆိုင်ရာ ပူးပေါင်းလုပ်ငန်းအဖွဲ့ (One Stop Service-OSS)၌ လက်တွေ့လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

အစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ One Stop Service (OSS) တွင် တာဝန်ထမ်းဆောင်နေသည့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ နေပြည်တော်ပြည်ထောင်စုနယ်မြေအတွင်း ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် မတ် ၁၂**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ သစ်တောဦးစီးဌာန ဇေယျာသီရိမြို့နယ် ရွှေကျူပျိုးဥယျာဉ်နှင့် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးဝင်းရှိ ပျိုးဥယျာဉ်များကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရွှေကျူပျိုးဥယျာဉ်ကို ကြည့်ရှုစစ်ဆေးရာ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ရွှေကျူပျိုးဥယျာဉ်တွင် ပျိုးအိတ်ကြီးများဖြင့် ပျိုးထောင်ထားသော အမြင့်နှစ်ပေနှင့်အထက် ပျိုးပင်ကြီးများကို ယခုနှစ် မိုးရာသီတွင် ဖြန့်ဝေမြေချစိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်တွင် စတင်ပျိုးထောင်ထားသော ပျိုးပင်များကိုလည်း လာမည့်နှစ်မိုးရာသီများတွင် မြေချစိုက်ပျိုးနိုင်ရေး အတွက် အောင်လုံသန်စွမ်းသော ပျိုးပင်များဖြစ်ရန် ပြုစုပျိုးထောင်သွားမည်ဖြစ်ကြောင်း ရွှေကျူပျိုးဥယျာဉ်တွင် အမြင့်နှစ်ပေနှင့်အထက် အရိပ်ရပင်၊ လေကာပင်၊ ပန်းပွင့်သောအပင်နှင့် သီးပင်စားပင်၊ သစ်မျိုး ၉၁ မျိုး၊ အပင် ၆၉၀၀ ကို ပြုစုပျိုးထောင်



ထားရှိပြီးဖြစ်ကြောင်းနှင့် ယခုနှစ် ၂၀၂၁ ခုနှစ်တွင် စတင်ပျိုးထောင်သည့် ပျိုးပင်သစ်မျိုး ၂၃ မျိုး၊ ပျိုးပင် ၅၀၀၀၀ ကို ပျိုးထောင်ထားရှိကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးဝင်းရှိ ပျိုးဥယျာဉ်ကို ကြည့်ရှုစစ်ဆေးရာ ပျိုးဥယျာဉ်တာဝန်ရှိသူများက ညွှန်ကြားရေးမှူးချုပ်ရုံးဝင်း ပျိုးဥယျာဉ်တွင် အမြင့်နှစ်ပေနှင့်အထက် ပျိုးပင်ကြီး သစ်မျိုး ၃၄ မျိုး၊ အပင် ၁၁၀၀၀ ကို ပြုစုပျိုးထောင်ထားရှိပြီးဖြစ်ကြောင်းနှင့် ယခုနှစ် ၂၀၂၁ ခုနှစ်တွင် စတင်ပျိုးထောင်သည့် ပျိုးပင်သစ်မျိုး ၄၇ မျိုး၊ အပင် ၁၅၀၀၀၀ ကို ပျိုးထောင်ထားရှိပါကြောင်း၊ အဆိုပါ အမြင့်နှစ်ပေနှင့်အထက် ပျိုးပင်ကြီးများကို လာမည့် ၂၀၂၁ ခုနှစ်(မိုးရာသီ)တွင် မြေချစိုက်ပျိုးနိုင်ရေး ဖြန့်ဝေဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုနှစ် ၂၀၂၁ ခုနှစ်တွင် စတင်ပျိုးထောင်သည့် ပျိုးပင်များကိုလည်း လာမည့်နှစ် မိုးရာသီများတွင် ဖြန့်ဝေစိုက်ပျိုးနိုင်ရေးအတွက် ပြုစုပျိုးထောင်သွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ၂၀၂၁ ခုနှစ် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး လှုပ်ရှားမှုစီမံချက်ပါအတိုင်း ဒေသနှင့်ကိုက်ညီသည့် ပျိုးသက်ရင့် အမြင့်နှစ်ပေနှင့်အထက် ပျိုးပင်များကိုသာ လာမည့် ၂၀၂၁ ခုနှစ်(မိုးရာသီ)တွင် မြေချစိုက်ပျိုးသွားရန်၊ ယခုနှစ်တွင် စတင်ပျိုးထောင်သော ပျိုးပင်များကိုလည်း ၂၀၂၂ ခုနှစ်(မိုးရာသီ)တွင် အမြင့်နှစ်ပေနှင့်အထက်ရရှိပြီး အောင်လုံသန်စွမ်းသည့် ပျိုးပင်ဖြစ်ရန် ဆက်လက်ပြုစုထိန်းသိမ်းဆောင်ရွက်ရန်၊ လက်ရှိပျိုးထောင်ထားသော သစ်မျိုးများအနက် ကြီးမြန်သစ်မျိုးများကို လာမည့်စိုက်ပျိုးရာသီချိန်ခွင်၊ ဇူလိုင်လများတွင် အမြင့်နှစ်ပေနှင့်အထက် အရွယ်ရရှိပါက မြေချစိုက်ပျိုးနိုင်ရေး ဖြန့်ဝေဆောင်ရွက်သွားရန်တို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၁၅)ကြိမ်မြောက် အာဆီယံ ပြန်ကြားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင်နှင့်အဖွဲ့ တက်ရောက်



**နေပြည်တော် မတ် ၁၂**

(၁၅)ကြိမ်မြောက် အာဆီယံ ပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးနှင့် (၁၈)ကြိမ်မြောက် အာဆီယံ ပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (15th ASEAN Ministers' Responsible for Information and its related Meetings) (15th AMRI) အား ယနေ့ နံနက်ပိုင်းက အလှည့်ကျဥက္ကဋ္ဌဖြစ်သည့် ထိုင်းနိုင်ငံမှ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ဆွေးနွေးသည်။

**တက်ရောက်**

အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပြန်ကြားရေးဝန်ကြီးများ၊ ပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယခုနှစ် ကျင်းပသည့် (၁၅)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများ အစည်းအဝေး၊ (၁၈)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့်ဆက်စပ် အစည်းအဝေးများ၏ ဆောင်ပုဒ် (Theme) မှာ "ASEAN: A Digital Community with Accessibility for All" (လူတိုင်းလှမ်းမီရပ်ဝန်းသည် အာဆီယံ ဒစ်ဂျစ်တယ်အသိုက်အဝန်းဆီ) ဖြစ်ပြီး အာဆီယံနိုင်ငံအလိုက် ပြန်ကြားရေးဝန်ကြီးများက ၎င်း Theme အပေါ်တွင်အခြေခံ၍ အာဆီယံပြန်ကြားရေးကဏ္ဍဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များအပေါ် သဘောထားအမြင်များ ဆွေးနွေးဖလှယ်ခဲ့ကြကာ အာဆီယံပြည်သူများအကြား ဒစ်ဂျစ်တယ်သိနားလည်မှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု မူဘောင်သဘော တူညီချက်၊ အာဆီယံ ဒစ်ဂျစ်တယ်နည်းပညာဖြင့် ရုပ်သံထုတ်လွှင့်ရာတွင် လူတန်းစားမရွေး အားလုံးပါဝင်အသုံးပြုနိုင်ရေး မူဘောင်သဘောတူညီချက်နှင့် (၁၅)ကြိမ်မြောက် အာဆီယံ ပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများဆိုင်ရာ ပူးတွဲကြေညာချက်တို့အား ထုတ်ပြန်ကြေညာကြသည်။

AMRI အစည်းအဝေးများကို ၁၉၈၉ ခုနှစ်မှစ၍ နှစ်နှစ်တစ်ကြိမ် နိုင်ငံအက္ခရာစဉ်အလိုက် ကျင်းပလေ့ရှိပြီး (၁၂)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ (12th AMRI) ကို ၂၀၁၄ ခုနှစ်တွင် နေပြည်တော်တွင်လည်းကောင်း၊ (၁၃)ကြိမ်မြောက် အာဆီယံပြန်ကြားရေး အဆင့်မြင့် အရာရှိကြီးများအစည်းအဝေး (13th SOMRI)ကို ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်တွင်လည်းကောင်း ပြန်ကြားရေးဝန်ကြီးဌာနက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည်။

**ရည်ရွယ်ကျင်းပ**

အဆိုပါ AMRI အစည်းအဝေးများကို အာဆီယံဒေသတွင်း သတင်းပြန်ကြားရေးဆိုင်ရာ လုပ်ငန်းများမှတစ်ဆင့် အဖွဲ့ဝင်နိုင်ငံများအကြား အပြန်အလှန်နားလည်မှုနှင့် ယုံကြည်မှု တိုးပွားခိုင်မာလာစေရေးလုပ်ငန်းများကို အဓိကထားဆောင်ရွက်နိုင်ရေးအတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

AMRI အစည်းအဝေးများတွင် အာဆီယံပြန်ကြားရေးဆိုင်ရာစီမံကိန်းများ၊ ဆက်စပ်သည့် အာဆီယံအစည်းအဝေးများမှ ဆုံးဖြတ်ချက်များနှင့် လက်ရှိလုပ်ငန်းစဉ်များအပေါ် သုံးသပ်ဆွေးနွေးခြင်း၊ ရှေ့လုပ်ငန်းစဉ်များအတွက် စီမံကိန်းများလျာထားခြင်း၊ အာဆီယံပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး အစီရင်ခံစာအပေါ် အာဆီယံပြန်ကြားရေးဝန်ကြီးများက ပြန်လည်သုံးသပ်ပြီး အကြံဉာဏ်များ ထပ်ဆောင်းထည့်သွင်းခြင်း၊ အတည်ပြုခြင်းများ ဆောင်ရွက်လေ့ရှိသည်။

ပုံမှန်အားဖြင့် AMRI အစည်းအဝေးကို အာဆီယံပြန်ကြားရေးကဏ္ဍဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အဆင့် အစည်းအဝေး(Senior Officials' Meeting–SOMRI)နှင့် ဆွေးနွေးဖက် သုံးနိုင်ငံပါဝင်သည့် ပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အဆင့် အစည်းအဝေး(SOMRI+3)တို့ကို နှစ်ရက်ကြာကျင်းပပြီး အာဆီယံ ပြန်ကြားရေးဝန်ကြီးများအဆင့် အစည်းအဝေး (ASEAN Minister Responsible for Information–AMRI)နှင့် ဆွေးနွေးဖက်သုံးနိုင်ငံပါဝင်သည့်ဝန်ကြီးများအဆင့်အစည်းအဝေး(AMRI+3) တို့ကိုလည်း အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးအပြီးတွင် တစ်ရက်ကြာ ဆက်လက်ကျင်းပလေ့ရှိသည်။

**ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်ကျင်းပ**

ယခုအခါ ကမ္ဘာအနှံ့ဖြစ်ပွားလျက်ရှိသည့် ကိုဗစ်-၁၉ အခြေအနေကြောင့် ခရီးသွားလာမှုကန့်သတ်ချက်များရှိသဖြင့် အိမ်ရှင်ထိုင်းနိုင်ငံက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် စီစဉ်ကျင်းပခြင်းဖြစ်သည်။

(၁၆) ကြိမ်မြောက် အာဆီယံ ပြန်ကြားရေးဝန်ကြီးများအဆင့်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ၂၀၂၃ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံက လက်ခံကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တစ်ကေချင်း တောင်သူတစ်ဦးချင်းစီ၏ ထုတ်လုပ်မှုစွမ်းအား တိုးတက်ရေးအတွက် မြစ်ရေတင်လုပ်ငန်းများက ပံ့ပိုးပေးနိုင်ရေး ကြိုးပမ်း



**နေပြည်တော် မတ် ၁၂**

တစ်ကေချင်း တောင်သူတစ်ဦးချင်းစီ၏ ထုတ်လုပ်မှုစွမ်းအားတိုးတက်ရေးအတွက် မြစ်ရေတင်လုပ်ငန်းများက ပံ့ပိုးပေးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ ပြည်နယ် တာဝန်ခံများက သက်ဆိုင်ရာဒေသများမှ အွန်လိုင်းစနစ်အသုံးပြု တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ပြောင်းလဲသက်ရောက်လာသော ရာသီဥတုဖြစ်စဉ်များကြောင့် စိုက်ပျိုးရေ လုံလောက်စွာအသုံးပြုနိုင်ရေးအပေါ် ထိခိုက်မှုမရှိစေရန် မိမိတို့ဝန်ကြီးဌာနက ဘက်စုံထောင့်စုံ နည်းလမ်းများဖြင့် တီထွင်ကြံဆဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် စိုက်ပျိုးရေရရှိရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် အရေးကြီးသည့် အခန်းကဏ္ဍတစ်ခုမှ ပါဝင်နေသော မြစ်ရေတင်လုပ်ငန်းများ ဖွံ့ဖြိုးရေး၊ အခြေအနေပေးသည့် ဒေသများတွင် ဆိုလာစနစ်အသုံးပြု၍ မြစ်ရေတင်လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးကို အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ဆွေးနွေး**

အစည်းအဝေးတွင် မြစ်ရေတင်ဧရိယာအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ခေတ်မီနည်းပညာများ အသုံးပြု၍ စနစ်တကျဆောင်ရွက်စေခြင်းဖြင့် ရေကို အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ရန် တောင်သူပညာပေး စံနမူနာပြ ဆောင်ရွက်ပေးခြင်း၊ လိုအပ်သောနည်းပညာများ ကူညီပံ့ပိုးပေးခြင်းတို့ လုပ်ဆောင်ရန် လိုအပ်ချက်များကိုလည်းကောင်း၊ ရေအသုံးချသူများအဖွဲ့(WUG)များ၊ ရေအသုံးချသူများအသင်း(WUA)များ တိုးချဲ့ဖွဲ့စည်း ဆောင်ရွက်ပေးနိုင်ရေးနှင့် ယင်းတို့၏ စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် စီမံအုပ်ချုပ်မှုဆိုင်ရာ အသိပညာပေး ဆောင်ရွက်ရန်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက သီးနှံထုတ်လုပ်မှုနှုန်း မြင့်မားရေးအတွက် အဓိကဖြစ်သော လုံလောက်ပြည့်ဝသည့် ရေရရှိရေးမှတစ်ဆင့် စက်မှုလယ်ယာကူးပြောင်းရေးနှင့် စက်မှုကုန်ထုတ်လုပ်ငန်းများ ဖြစ်ပေါ်လာသည်အထိ အောင်မြင်လာမည်ဖြစ်ကြောင်း၊ မြစ်ရေတင် စိုက်ပျိုးမှု၊ ဆည်ရေအသုံးပြုမှု၊ မြေအောက်ရေအသုံးပြုမှု၊ ရေထိန်းသိမ်းသိုလှောင်မှု စသည်ဖြင့် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်ရာတွင် စိုက်ပျိုးရေသာမက သောက်သုံးရေ၊ ကျွဲနွားတိရစ္ဆာန်မွေးမြူရေးလုပ်ငန်းသုံးရေပါမကျန် ဖူလုံစွာအသုံးပြုနိုင်ရေးအတွက် ထိရောက်စွာဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

**လိုအပ်လျက်ရှိ**

စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် လယ်ယာကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန် ဦးတည်ချက်ထား ကြိုးပမ်းလျက်ရှိရာ ရေတင်စီမံကိန်းဧရိယာများတွင် ရာသီဥတုနှင့် လိုက်လျောညီထွေမှုရှိပြီး ဈေးကွက်ဝင်သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် သီးနှံပုံစံများကို စနစ်တကျပြောင်းလဲကျင့်သုံးသွားရန် လိုအပ်လျက်ရှိကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် စက်မှုလယ်ယာစနစ်သို့ အပြည့်အဝကူးပြောင်းနိုင်ရေး၊ မြေအောက်ရေများ ထုတ်ယူအသုံးပြုနိုင်ရေး၊ အခြေအနေပေးသည့်ဒေသများတွင် ချောင်းပိတ်မြောင်းပိတ်များ ဆောင်ရွက်ရေး၊ ရေအသုံးချသူ အစုအဖွဲ့နှင့် အသင်းများ ပိုမိုအားကောင်းခိုင်မာလာအောင် ဆောင်ရွက်ရေး၊ ရေတင်စနစ်များမှ ရေများကို အလေအလွင့်အနည်းဆုံးနှင့် အကျိုးရှိစွာအသုံးပြုနိုင်ရေး၊ ရေအနည်းလိုသီးနှံများနှင့် တန်ဖိုးမြင့်သီးနှံများ၊ မွေးမြူရေးလုပ်ငန်းများ အစားထိုးလုပ်ကိုင်နိုင်ရေးတို့ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ပြင်ဆင်ထားရှိမှုအခြေအနေများ လှည့်လည်ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၁၂**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာဇော်မြင့်နှင့် ဦးဇော်ဝင်း၊ အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နေပြည်တော်ကောင်စီနယ်မြေ ပညာရေးမှူးတို့နှင့် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် အမှတ်(၁၈) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၉) အခြေခံပညာမူလတန်းလွန်ကျောင်း (ရဲဒိကျေးရွာ)နှင့် အမှတ်(၁၉) အခြေခံပညာအထက်တန်းကျောင်းတို့သို့ သွားရောက်၍ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ပြင်ဆင်ထားရှိမှုများကို လှည့်လည်ကြည့်ရှုသည်။

## ကြိုတင်ပြင်ဆင်ဆောင်ရွက်

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်ရာပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံရာတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရေး စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အခြေခံပညာကျောင်းများ ဖွင့်လှစ်နိုင်ရေးအတွက် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာရေး၊ ကျောင်းဥပဓိရုပ် ကောင်းမွန်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရမည် ဖြစ်ပါကြောင်း၊ ကျောင်းသားကျောင်းသူများ၏ စာဖတ်အလေ့အကျင့်ကောင်းများ ပြုစုပျိုးထောင်ရန် ပြည့်စုံကောင်းမွန်သော ကျောင်းစာကြည့်တိုက်များ ဖြည့်ဆည်းပေးကြရမည် ဖြစ်ပါကြောင်း၊ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာကြည့်တိုက်ဖွင့်ချိန်နှင့် စာကြည့်တိုက်တာဝန်ခံဆရာဆရာမများ သတ်မှတ်ထားရှိဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ကျောင်းစာကြည့်တိုက်အတွက် လိုအပ်သော စာအုပ်စင်၊ စာအုပ်ဗီရိုများ၊ ရွှေသွေးဂျာနယ်၊ မိုးသောက်ပန်းကဲ့သို့သော ကျောင်းသားကျောင်းသူများ ကြိုက်နှစ်သက်သည့် သုတ၊ ရသစာအုပ်စာစောင်များ ဖြည့်ဆည်းပေးရမည်ဖြစ်ပါကြောင်း၊ စာသင်ခုံများ သန့်ရှင်းသပ်ရပ်ရေး ဆောင်ရွက်ကြရန်နှင့် ကျောင်းသားလူငယ်များ ကိုယ်တိုင် မိမိစာသင်ခုံသပ်ရပ်ရေးအတွက် တာဝန်ယူမှု အလေ့အကျင့်ကောင်းများ ပြုစုပျိုးထောင်ပေးရန်ဖြစ်ပါကြောင်း၊ စာသင်ဆောင်၊ စာသင်ခန်းများ၊ မျက်နှာကြက်များ၊ အန္တရာယ်ရှိလျှပ်စစ်ကြိုးများ၊ မီးဘုတ်ခုံများ ပြင်ဆင်မွမ်းမံထားကြရမည်ဖြစ်ပါကြောင်း၊ အန္တရာယ်ရှိ ကျောင်းဆောင်အဖြစ် သတ်မှတ်ထားသော ကျောင်းဆောင်များကို ဆက်လက်အသုံးမပြုဘဲ ဖျက်သိမ်းရမည်ဖြစ်ပါကြောင်း၊ ကျောင်းအတွက် လိုအပ်သော စာသင်ဆောင်၊ သိပ္ပံခန်းသုံး လက်တွေ့ပစ္စည်းများနှင့် ဆရာ ဆရာမ ဝန်ထမ်းအိမ်ရာများ၊ သန့်စင်ခန်းများ ဖြည့်ဆည်းပေးနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ထိရောက်မြန်ဆန်စွာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။



## ဖွင့်လှစ်ဆောင်ရွက်သွားမည်

ဆရာ ဆရာမများအနေဖြင့် အရည်အသွေးရှိသော ပညာရေးစနစ် အကောင်အထည်ဖော်နိုင်ရေးအတွက် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများကို လိုက်နာစောင့်ထိန်းကာ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများ၏ သင်ကြားရေး အရည်အသွေးမြင့်မားရေးအတွက် အရည်အသွေးမြှင့်တင်ရေး မွမ်းမံသင်တန်းများကို မတ် ၁၇ ရက်တွင် သက်ဆိုင်ရာမြို့နယ်အလိုက် ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဘီအီးဒီ ပညာရေးဘွဲ့သင်တန်းများကို သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသော ဆရာဆရာမများက နီးစပ်ရာ ပညာရေးဒီဂရီကောလိပ်များတွင် တက်ရောက်သင်ယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နေပြည်တော်ရှိ ဆရာ ဆရာမများအနေဖြင့် ဘီအီးဒီပညာရေးဘွဲ့သင်တန်းများကို နီးစပ်ရာ တောင်ငူပညာရေး ဒီဂရီကောလိပ်၊ မိတ္ထီလာပညာရေး ဒီဂရီကောလိပ်များတွင် သင်ကြားသင်ယူနိုင်ပါက ပညာသင်ယူမှုအခွင့်အလမ်း ပိုမိုတိုးတက်လာမည်ဖြစ်ပါကြောင်း၊ အခြေခံပညာကျောင်းများ ဖွင့်လှစ်နိုင်ရေးအတွက် သင်ကြားရေးနှင့် စီမံခန့်ခွဲရေး ပြင်ဆင်ဆောင်ရွက်မှုများကို သတ်မှတ်ကာလအတွင်း ထိရောက်မြန်ဆန်စွာ ပြီးစီးနိုင်ရေးအတွက် ဆက်လက်ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုပါကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကျောင်းအတွင်း ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မတ် ၁၂**

ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် COVID-19 Central Command Centre ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဦးစီးဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဘဏ္ဍာရေးဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

## ခံစားခွင့်များရရှိနိုင်ရေး

ညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် လုပ်ငန်းခွင်တွင် ရသင့်ရထိုက်သော ခံစားခွင့်များရရှိနိုင်ရေးအတွက် သက်ဆိုင်ရာ ဦးစီးဌာနများမှ ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ Allowance များ (ဥပမာ- အထူးကုပညာရှင်ကြေး၊ အချိန်ပို တာဝန်ထမ်းဆောင်ကြေးများ၊ ကွင်းဆင်းဆောင်ရွက်ရန် ခရီးစရိတ်များ) စည်းမျဉ်း၊ စည်းကမ်းနှင့်အညီ ရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ ထို့ပြင် အချို့တိုက်နယ်ဆေးရုံများတွင် ဖွဲ့စည်းပုံအရ ဆရာဝန်နှစ်ဦးခန့်ထားရမည့်အစား လက်တွေ့တွင် ဆရာဝန်တစ်ဦးတည်းက တာဝန်ယူဆောင်ရွက်နေရခြင်းအတွက် ပင်ပန်းစရိတ်(သို့မဟုတ်)တာဝန်ခံဆောင်ရွက်ရမှုအတွက် ခံစားခွင့်များရရှိနိုင်ရေး ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ သက်ဆိုင်ရာနယ်ပယ်အသီးသီးတွင် (ဥပမာ-ဓာတ်ရောင်ခြည်ဌာန၊ ကူးစက်ရောဂါဌာန ---အစရှိသဖြင့်) တာဝန်ထမ်းဆောင်နေကြသည့် ကျွမ်းကျင်ဝန်ထမ်းများအတွက် Risk Allowance များ ပေးအပ်နိုင်ရေး စီစဉ်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဝန်ထမ်းများ နာမကျန်းဖြစ်သည့်အခါတွင် အခမဲ့ ဆေးဝါးကုသနိုင်ရေး၊ ဆေးဝါးကုသမှုကုန်ကျစရိတ်များအား ပြန်လည်တောင်းခံသည့်အခါတွင် ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ထုတ်ပေးနိုင်ရန်အတွက် ဆောင်ရွက်သွားရန်နှင့် နောင်တွင် ပိုမိုကောင်းမွန်သည့် ငွေကြေးကုန်ကျမှုမရှိသော ကျန်းမာရေးစောင့်ရှောက်မှုစနစ် ပေါ်ပေါက်လာရေးအတွက် ဦးစားပေးဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးအရေးပေါ် အခြေအနေများအား အချိန်နှင့်တစ်ပြေးညီ စောင့်ရှောက်မှုပေးနိုင်ရန်အတွက် ဆေးရုံနှင့်လုပ်ငန်းခွင်အနီးဆုံးနေရာများတွင် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးရန်နှင့် စိတ်ချမ်းသာစွာ နေထိုင်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်သွားရန် လိုအပ်သည့်အပြင် အိမ်ခန်းမရရှိသော ဝန်ထမ်းများအတွက် Housing Allowance များ ပေးအပ်နိုင်ရေး စီစဉ်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ အခြေခံကျန်းမာရေးဝန်ထမ်းများအနေဖြင့် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဝေးလံခက်ခဲသည့် ဒေသများသို့ သွားရောက်သည့်အခါတွင် သွားရေးလာရေး အဆင်ပြေနိုင်ရေးအတွက် Travelling Allowance နှင့် Operational Cost များအတွက် ဘဏ္ဍာငွေလျာထားပေးရန် လိုအပ်ပါကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုများအား ဆောင်ရွက်ရာတွင် ပုဂ္ဂလိက ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍနှင့် ချိတ်ဆက်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအတွက် လိုအပ်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများ လေ့ကျင့်မွေးထုတ်ပေးနိုင်ရေးအတွက် ဆေးတက္ကသိုလ်နှင့် ဆေးဘက်ဆိုင်ရာ နှီးနွှယ်တက္ကသိုလ်များ၏ ဝင်ခွင့်အရည်အချင်း စိစစ်သတ်မှတ်မှုအား လက်ရှိအခြေအနေနှင့်အညီ ပြန်လည်စိစစ်၍ လိုအပ်ပါက ပြင်ဆင်သွားရန် လိုအပ်ပါကြောင်း ပြောကြားသည်။

## ဆောင်ရွက်ပေးလျက်ရှိ

ထို့နောက် ဒုတိယဝန်ကြီးဦးမျိုးလှိုင်က အားကစားနှင့် ကာယပညာဦးစီးဌာနလက်အောက်ရှိ တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများအားလုံး ရသင့်ရထိုက်သော ခံစားခွင့်များရရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထို့ပြင် စခန်းသွင်းလေ့ကျင့်လျက်ရှိသော အားကစားသမားများအတွက် စားသောက်စရိတ်များအား တိုးမြှင့်ပေးထားပါကြောင်းနှင့် အားကစားနည်းပြများအတွက်လည်း ထောက်ပံ့ငွေများအား နှစ်ဆတိုးမြှင့်သတ်မှတ်ပေးထားပါကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် ဦးစီးဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ/ ဒုတိယညွှန်ကြားရေးမှူးချုပ်များက ဦးစီးဌာနအလိုက် လက်ရှိဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် အကြံပြုတင်ပြချက်များအား လာမည့်ရက်သတ္တပတ်အတွင်း ပြန်လည်တင်ပြမည်ဖြစ်ကြောင်း ဆွေးနွေးတင်ပြကြသည်။

## အမြန်ပြန်လည်ဝင်ရောက်စေလို

ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ကျန်းမာရေးဝန်ထမ်းများသည် နိုင်ငံ့ဝန်ထမ်းဖြစ်သည့်အားလျော်စွာ ပြည်သူလူထုအတွက် ၂၄ နာရီ ကျန်းမာရေးစောင့်ရှောက်မှုများ ပေးအပ်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းသည် မွန်မြတ်သည့် အသက်မွေးဝမ်းကျောင်းပညာဖြစ်သည့်အပြင် ကုသိုလ်လည်းရ ဝမ်းလည်းဝသည့် လုပ်ငန်းဖြစ်သည့်အတွက် ယခုအချိန်တွင် အကြောင်းမျိုးမျိုးကြောင့် လုပ်ငန်းခွင်ပျက်ကွက်လျက်ရှိသော ကျန်းမာရေးနှင့်အားကစားဝန်ထမ်းများအနေဖြင့် လုပ်ငန်းခွင်သို့ အမြန်ပြန်လည်ဝင်ရောက်စေလိုပါကြောင်း၊ ဝန်ကြီးဌာနမှလည်း ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းနှင့်အညီ အကြောင်းကြားထားပြီးဖြစ်သဖြင့် ဝန်ထမ်းများအနေဖြင့် မိမိတို့သက်ဆိုင်ရာ လုပ်ငန်းခွင်အသီးသီးသို့ အမြန်ဆုံးပြန်လည်ဝင်ရောက်ရန်နှင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအား စည်းစည်းလုံးလုံး ချစ်ချစ်ခင်ခင်ဆောင်ရွက်သွားရန် ထပ်မံတိုက်တွန်းအပ်ပါကြောင်း၊ သက်ဆိုင်ရာဦးစီးဌာနများမှ ဌာနအကြီးအကဲများအနေဖြင့် ယနေ့အစည်းအဝေးတွင် မှာကြားခဲ့သော လုပ်ငန်းလမ်းညွှန်ချက်များအား ဦးစီးဌာနအောက်ရှိ ဝန်ထမ်းများအား အဆင့်ဆင့် ထပ်မံညွှန်ကြားသွားရန်နှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေကို အချိန်နှင့်တစ်ပြေးညီ အမြန်ဆုံးပြန်လည်တင်ပြပါရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အပြုံးပန်းတွေနဲ့ မှန်ကန်စွာ ဆက်လက်လျှောက်လှမ်း

ကိုဇော်

ရုံးနားရက် စနေနေ့မှာ စကားဝိုင်းဖွဲ့ဆုံနေကျ လက်ဖက်ရည်ဆိုင်ကို ချိန်းထားတဲ့အချိန်ထက် စောရောက်နေတာနဲ့ ဖုန်းသုံးရင်း သူငယ်ချင်းတွေကို စောင့်နေလိုက်တယ်။ ငယ်ရွယ်စဉ်ကတော့ သီချင်းကောင်းလေးတွေ ဖွင့်ပေးတဲ့၊ ညဘက် ဘောလုံးပွဲပြတဲ့ လက်ဖက်ရည်ဆိုင်ကိုသာ ရွေးချယ်ထိုင်ခဲ့ပေမယ့် ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ကတည်းက လက်ဖက်ရည်အရသာနဲ့ အစားအသောက်လက်ရာကောင်းပြီး နားအေးပါးအေး စကားဖောင်ဖွဲ့လို့ရတဲ့ဆိုင်ကိုသာ ဦးစားပေး ထိုင်ဖြစ်ခဲ့တယ်။

## လူငယ်လူရွယ်တွေအတွက် အကောင်းဆုံးနည်းလမ်း

လူဆိုတာကလည်း ဆင်းရဲ၊ ချမ်းသာမရွေး စိတ်ဖိစီးမှုဆိုတာ ရှိစမြဲပါ။ လမ်းဘေးမှာ တောင်းရမ်းစားသောက်နေရသူလည်း မရှိခြင်းကြောင့် စိတ်ဖိစီးမှု ရှိရသလို ချမ်းသာကြွယ်ဝတဲ့ သူဌေးကြီးတွေမှာလည်း စိတ်ဖိစီးမှုက ရှောင်လွှဲလို့ရတဲ့ကိစ္စ မဟုတ်။ စိတ်ဖိစီးမှုနည်းဖို့ နည်းအမျိုးမျိုးနဲ့ ကြိုးစားနေကြရာမှာ ကုန်ကျစရိတ်နည်းပြီး စကားဝိုင်းဖွဲ့ ဆွေးနွေးငြင်းခုံခြင်းက လူငယ်လူရွယ်တွေအတွက် အကောင်းဆုံးနည်းလမ်းပါပဲ။

လက်ဖက်ရည်ဆိုင်ရဲ့ နေရိပ်တဲ့ အပင်ရိပ်အောက်မှာ ဖုန်းသုံးနေတဲ့ ကျွန်တော့်ကို စားပွဲထိုးညီလေးက ‘အစ်ကို အိမ်မပြန်ဘူးလား’ လို့ မေးရင်း မှာထားတဲ့ လက်ဖက်ရည် ကျဆိမ့်ခွက်လေးကို ကျွန်တော့်အား လှမ်းအပေးမှာ ‘နေဦး မင်းက ဘာလို့အဲဒီလိုမေးတာတုံး’ လို့ပြန်ပြောလိုက်တယ်။ လက်ဖက်ရည်ခွက်ပေးပြီးပေမယ့် ပြောင်နေတဲ့ စားပွဲပေါ်ကို ထပ်ခါထပ်ခါ အဝတ်နဲ့ပွတ်ရင်း ‘အစ်ကိုနဲ့အတူဆိုင်ထိုင်နေတဲ့ ဟိုအစ်ကိုကြီးတွေက အိမ်ပြန်သွားကြလို့ မေးကြည့်တာ’လို့ ထပ်မေးပြန်တယ်။

ရေနွေးကြမ်းငှဲ့နေတုန်း ချိန်းထားတဲ့ သူငယ်ချင်းက ရောက်လာတယ်။ ‘မောင်မျိုးက လာမှာမဟုတ်ဘူး၊ ဒီကောင် အိမ်ပြန်မယ်လို့ ငါ့ကို ဖုန်းဆက်တယ်’လို့ ကျွန်တော့်ကိုပြောရင်း ‘ငါ့ကို ချိုကျတစ်ခွက်လို့’ စားပွဲထိုးလေးကို မှာလိုက်တယ်။ ကျွန်တော်ကလည်း ‘မင်းနိုင်လည်း လာမှာမဟုတ်ဘူး၊ ပြီးမှပြောပြမယ်၊ ခုနက စားပွဲထိုးလေး မေးတာကိုလည်း ငါရှင်းသွားပြီ’ လို့ ပြောတော့ ကျွန်တော့်သူငယ်ချင်းကလည်း ကျွန်တော် ပြောတာကို သဘောမပေါက်ဘဲ ‘ဘာကိုလဲ ကိုဇော်’ ဆိုပြီး ကျွန်တော့်အတွက်ယူလာတဲ့ မုန့်ထုပ်ကို လှမ်းပေးတယ်။ ‘ခုနက စားပွဲထိုးလေးက ငါ့ကို အိမ်မပြန်ဘူးလားလို့’ မေးတာကွ။ အခု မင်းပြောတော့မှ ရှင်းသွားပြီ။

မောင်မျိုးဆိုတာက ကျွန်တော်တို့ ဝန်ထမ်းစဖြစ်ကတည်းက လုပ်ငန်းခွင်အတူတူဝင်တဲ့ သူငယ်ချင်း။ မကြာမီရက်ပိုင်းက Civil Disobedience Movement (CDM) မှာ ပါဝင်သွားသူ။ မင်းနိုင်ကတော့ CDM မလုပ်ဘဲ အလုပ်မှာ ထွက်စာတင်ပြီး သူ့နယ်မြို့လေးက မိဘအိမ်ကို ပြန်သွားသူ။ အခု လက်ဖက်ရည်စကားဝိုင်းမှာတော့ သူငယ်ချင်းလေးဦး ရှိရာမှာ နှစ်ယောက်သာ ဆုံနိုင်တော့တဲ့ အနေအထား။ ‘ချိုကျရပါပြီဗျာ’ ဆိုပြီး ရယ်ကျဲကျဲနဲ့ လက်ဖက်ရည်ခွက် လာချပေးရင်း စားပွဲဝိုင်းနား ရစ်သီရစ်သီလုပ်နေတဲ့ စားပွဲထိုးလေးနဲ့ဆိုရင်တော့ စကားဝိုင်းက သုံးယောက်လို့ ပြောရမှာပဲ။

## ကိုယ့်သမိုင်း ကိုယ်ရေး

‘အေးကွာ၊ မောင်မျိုးနဲ့ မင်းနိုင်တို့ကို နှမြောမိတယ်။ တစ်ယောက်က CDM လုပ်လို့ အလုပ်ပြုတ်တယ်၊ တစ်ယောက်က မလုပ်ချင်လို့ အလုပ်ထွက်တယ်၊ ဘယ်လိုပဲဖြစ်ဖြစ် အနေအထားတစ်ခုတော့ ပျက်သွားတာပေါ့ကွာ’လို့ ကျွန်တော်က ပြောတဲ့အခါ သူငယ်ချင်းက ‘ကိုယ့်သမိုင်း ကိုယ်ရေးကြတာပဲ၊ ဘာမှ စိတ်ထဲဖြစ်မနေနဲ့၊ ဟိုကောင် CDM လုပ်တာ နိုင်ငံတွေ၊ အုပ်ချုပ်တဲ့အစိုးရတွေ ဘာဖြစ်တယ်၊ ညာဖြစ်တယ်သာ လျှောက်ပြောနေတာ။ တကယ်တမ်းကျ နိုင်ငံရေးလည်း ဂဃနဏ နကန်းတစ်လုံးမှ မသိဘဲ အွန်လိုင်းသတင်းတွေကိုယုံပြီး CDM လုပ်တာပါကွာ။ မင်းလည်း သိရဲ့သားနဲ့ CDM စလုပ်ခါစမှာ တစ်ပတ်ခွင့်ယူပြီး ဟိုယောင်ယောင် ဒီယောင်ယောင်လုပ်တယ်။ ခွင့်ယူထားတဲ့ ရက်တွေမှာ အားတဲ့အချိန်တိုင်း အွန်လိုင်းက သတင်းတွေပဲဖတ်ပြီး ညဏ်ဘယ်လောက်တိမ်သွားသလဲဆိုရင် MRTV သတင်းကို ဖြတ်ညှပ်ကတ်လုပ်တာတွေကအစ ယုံပြီး ညဘက် အိုးခွက်တွေ အသံမြည်အောင် တီးလိုက်၊ တစ်နေကုန် သပိတ်အဖွဲ့နဲ့ ဝေလေလေလုပ်လိုက်။ စကားကို ပြောလို့အဆင်မပြေတော့တာ ကိုဇော်အသိပဲလေ’ဆိုပြီး မောင်မျိုးအကြောင်းကို ပြောပြတယ်။

## အကုန် ဒုက္ခရောက်ကြ

ကျွန်တော်တို့ စကားဝိုင်းက သူငယ်ချင်းဖြစ်သူတွေအတွက် စိတ်မကောင်းခြင်း၊ အားမရခြင်းတို့ အကြောင်း ပြောဆိုရင်းနဲ့ အသံနှုန်းကလည်း မသိမသာမြင့်လာခဲ့တာကြောင့် ဘေးဘယ်ညာစားပွဲဝိုင်းတွေကလည်း ကျွန်တော်တို့ဆီ နားစွင့်နေကြတာကို သတိပြုလိုက်မိတယ်။ အနားမှာ လက်ကလေးနောက်ပစ်ရင်း နားထောင်နေတဲ့ စားပွဲထိုးလေးကို ‘မင်း ခုနက ငါ့ကို အိမ်မပြန်ဘူးလားလို့ မေးတယ်မဟုတ်လား။ ရုံးပိတ်ရက်ကျရင် ငါအိမ်ပြန်မှာပါ။ ဒါပေမဲ့ ငါ့သူငယ်ချင်းတွေလို CDM လုပ်လို့ အလုပ်ပြုတ်လို့၊ အစိုးရကို မကြိုက်လို့ အလုပ်ထွက်လို့ ပြန်တာမျိုးတော့ မဟုတ်ဘူးပေါ့ကွာ။ မိဘအိမ်ကို ဂုဏ်သိက္ခာရှိရှိ၊ အပြုံးမပျက်ဘဲ ပြန်မှာ။ ကိုဗစ်ကြောင့် အမေနဲ့ အဖေဆီ မပြန်ရတာကြာပြီလေကွာ၊ မိဘတွေကို ကန်တော့ဖို့ အိမ်ကိုပြန်မှာ၊ ဟုတ်ပြီလား’လို့ ပြန်ဖြေလိုက်တယ်။ စားပွဲထိုးလေးက ‘အစ်ကိုတို့ အလုပ်တွေမထွက်ဘဲ ဝင်ငွေရှိနေမှ ကျွန်တော်တို့ဆိုင်ကို လာမှာ။ အစ်ကိုတို့လာပြီး စားသောက်မှ ကျွန်တော်တို့ဆိုင်လည်း ရောင်းအားကောင်းမှာ။ ရောင်းအားမကောင်းလို့ ဆိုင်ပိတ်လိုက်ရင် ကျွန်တော်တို့လည်း အလုပ်ပြုတ်မယ်၊ ရွာကအမေတို့ကိုလည်း ပိုက်ဆံပြန်မပို့နိုင်ရင် အကုန် ဒုက္ခရောက်ကြမှာ’ ဆိုပြီး သူ့ညဏ်မီသလောက် ပြန်ပြောပြတယ်။

CDM လုပ်လို့ အလုပ်ပြုတ်သွားတဲ့ မောင်မျိုးဆိုတာကလည်း ‘တစ်ပတ်လောက် CDM လုပ်ပြီး ရုံးပြန်တက်တယ်။ နှစ်ပတ်လောက် ရုံးပြန်တက်ပြီး CDM ထပ်ပြန်လုပ်တယ်။ ဌာနကနေ စာထုတ်ပြီး ရုံးပြန်တက်ဖို့ခေါ်ပေမယ့်လည်း CDM ကြိုးကိုင်သူတွေရဲ့ ဖိအားကို မလွန်ဆန်နိုင်ဘဲ တရားမဝင် အဖွဲ့အစည်းတွေရဲ့ ခြိမ်းခြောက်မှုဒဏ်တွေကြောင့် လုပ်ဖော်ကိုင်ဖက်၊ ဆရာသမားတွေအပေါ် ရိုင်းပျစွာ တုံ့ပြန်တဲ့အထိ အခြေအနေဖြစ်ခဲ့ရတယ်။ နောက်ဆုံးမှာတော့ ဝန်ထမ်းဥပဒေစည်းမျဉ်းစည်းကမ်းတွေနဲ့အညီ ခုံဖွဲ့စစ်ဆေးဆုံးဖြတ်ပြီးမှသာ အရေးယူအပြစ်ပေးတဲ့ အနေနဲ့ အလုပ်ကနေထုတ်ပယ်ခြင်း ခံလိုက်ရတာပါပဲ။

## ပိုပြီးလေးစားမိ

လတ်တလော မြန်မာ့နိုင်ငံရေး ပြောင်းလဲမှုဖြစ်စဉ်မှာ အလုပ်ပြုတ်တဲ့ သူငယ်ချင်းမောင်မျိုးနဲ့ အလုပ်ထွက်သွားတဲ့ သူငယ်ချင်းမင်းနိုင်တို့ နှစ်ယောက်စလုံးအတွက် စိတ်မကောင်းဖြစ်ရပေမယ့် မင်းနိုင်ကိုတော့ အထင်ကြီးလေးစားတယ်လို့ ပြောလို့ရတယ်။ မောင်မျိုးကတော့ ကိုယ်တိုင်ဆင်ခြင်ဆုံးဖြတ်နိုင်မှု မလုပ်ဘဲ ဝေလေလေ သံယောင်တွေနောက်လိုက်ခဲ့တာကြောင့် တစ်ဖက်ကမ်းကို ရောက်သွားတဲ့ သူစိမ်းတစ်ယောက်ကဲ့သို့ ခံစားလိုက်ရတယ်။ မင်းနိုင်ကတော့ အစကတည်းက ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲရှိသူဖြစ်တာကြောင့် လက်ရှိပြောင်းလဲမှုဖြစ်စဉ်ကို လက်မခံနိုင်ဘူး၊ ဆက်ပြီး အလုပ်မလုပ်နိုင်ဘူးဆိုတဲ့ ခံယူချက်ထားပြီး သူ့ရဲ့ကိုယ်ပိုင်လွတ်လပ်ခွင့်နဲ့ ဂုဏ်သိက္ခာရှိရှိ အလုပ်ကနေ နုတ်ထွက်သွားတာကြောင့် အလုပ်ပြုတ်သွားတဲ့ဝေလေလေ CDM ဝန်ထမ်းသူငယ်ချင်း မောင်မျိုးထက် မင်းနိုင်ကို ပိုပြီးလေးစားမိတာတော့ အမှန်ပါပဲ။

**လတ်တလော မြန်မာ့နိုင်ငံရေး ပြောင်းလဲမှုဖြစ်စဉ်မှာ အလုပ်ပြုတ်တဲ့ သူငယ်ချင်း မောင်မျိုးနဲ့ အလုပ်ထွက်သွားတဲ့ သူငယ်ချင်း မင်းနိုင်တို့ နှစ်ယောက်စလုံးအတွက် စိတ်မကောင်းဖြစ်ရပေမယ့် မင်းနိုင်ကိုတော့ အထင်ကြီးလေးစားတယ်လို့ ပြောလို့ရတယ်။ မောင်မျိုးကတော့ ကိုယ်တိုင်ဆင်ခြင်ဆုံးဖြတ်နိုင်မှုမလုပ်ဘဲ ဝေလေလေသံယောင်တွေနောက်လိုက်ခဲ့တာကြောင့် တစ်ဖက်ကမ်းကို ရောက်သွားတဲ့ သူစိမ်းတစ်ယောက်ကဲ့သို့ ခံစားလိုက်ရတယ်။ မင်းနိုင်ကတော့ အစကတည်းက ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲရှိသူဖြစ်တာကြောင့် လက်ရှိပြောင်းလဲမှုဖြစ်စဉ်ကို လက်မခံနိုင်ဘူး၊ ဆက်ပြီးအလုပ်မလုပ်နိုင်ဘူးဆိုတဲ့ ခံယူချက်ထားပြီး သူ့ရဲ့ကိုယ်ပိုင်လွတ်လပ်ခွင့်နဲ့ ဂုဏ်သိက္ခာရှိရှိ အလုပ်ကနေ နုတ်ထွက်သွားတာကြောင့် အလုပ်ပြုတ်သွားတဲ့ ဝေလေလေ CDM ဝန်ထမ်းသူငယ်ချင်း မောင်မျိုးထက် မင်းနိုင်ကို ပိုပြီးလေးစားမိ။**

အလုပ်ပြုတ်သွားတဲ့သူငယ်ချင်းကော၊ အလုပ်ထွက်သွားတဲ့သူငယ်ချင်းကော သူတို့နဲ့သာ ပြန်ဆုံဖြစ်ရင် ကိုယ့်ရဲ့မိသားစုအတွက် ပိုပြီးဦးစားပေးပါ၊ ကိုယ့်အပေါ် ကောင်းတဲ့သူတွေအတွက် ကြိုးစားပြီး နေထိုင်ပေးပါ၊ နာကျင်မှုနဲ့ မအောင်မြင်မှုတွေကို ခံစားမနေပါနဲ့၊ ဖြေသိမ့်တတ်ပါစေလို့ ပြောချင်ပါသေးတယ်။ ကျွန်တော်တို့ သူငယ်ချင်းတွေအားလုံး အရောင်မပါဘဲ၊ ချစ်ခင်မှုအရင်းခံနဲ့ အမြန်ဆုံးပြန်လည်ဆုံစည်းကြရပြီး အပြုံးပန်းတွေနဲ့ မှန်ကန်တဲ့လမ်းကို ဆက်လက်လျှောက်လှမ်းရပါစေကြောင်း သောက်လက်စ လက်ဖက်ရည်ကို အဆုံးသတ်ပြီး စနေလက်ဖက်ရည်စကားဝိုင်းမှ စိတ်ရင်းမှန်၊ ယုံကြည်ခြင်းများနဲ့ ဆန္ဒပြုဆုတောင်းလိုက်ရပါတယ်။ ။

# ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး ပြည်သူ့အငှားအိမ်ရာ တည်ဆောက်ရေးစီမံကိန်း ဦးစီးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်



**နေပြည်တော် မတ် ၁၂**

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကာလ စီးပွားရေးကုစားမှု အစီအစဉ်အရ ဆောက်လုပ်ရေးကဏ္ဍမှတစ်ဆင့် ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးနှင့် ဝင်ငွေနည်း ပြည်သူများ၏ နေထိုင်ရေးအဆင်ပြေစေရန် ရည်ရွယ်၍ "ပြည်သူ့အငှားအိမ်ရာ အခန်း ၁၀၀၀၀ တည်ဆောက်ရေးစီမံကိန်း"ဦးစီးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော် ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ ကိုဗစ်-၁၉ ကာကွယ်ရေးညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။

**တက်ရောက်**

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်သူ့အငှားအိမ်ရာတည်ဆောက်ရေးစီမံကိန်း ဦးစီးကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး၊ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးမင်းထိန်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး မင်းနောင်၊ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်မှူးကြီးဝင်းတင့်နှင့် မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးမျိုးအောင်၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆောက်လုပ်ရေး လုပ်ငန်းရှင်များအသင်းချုပ် (MCEF)၊ မြန်မာနိုင်ငံ လိုင်စင်ရကန်ထရိုက်တာများအသင်းချုပ်(MLAC)နှင့် မြန်မာမြို့ပြနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းရှင်များအသင်းချုပ် (MDA)တို့မှ တာဝန်ရှိသူများသည် Virtual Meeting ဖြင့် တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်သူ့အငှားအိမ်ရာတည်ဆောက်ရေးစီမံကိန်းဦးစီးကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးက "ပြည်သူ့အငှားအိမ်ရာ အခန်း ၁၀၀၀၀ တည်ဆောက်ရေးစီမံကိန်း"ကို ဆောင်ရွက်ရန် ၂၀၂၀ ပြည့်နှစ် ဇူလိုင်လတွင် ဝန်ကြီးဌာနမှ စတင်အဆိုပြုဆွေးနွေးပြီး ၂၀၂၀ ပြည့်နှစ် ဩဂုတ်လတွင် စီမံကိန်းဆောင်ရွက်ရန် အတည်ပြုချက်ရရှိပါကြောင်း၊ ပြည်သူများ နေထိုင်ရေးအဆင်ပြေစေရန် အိမ်ရာလိုအပ်ချက်များပြီး အိမ်ငှားခစျေးနှုန်း ကြီးမြင့်သည့်အတွက် နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူ့အငှားအိမ်ရာစီမံကိန်းကို ပုဂ္ဂလိကလုပ်ငန်းရှင်အသင်းအဖွဲ့များက ပထမငွေကြေးအရင်းအနှီးစိုက်၍ တည်ဆောက်ပြီး နိုင်ငံတော်အစိုးရအနေဖြင့် နှစ်စဉ်ရရှိ ဘဏ္ဍာရန်ပုံငွေတစ်ရပ်ရပ်မှ ပြန်လည်ပေးချေသည့်စနစ်ဖြင့် အကောင်အထည်ဖော်ရန် စီမံဆောင်ရွက်ခြင်းဖြစ်ပါကြောင်း။

စီမံကိန်းတည်ဆောက်ရေး လုပ်ငန်းများကို အချိန်တိုအတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ရန် ဒေသအလိုက် လုပ်ငန်းလိုအပ်ချက်များ ညှိနှိုင်းဖြေရှင်းပေးခြင်း၊ အခြေခံအဆောက်အအုံလိုအပ်ချက်၊ ဘဏ္ဍာငွေပံ့ပိုးပေးရေး၊ လုပ်ငန်းများ အရည်အသွေး စံချိန်စံညွှန်းနှင့်အညီ ပြီးစီးနိုင်ရေးအတွက် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးတို့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ယခုစီမံကိန်းကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရန် ခွင့်ပြုပေးထားပြီး ဖေဖော်ဝါရီ ၂၅ ရက်စွဲဖြင့် "ပြည်သူ့အငှားအိမ်ရာ တည်ဆောက်ရေးစီမံကိန်း ဦးစီးကော်မတီ"ကို အသစ်ပြန်လည်ဖွဲ့စည်းထားပြီး ဖြစ်ပါကြောင်း။

**အခန်း ၁၀၀၀၀ စီမံကိန်း**

ဆောက်လုပ်ရေး ဝန်ကြီးဌာနအနေဖြင့် ဦးစီးကော်မတီအဖွဲ့ဝင်အသစ်များအား စီမံကိန်းဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြရန်နှင့် အခန်း ၁၀၀၀၀ စီမံကိန်းကို တစ်ပြိုင်တည်းဆောင်ရွက်ရန် လျာထားခဲ့သော်လည်း ယခုအခါ ပထမအဆင့် Phase(1)အဖြစ် အခန်း ၅၀၀၈ ခန်းကို ပြီးစီးအောင် ဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ Phase(2)အဖြစ် ကျန်ရှိသည့် အခန်း ၄၉၉၂ ခန်းကို ဆက်လက်အကောင်အထည်ဖော်သွားရန်၊ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်များနှင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ထားမှုတို့ကို သိရှိရန် ပုဂ္ဂလိကလုပ်ငန်းရှင်အသင်းအဖွဲ့များက တာဝန်ရှိသူများနှင့် ယနေ့အစည်းအဝေးကို ပြုလုပ်ရခြင်းဖြစ်ပါကြောင်း။

စီမံကိန်းအတွက် ထပ်မံလိုအပ်သည့် ဘဏ္ဍာငွေများကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် ထည့်သွင်းလျာထားဆောင်ရွက်ပေးရန် စီစဉ်လျက်ရှိပြီး နေပြည်တော်ကောင်စီ၊ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ၊ မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီတို့မှလည်း အခြေခံအဆောက်အအုံများ (ရေ / မီး / လမ်း)တို့အတွက် ရန်ပုံငွေလိုအပ်ချက်၊ လုပ်ငန်းလိုအပ်ချက်များကို ကူညီပံ့ပိုးဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ စီမံကိန်း၏မူလရည်မှန်းချက်ဖြစ်သည့် ဆောက်လုပ်ရေးကဏ္ဍမှတစ်ဆင့် အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးရေးနှင့် ငွေကြေးစီးဆင်းလည်ပတ်မှုကို အထောက်အကူဖြစ်စေရေးကိုဦးတည်၍ စီမံကိန်းလိုအပ်ချက်များအပေါ် ပွင့်ပွင့်လင်းလင်း ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် အတွင်းရေးမှူး ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းထိန်က နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် တည်ဆောက်နေသည့် ပြည်သူ့အငှားအိမ်ရာ စီမံကိန်းလုပ်ငန်းများဆောင်ရွက်ထားရှိမှု၊ ရှေ့ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ Power Point ဖြင့် အသေးစိတ်ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ်(MCEF)၊ မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်တာများအသင်းချုပ် (MLCA)နှင့် မြန်မာမြို့ပြနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းရှင်များအသင်းချုပ်တို့မှ တာဝန်ရှိသူများက ပြည်သူ့အငှားအိမ်ရာ အခန်း ၁၀၀၀၀ တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ လုပ်ငန်းပိုင်းနှင့် ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် အသီးသီး ရှင်းလင်းတင်ပြကြသည်။

**ဆွေးနွေးတင်ပြ**

ယင်းနောက် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲရေးဆိုင်ရာ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများ (၂၀၁၇)နှင့်အညီ စနစ်တကျလိုက်နာဆောင်ရွက်ရေး၊ လုပ်ငန်းပိုင်းဆိုင်ရာ အသေးစိတ်သိရှိလိုသည်များ မေးမြန်းဆွေးနွေးခြင်း၊ အတည်ပြုရန်အချက်များနှင့် ဆုံးဖြတ်ရန် အချက်များချမှတ်ခြင်းများနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေး တင်ပြသည်။

ထို့နောက်အစည်းအဝေးသို့ တက်ရောက်လာသူများက ပြည်သူ့အငှားအိမ်ရာ တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းအကြံပြု ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်များနှင့်အညီ ဦးစီးကော်မတီအသစ်ဖွဲ့စည်းပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်နိုင်ရန် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ပြည်သူ့အငှားအိမ်ရာစီမံကိန်း အခန်း ၁၀၀၀၀ ဆောက်လုပ်မည့် စီမံကိန်းကို နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်တွင် အိမ်ရာအခန်းပေါင်း ၇၀၄ ခန်း၊ အဆောက်အအုံ ၄၄ လုံး၊ ရန်ကုန်မြို့ ဒဂုံတောင်မြို့နယ်တွင် အိမ်ရာအခန်းပေါင်း ၆၂၈၈ ခန်း၊ အဆောက်အအုံ ၃၉၃ လုံးနှင့် မန္တလေးမြို့ ပုသိမ်ကြီးမြို့နယ်တွင် အိမ်ရာအခန်းပေါင်း ၃၀၀၈ ခန်း၊ အဆောက်အအုံ ၁၈၈ လုံးကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး ပထမအဆင့် အိမ်ခန်း ၅၀၀၈ ခန်းကို ၂၀၂၁ ခုနှစ် စက်တင်ဘာလအတွင်း ပြီးစီးအောင် ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

☆ **ရှေ့ဖုံးမှ**

ထို့ပြင် နိုင်ငံတစ်ဝန်းရှိ အစ္စလာမ်ဘာသာရေးကျောင်းများ၊ ခရစ်ယာန်ဘာသာရေးကျောင်းများနှင့် ဟိန္ဒူဘာသာရေးကျောင်းများကိုလည်း သက်ဆိုင်ရာဘာသာများအလိုက် အများပြည်သူဝတ်ပြုကြည်ညိုနိုင်ရေးအတွက် ကိုဗစ်-၁၉ စည်းမျဉ်း စည်းကမ်းများနှင့်အညီ ဖွင့်လှစ်ထားရှိရာ သက်ဆိုင်ရာဘာသာဝင်များက စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❂ **ဆေးကုသရန်အခက်အခဲမှ**

ဒေသခံပြည်သူများကို လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ဆေးရုံများ၌ တပ်မတော်ဆေးကုသရေးအဖွဲ့များက ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ယနေ့တွင် ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆက်လက်ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန် လိုအပ်သော လူနာများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်အသီးသီးရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ဒေသခံပြည်သူများအား ဆေးကုသပေးထားမှုအခြေအနေများ၊ ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထိုသို့ ကျန်းမာရေးစောင့်ရှောက်ပေးမှုအပေါ် ဒေသခံပြည်သူများအနေဖြင့် အထူးပင် ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## လားရှိုးမြို့နယ်၌ ကျောက်ခင်းလမ်းပိုင်းများအား ကတ္တရာထပ်ပိုးလွှာခင်းခြင်းဆောင်ရွက်



**လားရှိုး မတ် ၁၂**

နယ်စပ်ရေးရာဝန်ကြီးဌာနသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်အတွင်း လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးနှင့် နယ်စပ်ဒေသရှိ ကျေးရွာနေပြည်သူများ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်စေရေးအတွက် ယခင်ကျောက်ခင်းလမ်းပိုင်းများကို ကတ္တရာထပ်ပိုးလွှာအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများအနက်မှ လားရှိုးမြို့နယ် မန်းကောင်း(မိုင်းယန်း)-ဟိုခို(ဂျာယန်)လမ်းပိုင်းနှင့် ပုန်းထွန်-ဟန်နားရွာချင်းဆက်လမ်းပိုင်း(၃/၀)မိုင်အား ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၃၀၆ ဒသမ ၅၀၀ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အဆိုပါလုပ်ငန်းခွင်သို့ ရှမ်းပြည်နယ်(မြောက်ပိုင်း) ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စွာဝင်းနှင့် တာဝန်ရှိသူများက သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ငွေကြယ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြု တစ်လတာ

အိုးစည်ဗုံမောင်းတို့ အချက်ကျကျ၊ အချိုးညီညီပေါင်းစပ်ထားတဲ့ မြန်မာနိုင်ငံသားတိုင်း ကြားဖူးနေကျ ရွှေအိုးစည်တေးသွားက ကမ်းစပ်မှာ ပျံ့လွင့်နေပါတယ်။ တရွေ့ရွေ့နဲ့ ကမ်းကို နီးကပ်လာတဲ့ သင်္ဘောကြီးသုံးစင်းကို မြင်တွေ့နေရပါတယ်။ သင်္ဘောကုန်းပတ်ပေါ်မှာတော့ အမိမြေကို ခြေချခွင့်ရကြသူတွေ စိတ်လှုပ်ရှားနေကြပါတယ်။ ကမ်းစပ်မှာလည်း ပြည်တော်ပြန်တွေအပြင် သွားရောက်ခေါ်ဆောင်၊ စောင့်ရှောက်ကူညီပေးကြတဲ့ တပ်မတော်သားတွေကို ပေးအပ်မယ့် အောင်ပွဲခံသပြေနုတွေနဲ့ အိုးစည်ဗုံမောင်းတွေနဲ့ ပြည်သူတွေက ကြိုဆိုနေကြပါပြီ။

ဖေဖော်ဝါရီလ ၂၇ ရက်နေ့ မွန်းလွဲပိုင်းက မလေးရှားနိုင်ငံမှာ ရောက်ရှိနေပြီး နေရပ်ပြန်ဖို့ အခက်အခဲတွေ့နေကြတဲ့ မြန်မာနိုင်ငံသား တစ်ထောင်ကျော်တို့ဟာ တပ်မတော်စစ်ရေယာဉ် (မုတ္တမ)၊ ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်)နဲ့ စစ်ရေယာဉ်(ဆင်ဖြူရှင်)တို့ကို စီးနင်းရင်းပြန်လည်ရောက်ရှိလာခဲ့တဲ့ မြင်ကွင်းတစ်ခုပဲဖြစ်ပါတယ်။



နိုင်ငံခြားရေးရာ မူဝါဒကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဖေဖော်ဝါရီ ၁၈ ရက်က ကျင်းပသည့် နိုင်ငံခြားရေးရာ မူဝါဒကော်မတီ၏ (၁/၂၀၂၁)ကြိမ်မြောက် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေတဲ့ကာလအတွင်းမှာ နိုင်ငံရပ်ခြားမှာ ကာလကြာရှည်စွာပိတ်မိ၊ ဒုက္ခခံနေရတဲ့ မြန်မာနိုင်ငံသားတွေအနေနဲ့ မိမိတို့ မြန်မာနိုင်ငံသို့ ပြန်လာသင့်တဲ့အကြောင်း၊ ပြည်ပရောက်မြန်မာနိုင်ငံသားတွေကို အမြန်ဆုံး ခေါ်ဆောင်နိုင်ရေး စီမံဆောင်ရွက်သွားရမှာ ဖြစ်တယ်ဆိုတဲ့ လမ်းညွှန်မှာကြားချက်အတိုင်း ဆောင်ရွက်ခဲ့ခြင်းရဲ့ အောင်မြင်မှုတစ်ရပ်ဆိုရင်လည်း မမှားပါဘူး။ မလေးရှားနိုင်ငံမှာ ရောက်ရှိနေတဲ့ မြန်မာနိုင်ငံသား၁၀၈၆ဦးတို့တပ်မတော်ရေယာဉ်တွေနဲ့ မလေးရှားနိုင်ငံ လူမွတ်ရေတပ်ဆိပ်ကမ်းကနေ ရန်ကုန်မြို့ အမှတ်(၃) ရေတပ်ဆိပ်ကမ်းဆီကို ပြန်လည်ခေါ်ဆောင်ပေးခဲ့တာ ဖြစ်ပါတယ်။ လမ်းခရီးစဉ်တစ်လျှောက်မှာလည်း လုံခြုံရေး၊ စားသောက်နေထိုင်ရေးနဲ့ ကျန်းမာရေး စောင့်ရှောက်မှုတို့ အပြည့်အဝတာဝန်ယူပေးခဲ့တဲ့အတွက် ပြည်ပရောက်မြန်မာများအတွက် အားတက်ဖွယ် မျှော်လင့်ချက်လို့ဆိုရမှာ ဖြစ်ပါတယ်။

ယခုဆိုရင် **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ သက်တမ်းဟာ တစ်လတာပြည့်မြောက်ခဲ့ပြီ** ဖြစ်ပါတယ်။ တစ်လတာအတွင်းမှာ အထက်မှာဖော်ပြခဲ့တဲ့ ပြည်ပမှာ အခက်အခဲကြုံနေရပြီး ပြည်တော်ပြန်ခွင့်မရခဲ့တဲ့ မြန်မာနိုင်ငံသားတွေကို အခက်အခဲအမျိုးမျိုး ကြားကနေ အောင်အောင်မြင်မြင်နဲ့ ခေါ်ယူနိုင်ခဲ့တာအပြင် များပြားလှတဲ့ နိုင်ငံတော်အတွက် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး လိုအပ်ချက်များ၊ ပြည်သူများရဲ့ အခက်အခဲများစွာကို ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒီနေရာမှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဖြတ်သန်းမှု တစ်လတာအတွင်း ဆောင်ရွက်ချက်တွေ၊ ကြိုးပမ်းမှုတွေနဲ့ ပြည်သူ့အတွက် လုပ်ငန်းဖော်ဆောင်မှုတွေကို တင်ပြပေးသွားမှာ ဖြစ်ပါတယ်။

**ယခုဆိုရင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ သက်တမ်းဟာ တစ်လတာပြည့်မြောက်ခဲ့ပြီဖြစ်ပါတယ်။ တစ်လတာအတွင်းမှာ အထက်မှာဖော်ပြခဲ့တဲ့ ပြည်ပမှာ အခက်အခဲကြုံနေရပြီး ပြည်တော်ပြန်ခွင့်မရခဲ့တဲ့ မြန်မာနိုင်ငံသားတွေကို အခက်အခဲအမျိုးမျိုးကြားကနေ အောင်အောင်မြင်မြင်နဲ့ ခေါ်ယူနိုင်ခဲ့တာအပြင် များပြားလှတဲ့ နိုင်ငံတော်အတွက် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး လိုအပ်ချက်များ၊ ပြည်သူများရဲ့အခက်အခဲများစွာကို ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။**

**နိုင်ငံတော်ယာယီသမ္မတ ဦးမြင့်ဆွေက ဖေဖော်ဝါရီလ ၁ ရက် နေ့စွဲနဲ့ အမိန့်တစ်ရပ်ကို ထုတ်ပြန်ခဲ့ပါတယ်။ အဲဒီအမိန့်ဟာ နိုင်ငံတော်သမ္မတရုံးက ဥပဒေကဲ့သို့ အာဏာတည်တဲ့ အမိန့်တစ်ရပ်ဖြစ်ပြီး အပြည့်အစုံကတော့** – (၁) ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ(၈)ရက်နေ့တွင် ပြုလုပ်ခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အခြေခံအသုံးပြုခဲ့သော မဲစာရင်းများမှာ ကြီးမားစွာကွာခြားမှုများရှိနေသဖြင့် ဖြေရှင်းဆောင်ရွက်ပေးရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပျက်ကွက်ခဲ့ပါသည်။ (၂) နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် ပြည်သူ့ထံမှ ဆင်းသက်ရမည်ဖြစ်သော်လည်း ကျင်းပပြုလုပ်ခဲ့သည့်ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဆိုးရွားစွာ လွဲမှားနေသည့် မဲစာရင်းများဖြစ်ခဲ့သဖြင့် ဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ပြည်သူ့ထံမှ အချုပ်အခြာအာဏာဆင်းသက်ရမည်ဆိုသည့် အချက်နှင့် ဆန့်ကျင်နေပါသည်။ (၃)မဲစာရင်းပြဿနာများကိုဖြေရှင်းရန် ငြင်းပယ်ခြင်း၊ အရေးယူဆောင်ရွက်မှုမပြုခြင်း၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် အစည်းအဝေးများကို ရွှေ့ဆိုင်းပေးရန် တောင်းဆိုမှုအပေါ် ရွှေ့ဆိုင်းပေးခြင်းမရှိသည့်အပြင် ပြည်သူ့လွှတ်တော်အစည်းအဝေးအစီအစဉ်များ ထုတ်ပြန်ကာ အစီအစဉ်အတိုင်း ဆက်လက်လုပ်ဆောင်ရန် ဆောင်ရွက်ခြင်းတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ခုနှစ်) ပုဒ်မ ၄၁၇ ပါ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို အဓမ္မနည်းဖြင့် ရယူရန်ဆောင်ရွက်နေခြင်းဖြစ်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေပါသည်။ ၎င်းကဲ့သို့ ဆောင်ရွက်မှုများကြောင့် မြန်မာနိုင်ငံ၏ မြို့/ဒေသအသီးသီးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို မယုံကြည်သဖြင့် ဆန္ဒပြမှုများ များစွာဖြစ်ပေါ်လျက်ရှိပြီး အခြားပါတီအဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များကလည်း ထောက်ခံပွဲအလံလွှင့်ထူခြင်းများအပါအဝင် လှုံ့ဆော်မှုမျိုးစုံ ပြုလုပ်နေကြောင်း တွေ့ရသဖြင့် နိုင်ငံတော်တည်ငြိမ်မှုကို များစွာထိခိုက်စေလျက်ရှိသည်။ (၄) အဆိုပါပြဿနာများကို မှန်ကန်စွာ ဖြေရှင်းခြင်းမပြုပါက နိုင်ငံတော်၏ ဒီမိုကရေစီ လျှောက်လှမ်းမှုတွင် အခက်အခဲများ ဖြစ်ပေါ်လာစေမည်ဖြစ်၍ ဥပဒေနှင့်အညီ ဖြေရှင်းရန် လိုအပ်ပါသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၇ အရ နိုင်ငံတော်အား အရေးပေါ် အခြေအနေ ကြေညာလိုက်သည်။ (၅)မဲစာရင်းများ စစ်ဆေးအတည်ပြုခြင်းအပါအဝင် လိုအပ်သည့် အရေးယူဆောင်ရွက်မှုများ ပြုလုပ်နိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၄၁၈ ပုဒ်မခွဲ(က)အရ နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အာဏာတို့အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ လွှဲအပ်တာဝန်ပေးလိုက်သည်။ (၆)အရေးပေါ်အခြေအနေ အကျိုးသက်ရောက်သည့် နယ်မြေသည် နိုင်ငံတစ်ဝှမ်း

**စာမျက်နှာ ၉ သို့** ☆




မလေးရှားနိုင်ငံတွင် ရောက်ရှိနေသော မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်လာသည့် တပ်မတော်မှစစ်ရေယာဉ်များ ရန်ကုန်မြို့ အမှတ်(၃) ရေတပ်ဆိပ်ကမ်းသို့ ဖေဖော်ဝါရီ ၂၇ ရက်က ပြန်လည်ရောက်ရှိစဉ်။

☆ စာမျက်နှာ ၈ မှ

ဖြစ်ကြောင်းနှင့် အရေးပေါ်အခြေအနေအား ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၇ အရ ဤအမိန့်ထုတ်ပြန်သည့်နေ့မှစ၍ တစ်နှစ်သတ်မှတ်လိုက်သည်ဟူ၍ ဖော်ပြပါရှိပါတယ်။

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးကလည်း ကြေညာချက်အမှတ် (၁/၂၀၂၁)ကို ယင်းနေ့မှာပင် စတင်ထုတ်ပြန်ခဲ့ပါတယ်။ အဲဒီကြေညာချက်မှာပါရှိတဲ့ ရှေ့ဆက်သွားမယ့် ဆောင်ရွက်ချက်ငါးချက်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ရှေ့လုပ်ငန်းစဉ် Road Map လမ်းပြမြေပုံပဲဖြစ်ပါတယ်။ အဲဒီကြေညာချက်အတွင်းမှာ** - (၁) ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ပြုလုပ်ခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အခြေခံအသုံးပြုခဲ့သော မဲစာရင်းများမှာ ကြီးမားစွာ ကွာခြားမှုများရှိနေသဖြင့် ဖြေရှင်းဆောင်ရွက်ပေးရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပျက်ကွက်ခဲ့ပါသည်။ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေးအား ခေါ်ယူ၍ ဖြေရှင်းပေးရန် တောင်းဆိုခဲ့သော်လည်း ဆောင်ရွက်ရန် ဆက်လက်ပျက်ကွက်ခဲ့သည်။ နိုင်ငံတော်သမ္မတအား အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး ခေါ်ယူဖြေရှင်းပေးရန် နှစ်ကြိမ်တင်ပြခဲ့သော်လည်း ငြင်းပယ်ခဲ့ပါသည်။ (၂) ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်။ (၃) လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။ (၄) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။ (၅) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။ (၆)အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီ စံချိန်စံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်ဟူ၍ ဖော်ပြပါရှိပါတယ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဘရူနိုင်း ဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Major General Dato Seri Pahlawan Haji Hamzah bin Haji Sahat နှင့် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ဖေဖော်ဝါရီ ၁၈ ရက်က တွေ့ဆုံဆွေးနွေးစဉ်။

**ဖေဖော်ဝါရီလ ၁ ရက်နေ့မှာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို လေးစားလိုက်နာလျက် နိုင်ငံတော်ရဲ့ တာဝန်အရပ်ရပ်အား ယာယီသမ္မတထံက လွှဲပြောင်းတာဝန်ပေးထားတဲ့ ယနေ့မှစ၍ ဆောင်ရွက်မှာဖြစ်တဲ့အကြောင်း၊ နိုင်ငံတော်တာဝန်ဆောင်ရွက်ခြင်းအား ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျော်လွန်ခြင်းမရှိသော တည်ဆဲဥပဒေများအတိုင်း လိုက်နာဆောင်ရွက်သွားမယ်ဆိုတာကို အတိအလင်း ပြောကြားခဲ့ပါတယ်။**

ဖေဖော်ဝါရီလ ၂ ရက်နေ့မှာတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီကို တပ်မတော် တာဝန်ရှိသူများနဲ့အတူ နိုင်ငံတော်နဲ့ နိုင်ငံသားတွေရဲ့ အကျိုးစီးပွားကို တပ်မတော်နှင့်အတူ ထမ်းရွက်ကြမယ့် အရပ်သားပုဂ္ဂိုလ်များ ပါဝင်လျက် ဖွဲ့စည်းနိုင်ခဲ့ပါတယ်။ ထို့အတူ ထိုနေ့ရက်တွေမှာပဲ အစိုးရအဖွဲ့၏ အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးပိုင်းဆိုင်ရာများ ဆောင်ရွက်နိုင်ဖို့အတွက် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများကို တိုင်းပြည်အတွက် အမှန်တကယ် ဆောင်ရွက်ပေးနိုင်မယ့် အတွေ့အကြုံရင့်ကျက်ပြီး အရည်အချင်းရှိတဲ့ ပုဂ္ဂိုလ်များကို စတင်ရွေးချယ်ခန့်အပ်ခဲ့ပါတယ်။ ထို့နောက်မှာတော့ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ် အစရှိသည့် စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အပါအဝင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့များနဲ့ နိုင်ငံတော်အတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးမယ့် ဌာနဆိုင်ရာအကြီးအကဲများကိုလည်း ခန့်အပ်ခဲ့ပြီး တာဝန်များ အပ်နှင်းခဲ့ပါတယ်။

ထို့အတူ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထိထိရောက်ရောက် ဆောင်ရွက်နိုင်စေဖို့ တပ်မတော်၏ ငြိမ်းချမ်းရေးဆွေးနွေးမှုကော်မတီကိုလည်း အဖွဲ့ဝင် ခုနစ်ဦးတို့ဖြင့် ပြန်လည်ဖြည့်စွက်ဖွဲ့စည်းပေးနိုင်ခဲ့ပါတယ်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ အားလုံးအတွက် ဦးတည်ချက် ၉ ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိနေတာကို မြင်တွေ့ရမှာဖြစ်ပါတယ်။ ယင်းဦးတည်ချက်တွေမှာ နိုင်ငံရေးဦးတည်ချက် သုံးရပ်၊ စီးပွားရေး ဦးတည်ချက်သုံးရပ်နဲ့ လူမှုရေးဦးတည်ချက် သုံးရပ်တို့ပါရှိပါတယ်။**

**နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေး ရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

**စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင် ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

**လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး စတဲ့ ဦးတည်ချက်တွေ ထားရှိဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။

စာမျက်နှာ ၁၀ သို့ ☆



မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံတွင် တက်ရောက်ကုသလျက်ရှိသော ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးစဉ်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများအားလုံးအတွက် ဦးတည်ချက် ၉ ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိနေတာကို မြင်တွေ့ရမှာ ဖြစ်ပါတယ်။ ယင်းဦးတည်ချက်တွေမှာ နိုင်ငံရေးဦးတည်ချက် သုံးရပ်၊ စီးပွားရေး ဦးတည်ချက် သုံးရပ်နဲ့ လူမှုရေးဦးတည်ချက် သုံးရပ်တို့ပါရှိပါတယ်။**

☆ စာမျက်နှာ ၉ မှ

## နိုင်ငံရေးဦးတည်ချက်များနှင့် ပတ်သက်၍ ဆောင်ရွက်မှုများ

ဖေဖော်ဝါရီလ ၈ ရက်နေ့မှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိုင်ငံတော်၏အခြေအနေအရပ်ရပ်အား ပြည်သူလူထုကို မိန့်ခွန်းတစ်ရပ် ပြောကြားခဲ့ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက ပြည်သူကို ပြောကြားတဲ့မိန့်ခွန်းမှာ **“ကျွန်တော်တို့အနေနဲ့ နိုင်ငံတော်ကို ခေတ္တထိန်းသိမ်းပေးထားတဲ့ ကာလအတွင်းမှာ နိုင်ငံခြားရေးမူဝါဒ၊ အုပ်ချုပ်ရေးနဲ့ပတ်သက်တဲ့ မူဝါဒ၊ စီးပွားရေးနဲ့ ပတ်သက်တဲ့ မူဝါဒများ လုံးဝပြောင်းလဲသွားမှာ မဟုတ်ပါဘူး။ လက်ရှိသွားနေတဲ့ နိုင်ငံရေးလမ်းစဉ်အတိုင်း ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံခြားရေးမူဝါဒနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အတိုင်း မပြောင်းလဲဘဲ ဆက်လက်တည်ရှိပါမယ်။ ကမ္ဘာ့နိုင်ငံတိုင်းနဲ့ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကို ရှေးရှုသွားမှာ ဖြစ်ပါတယ်”**ဟု အလေးအနက် ထည့်သွင်းပြောကြားထားခဲ့ပါတယ်။

တိုင်းပြည် တည်ငြိမ်အေးချမ်းခြင်းနှင့် တရားဥပဒေစိုးမိုးခြင်း၊ ပြည်သူများ အေးချမ်းစွာနေထိုင်ခြင်းကို ပျက်စီးစေမည့်လုပ်ရပ်များ မဖြစ်ပွားစေရေးအတွက် နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့် မြို့နယ်များတွင် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၁၄၄ အရ အမိန့်တစ်ရပ်ကို ဖေဖော်ဝါရီလ ၈ ရက်တွင် စတင်ထုတ်ပြန်ခဲ့ပြီး ပြည်သူများ ငြိမ်းချမ်းစွာနေထိုင်နိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိပါတယ်။

ထို့အပြင် ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှာ ကျရောက်တဲ့ ပြည်ထောင်စုနေ့ အခမ်းအနားမှာလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ က သဝဏ်လွှာပေးပို့ကာ တိုင်းရင်းသားပြည်သူများအားလုံး လက်တွဲညီညွတ်စွာဖြင့် ပြည်ထောင်စုကြီး မပြိုကွဲစေရန်နှင့် ကပ်ရောဂါကာလအတွင်းဖြစ်စေကာမူ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ ထိခိုက်နစ်နာမှု လျော့ပါးစေရန်၊



ဖေဖော်ဝါရီ ၂၄ ရက်က ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာ (ငြိမ်း)နှင့် တွေ့ဆုံစဉ်။

ကပ်ရောဂါအလွန်ကာလများတွင်လည်း တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ အလျင်အမြန် ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အတူတကွဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

ဖေဖော်ဝါရီလ ၁၁ ရက်နေ့မှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိုင်ငံတော်၏ အခြေအနေအရပ်ရပ်ကို ပြည်သူလူထုထံ မိန့်ခွန်းတစ်ရပ်ပြောကြားခဲ့ပါတယ်။ အဲဒီမိန့်ခွန်းထဲမှာ ပြည်သူလူထုအပေါ် စေတနာထားကာ နိုင်ငံနှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားအတွက် လုပ်ကိုင်ပေးလျက်ရှိတဲ့ နိုင်ငံ့ဝန်ထမ်းများ စိတ်အေးချမ်းသာစွာ အလုပ်လုပ်ကိုင်နိုင်ရန်အတွက် အစီအမံများကို ထည့်သွင်းပြောကြားခဲ့ပါတယ်။

ယခုနှစ် ပြည်ထောင်စုနေ့၌ နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်နေချိန်တွင် ပြစ်ဒဏ်ကျ အကျဉ်းသား၊ အကျဉ်းသူများမှလည်း တစ်ဖက်တစ်လမ်းမှ အကျိုးပြုစေမည့် နိုင်ငံသားများအဖြစ်သို့ ပြောင်းလဲပေးရန်အတွက်လည်းကောင်း၊ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံရေးကို ရှေးရှုသောအားဖြင့်လည်းကောင်း၊ ပြည်သူလူထုနှလုံး စိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်း စာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးတွင် အကျဉ်းကျခံနေကြသော အကျဉ်းသား အကျဉ်းသူ ၂၃၃၁၄ ဦးနှင့် နိုင်ငံခြားသား အကျဉ်းသား အကျဉ်းသူ ၅၅ ဦးတို့ကို ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်ပြုပေးခဲ့ပါတယ်။

**နိုင်ငံတကာနှင့် ဆက်ဆံရေး**

မြန်မာနိုင်ငံမှာ လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေများနဲ့ စပ်လျဉ်းသည့် အကြောင်းအရာများနှင့် ရှေ့ဆက်လျှောက်လှမ်းမည့် လုပ်ငန်းစဉ်များ၊ နိုင်ငံခြားရေးမူဝါဒများကိုလည်း ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်ဖြစ်သူအားလည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်တို့က မြန်မာနိုင်ငံအခြေစိုက် ပြည်ပသံရုံးများမှ သံအမတ်ကြီးများ၊ သံတမန်များနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ အကြီးအကဲများအားလည်းကောင်း ဗီဒီယိုကွန်ဖရင့်ဖြင့် ရှင်းလင်းဆွေးနွေးပေးခဲ့ပါတယ်။ ထို့အတူ ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ဘရူနိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ဗီဒီယိုကွန်ဖရင့်ဖြင့် နှစ်နိုင်ငံတပ်မတော်တို့ ကိုဗစ်အလွန်ကာလများတွင် သင်တန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါတယ်။

ဖေဖော်ဝါရီလ ၁၂ ရက်နေ့က ဆွစ်ဇာလန်နိုင်ငံ ဂျနီဗာမြို့မှာ ကျင်းပခဲ့တဲ့ လူ့အခွင့်အရေးကောင်စီရဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးအစည်းအဝေးမှာလည်း မြန်မာအမြဲတမ်း ကိုယ်စားလှယ် သံအမတ်ကြီး ဦးမြင့်သူက မြန်မာနိုင်ငံ၌ လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေများကို ရှင်းလင်းပြောကြားခဲ့ပါတယ်။ အစည်းအဝေးတွင် ဗြိတိန်နှင့် အီးယူတို့မှ ဦးဆောင်၍ မြန်မာနိုင်ငံ၏ လတ်တလော အခြေအနေဆိုင်ရာ အဆိုမူကြမ်းတစ်ရပ် တင်သွင်းခဲ့ရာ မြန်မာနိုင်ငံအနေဖြင့် ဆုံးဖြတ်ချက်မူကြမ်းကို သဘောမတူကြောင်း ပြောကြားခဲ့ပါတယ်။

နိုင်ငံခြားရေးရာ မူဝါဒကော်မတီ၏ ၁/၂၀၂၁ အစည်းအဝေးကိုလည်း ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် ကျင်းပခဲ့ပြီး အဆိုပါအစည်းအဝေးအတွင်း နိုင်ငံခြားရေးရာမူဝါဒ ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိုင်ငံခြားရေးမူဝါဒများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ကောင်းမွန်သည့် ဆက်ဆံရေး တည်ဆောက်လျက်ရှိသည့် အခြေအနေများ၊ ပြည်ပနိုင်ငံများတွင် ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအတွက် ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများ၊ နိုင်ငံတကာဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်နိုင်မည့် အခြေအနေများနှင့် နိုင်ငံတကာနှင့် စီးပွားရေးရာ ပူးပေါင်းဆောင်ရွက်နိုင်မှု အခြေအနေများကို ဆွေးနွေးခဲ့ကြပါတယ်။

ထို့အတူ ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ဩစတြေးလျတပ်မတော်၏ Vice Chief of the Defence Force ဖြစ်သူ Vice Admiral David Johnston AO RAN နဲ့ လက်ရှိမြန်မာ့နိုင်ငံရေး အခြေအနေများကို တယ်လီဖုန်းဖြင့် ဆွေးနွေးခဲ့ပြီး သိရှိလိုသည့် အချက်များကိုလည်း ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပါတယ်။

ထိုင်းနိုင်ငံဝန်ကြီးချုပ်ရဲ့ ဖိတ်ကြားချက်အရ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ဟာ ထိုင်းနိုင်ငံသို့ သွားရောက်ခဲ့ပြီး ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ်ချန်အိုချာ(ငြိမ်း)၊ ထိုင်းဒုတိယဝန်ကြီးချုပ်နဲ့ နိုင်ငံခြားရေးဝန်ကြီးတို့နဲ့ သီးခြားစီတွေ့ဆုံခဲ့ပါတယ်။ ထို့အတူ အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးနဲ့လည်း ထိုင်းနိုင်ငံသို့ ရောက်ရှိခဲ့စဉ် တွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံနှင့် အာဆီယံအကြား ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနဲ့ လက်ရှိမြန်မာ့နိုင်ငံရေး အခြေအနေများကိုလည်း အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*



နေပြည်တော်၌ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များနှင့် အရာထမ်းများအား ဖေဖော်ဝါရီ ၅ ရက်က ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး စတင်ထိုးနှံပေးစဉ်။

**နိုင်ငံတော်ကို ခေတ္တထိန်းသိမ်းပေးထားတဲ့ကာလအတွင်းမှာ နိုင်ငံခြားရေးမူဝါဒ၊ အုပ်ချုပ်ရေးနဲ့ ပတ်သက်တဲ့ မူဝါဒ၊ စီးပွားရေးနဲ့ ပတ်သက်တဲ့ မူဝါဒများ လုံးဝ ပြောင်းလဲသွားမှာ မဟုတ်ပါဘူး။ လက်ရှိသွားနေတဲ့ နိုင်ငံရေး လမ်းစဉ်အတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်**

# အမေရိကန်- ဂျပန် နှစ်နိုင်ငံ ထိပ်သီးအစည်းအဝေး ဧပြီလတွင် ကျင်းပမည်

**တိုကျို မတ် ၁၂**
ဂျပန်ဝန်ကြီးချုပ် ဆူဂါသည် ဧပြီလအတွင်း အမေရိကန်နိုင်ငံသို့ သွားရောက်ကာ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် တွေ့ဆုံမည်ဖြစ်ကြောင်း ဂျပန်အစိုးရက ယနေ့ အတည်ပြု ပြောကြားခဲ့သည်။

အဆိုပါ နှစ်နိုင်ငံ ထိပ်သီးအစည်းအဝေးသည် ဝန်ကြီးချုပ်ဆူဂါ ရာထူးအာဏာများ စတင်ထမ်းရွက်သည့်အချိန်မှစပြီး အမေရိကန်သမ္မတဂျိုးဘိုင်ဒင်နှင့် ပထမဆုံးအကြိမ် မျက်နှာချင်းဆိုင်တွေ့ဆုံဆွေးနွေးပွဲဖြစ်ကြောင်း အစိုးရအဖွဲ့ အကြီးအကဲ ကာတိုကာဆူနိုဘုက ပြောကြားခဲ့သည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရေးစည်းမျဉ်းများကို လိုက်နာသည့်အနေဖြင့် အမေရိကန်နိုင်ငံသို့ သွားရောက်မည့် ခရီးစဉ်တွင် ၎င်းနှင့်လိုက်ပါမည့်ကိုယ်စားလှယ်အဖွဲ့ဝင် ၉၀ သာလျှင် ပါဝင်မည်ဖြစ်ကြောင်းနှင့် အဆိုပါအဖွဲ့ဝင်အားလုံးကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ဆူဂါက ပြောကြားခဲ့သည်။

အဆိုပါခရီးစဉ်အတွင်း နှစ်နိုင်ငံ မဟာမိတ်ဆက်ဆံရေးကို ပိုမိုတိုးတက်ကောင်းမွန်စေရန် ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ဆူဂါက ယနေ့ ကျင်းပသည့် အစိုးရအဖွဲ့ အစည်းအဝေး၌ ပြောကြားခဲ့သည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေး၊ ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးနှင့် မြောက်ကိုရီးယားနိုင်ငံက ဂျပန်နိုင်ငံသားများအား ဖမ်းဆီးခေါ်ဆောင်သွားခြင်း စသည့် ကိစ္စရပ်များနှင့်ပတ်သက်ပြီး ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် ဆွေးနွေးသွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ဆူဂါက ပြောကြားခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အောင်ကျော်ကျော်**

■



# အာဖရိက၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ လေးသန်းကျော်ရှိလာ

**အဒစ်အဘာဘာ မတ် ၁၂**
အာဖရိက၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ လေးသန်းကျော်ရှိပြီဖြစ်ကြောင်း အာဖရိကရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးစင်တာက ယနေ့ ပြောကြားခဲ့သည်။

လက်ရှိအချိန်အထိ အာဖရိက၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၄၀၀၅၂၀၄ ဦးရှိပြီဖြစ်ကြောင်းနှင့် ရောဂါကူးစက်မှုကြောင့် သေဆုံးသူ ၁၀၇၀၀၁ ဦးရှိကြောင်း သိရသည်။ သို့သော် ပြန်လည်ကျန်းမာလာသူပေါင်း ၃၅၈၉၀၆၇ ဦးရှိကြောင်း အာဖရိကသမဂ္ဂအဖွဲ့၏ ကျန်းမာရေးစောင့်ရှောက်မှုအေဂျင်စီက ဆိုသည်။



အာဖရိကနိုင်ငံများအနက် ဗိုင်းရပ်စ်ကူးစက်မှု အများဆုံးနိုင်ငံများမှာ တောင်အာဖရိက၊ မော်ရိုကို၊ တူနီးရှား၊ အီဂျစ်နှင့် အီသီယိုးပီးယားနိုင်ငံများဖြစ်ကြောင်း သိရသည်။

တောင်အာဖရိကနိုင်ငံတွင် ဗိုင်းရပ်စ်ကူးစက်မှုကြောင့် သေဆုံးသူ ၅၁၁၁၀ ရှိပြီး အာဖရိကနိုင်ငံများအနက် သေဆုံးမှုအရေအတွက် အများဆုံးဖြစ်သည်။ အီဂျစ်နိုင်ငံတွင် သေဆုံးသူ ၁၁၁၆၉ ဦး နှင့် မော်ရိုကိုနိုင်ငံတွင် သေဆုံးသူ ၈၇၁၂ ဦးတို့ အသီးသီးရှိကြောင်း အာဖရိက ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးစင်တာ၏ တရားဝင်ကိန်းဂဏန်းများအရ သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# ဂျာမနီနိုင်ငံအတွင်း အသွားအလာကန့်သတ်မှုများ ချမှတ်ထားသော်လည်း ကိုဗစ်-၁၉ရောဂါကူးစက်ခံရသူ အရေအတွက် မြင့်တက်

**ဘာလင် မတ် ၁၂**
ဂျာမနီနိုင်ငံအတွင်း အသွားအလာကန့်သတ်မှုများ ချမှတ်ထားသော်လည်း တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ရောဂါကူးစက်ခံရသူ ၁၂၈၃၄ ဦးရှိခဲ့ကြောင်း ရောဘတ်ကို့စ်အင်စတီကျုမှ ယနေ့ ပြောကြားသည်။

ယခုနှစ်အစောပိုင်းတွင် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများကျဆင်းခဲ့သော်လည်း ကပ်ရောဂါဖြစ်ပွားမှုသည် ပြီးဆုံးသွားသော အခြေအနေတွင် မရှိဘဲ ယခုအချိန်မှာ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုတတိယလှိုင်းစတင်နေကြောင်း ရောဘတ်ကို့စ်အင်စတီကျုမှ အကြီးအကဲ လော်သာဝီလာက သတင်းစာရှင်းလင်းပွဲတွင်ပြောကြားသည်။ ဒီကပ်ရောဂါဟာ မာရသွန်ပြေးပွဲလိုပါပဲ၊ ကျွန်တော်တို့အနေနဲ့ အားလုံးပေါင်းစည်းပြီး ဒီတတိယလှိုင်းကို အရှိန်လျော့သွားအောင်ဆောင်ရွက်ရမှာဖြစ်ပါတယ်ဟု ၎င်းကပြောကြားသည်။

ဖေဖော်ဝါရီလလယ်မှစတင်ပြီး နိုင်ငံအတွင်းရှိ အသက် ၁၅ နှစ်အရွယ်ရှိ လူငယ်များနှင့် ကလေးငယ်များတွင် ရောဂါကူးစက်ခံရမှုများမြင့်တက်လာခဲ့ကြောင်း ၎င်းကပြောကြားသည်။

နိုင်ငံအတွင်းရှိ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူများ၏ ၅၅ ရာခိုင်နှုန်းမှာ B.1.1.7 ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရကြောင်းသိရသည်။ ကာကွယ်ဆေးထိုးနှံခြင်းဖြင့်သာလျှင် ကိုဗစ်-၁၉ ရောဂါမှ လွတ်မြောက်နိုင်မည်ဖြစ်ကြောင်း ဝီလာက ပြောကြားသည်။

လက်ရှိအချိန်အထိ နိုင်ငံသား ၂ ဒသမ ၇၄ သန်းအား ကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။ နိုင်ငံအတွင်း ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကောင်းမွန်စေရန်နှင့် လူမှုစီးပွားဘဝများ ပုံမှန်ဖြစ်စေရန် မိမိတို့ဆောင်ရွက်နေကြောင်း ကျန်းမာရေးဝန်ကြီး ဂျန်စပန်းက ပြောကြားသည်။ နိုင်ငံအတွင်းအသွား အလာကန့်သတ်မှုကို မတ်လ ၂၈ ရက်အထိ ချမှတ်ထားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# အင်ဒိုနီးရှားနိုင်ငံ၌ အားလပ်ရက်ရှည်ရှိသောလများတွင် ဗိုင်းရပ်စ်ကူးစက်မှုကြောင့် သေဆုံးသူအရေအတွက် ပိုမိုမြင့်တက်

**ဂျကာတာ မတ် ၁၂**
အင်ဒိုနီးရှားနိုင်ငံ၌ အားလပ်ရက်ရှည်ရှိသောလများတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် သေဆုံးသူအရေအတွက် ၁၀၀၀ မှ ၂၀၀၀ ကျော်ရှိသည်ကို တွေ့ရှိရကြောင်း ကျန်းမာရေးတာဝန်ရှိသူတစ်ဦးက ယနေ့ပြောကြားခဲ့သည်။



အဆိုပါအရေအတွက်သည် အားလပ်ရက်နည်းပါးသောလများနှင့် နှိုင်းယှဉ်ပါက သေဆုံးသူအရေအတွက် ပိုမိုများပြားသည်ကို တွေ့ရှိရကြောင်းနှင့် အားလပ်ရက်နည်းပါးသောလများတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် သေဆုံးသူ ၅၀ မှ ၉၀၀ အထိသာရှိကြောင်း အင်ဒိုနီးရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါတုံ့ပြန်ရေးအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဝီကူ အဒီဆာစမီတိုက ပြောကြားခဲ့သည်။

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့လျက်ရှိစဉ် အပျော်ခရီးသွားလာခြင်းများကို ရှောင်ကြဉ်သင့်ကြောင်းနှင့် ဗိုင်းရပ်စ်ကာကွယ်ရေးစည်းမျဉ်းများကို လိုက်နာမှုမရှိခြင်းသည် သေဆုံးမှုအရေအတွက်ကို တိုးပွားစေနိုင်ကြောင်း အင်ဒိုနီးရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါတုံ့ပြန်ရေးအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဝီကူအဒီဆာစမီတိုက ဆိုသည်။

ထို့ပြင် ၂၀၂၀ ပြည့်နှစ် မတ်လမှ ဇူလိုင်လအထိ လေးလတာကာလအတွင်း နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် သေဆုံးသူအရေအတွက် အမြင့်မားဆုံးကာလဖြစ်ခဲ့ကြောင်း ၎င်းက ရှင်းလင်းပြောကြားခဲ့သည်။

လက်ရှိအချိန်အထိ အင်ဒိုနီးရှားနိုင်ငံ၌ ရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၃၈၂၂၉ ဦးရှိပြီး ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၄၁၀၁၃၄ ဦးနှင့် ရောဂါမှ ပြန်လည်သက်သာလာသူပေါင်း ၁၂၃၃၄၅၄ ဦးရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# ဇူလိုင် ၄ ရက်တွင်ကျရောက်မည့် လွတ်လပ်ရေးနေ့တွင် အမေရိကန်ပြည်သူများ ကိုဗစ်-၁၉ ရောဂါမှ ကင်းစင်လွတ်မြောက်ရန် မျှော်မှန်းထားဟု သမ္မတ ဂျိုးဘိုင်ဒင် ပြောကြား



**ဝါရှင်တန် မတ် ၁၂**

ဇူလိုင် ၄ ရက်တွင်ကျရောက်သည့် အမေရိကန်နိုင်ငံ၏ လွတ်လပ်ရေးနေ့တွင် အမေရိကန်ပြည်သူများ ကိုဗစ်-၁၉ ရောဂါမှ ကင်းစင်လွတ်မြောက်ရန် မျှော်မှန်းထားကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေး မဟာဗျူဟာလုပ်ငန်းစဉ်တစ်ရပ်ကို သမ္မတ ဂျိုးဘိုင်ဒင်က ယမန်နေ့တွင် ပြောကြားခဲ့သည်။

မေ ၁ ရက်မတိုင်မီ အရွယ်ရောက်ပြီးသည့်ပြည်သူအားလုံး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုခံယူပြီးဖြစ်စေရန် နိုင်ငံအတွင်းရှိပြည်နယ်များအား ညွှန်ကြားမည်ဖြစ်ကြောင်း သမ္မတ ဂျိုးဘိုင်ဒင်က ယမန်နေ့ရုပ်သံမိန့်ခွန်းတွင် ပြောကြားခဲ့သည်။

ထို့ပြင် ဇူလိုင် ၄ ရက်မတိုင်မီ ပြည်သူများအား မိသားစုတွေ့ဆုံပွဲများ ပြန်လည်ကျင်းပခွင့်ပြုမည်ဖြစ်ကြောင်း သမ္မတ ဂျိုးဘိုင်ဒင်က ဆိုသည်။ ဇူလိုင် ၄ ရက်တွင် ကျရောက်မည့် လွတ်လပ်ရေးနေ့တွင် အမေရိကန်ပြည်သူများ၏ လွတ်လပ်မှုကို ရရှိစံစားနိုင်ရုံမျှမက ကိုဗစ်-၁၉ ကပ်ရောဂါဆိုးမှ ကင်းစင်ပပျောက်သည့်နေ့အဖြစ်လည်း မှတ်ယူနိုင်မည်ဖြစ်ကြောင်း သမ္မတ ဂျိုးဘိုင်ဒင်က ပြောကြားခဲ့သည်။

ထို့ပြင် နှာခေါင်းစည်းများဝတ်ဆင်ခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း စသည့် ဗိုင်းရပ်စ်ကာကွယ်ရေးစည်းမျဉ်းများကို တိကျစွာလိုက်နာကြရန် အမေရိကန်ပြည်သူများအား သမ္မတ ဂျိုးဘိုင်ဒင်က သတိပေးပြောကြားခဲ့သည်။

ကိုးကား – အင်န်အိတ်ချ်ကေ
ဘာသာပြန် – အောင်ကျော်ကျော်

# နမီးဘီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဝယ်ယူရေးအတွက် ကန်ဒေါ်လာ၂၉ သန်း စတင်သုံးစွဲ




**ဝင်းဒေါ့ခ် မတ် ၁၂**

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဝယ်ယူရေး၊ ထိုးနှံရေးနှင့် ဖြန့်ဖြူးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ကန်ဒေါ်လာ ၅၈၃ သန်းကို သတ်မှတ်ထားပြီး ၎င်းဘတ်ဂျက်၏ အစိတ်အပိုင်းအဖြစ် ကန်ဒေါ်လာ ၂၉ သန်းကို ယခုအချိန်တွင် ကာကွယ်ဆေးဝယ်ယူရန် စတင်သုံးစွဲခဲ့ကြောင်း နမီးဘီးယား ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဘန်နန်ဂိုဘီက ယမန်တွင် ပြောကြားသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ဆေးဝါးများ ဝယ်ယူရေးနှင့် ဝယ်ယူထားသောဆေးဝါးများကို ကျန်းမာရေးဌာနများသို့ အရောက်ပေးပို့နိုင်ရေးအတွက် ယခုခွင့်ပြုငွေကြေးများကို အသုံးပြုသွားမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

နိုင်ငံသို့ ရောက်ရှိလာမည့် ပထမဆုံး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများသည် မတ်လလယ်တွင် ရောက်ရှိလာမည်ဖြစ်သည်။ နိုင်ငံလူဦးရေ၏ ၈၀ ရာခိုင်နှုန်းအထိ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးနိုင်ရန် အစိုးရက ရည်ရွယ်ထားသည်။

နမီးဘီးယားနိုင်ငံအနေဖြင့် COVAX အစီအစဉ်မှ Johnson & Johnson ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး၊ AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အပါအဝင် အခြားကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများရရှိမည်ဖြစ်ပြီး တရုတ်နိုင်ငံမှ လှူဒါန်းမည့် ကာကွယ်ဆေးများကိုလည်း ရရှိမည်ဖြစ်သည်။ **ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# မွန်ဂိုလီးယားနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၀၃ ဦး ထပ်မံတွေ့ရှိ

**အူလန်ဘာတာ မတ် ၁၂**

မွန်ဂိုလီးယားနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၀၃ ဦးကို ယနေ့ထပ်မံတွေ့ရှိခဲ့သဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၆၆၄ ဦးရှိလာကြောင်း အမျိုးသားကူးစက်ရောဂါဆိုင်ရာစင်တာက ပြောကြားသည်။

နိုင်ငံအတွင်းရှိ လူပေါင်း ၁၉၃၄၁ ဦးအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စစ်ဆေးပေးခဲ့ရာတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၀၃ ဦးကို ယနေ့ထပ်မံတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း အမျိုးသားကူးစက်ရောဂါဆိုင်ရာစင်တာမှ တာဝန်ရှိသူ ဂျန်ဆန်ဆန်ဂျီ ဘိုဂေမာက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများအနက် ၁၀၂ ဦးမှာ ပြည်တွင်းတွင် ရောဂါကူးစက်ခံရသူများဖြစ်ပြီး ကျန်တစ်ဦးမှာ ပြည်ပမှ ကူးစက်ခံရခြင်းဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ယခုရောဂါကူးစက်ခံရသူများသည် ရောဂါကူးစက်မှုအရင်းအမြစ်ကို မသိရှိနိုင်သောနေရာများမှ ကူးစက်လာခြင်းဖြစ်ကြောင်းနှင့် နိုင်ငံသားများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရခြင်းမှ ကာကွယ်နိုင်ရန်အတွက် လူထူထပ်သောနေရာများကို ရှောင်ရှားရန်နှင့် အခြားကျန်းမာရေးဆိုင်ရာစည်းမျဉ်းများကို လိုက်နာဆောင်ရွက်ရန် ၎င်းက ပြောကြားသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၂၉၀၇ ဦးရှိပြီး ရောဂါကြောင့်သေဆုံးသူ ရှစ်ဦးရှိကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ

# ပါကစ္စတန် အနောက်တောင်ပိုင်း၌ ကျောက်မီးသွေးတွင်းပေါက်ကွဲ၊ လူခြောက်ဦးထက်မနည်း သေဆုံး



**အစ္စလာမ္မာဘတ် မတ် ၁၂**

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်းရှိ ဘာလိုချစ္စတန်ပြည်နယ်တွင် ကျောက်မီးသွေးတွင်းတစ်ခု၌ ပေါက်ကွဲမှုတစ်ရပ် ဖြစ်ပွားခဲ့ခြင်းကြောင့် ကျောက်မီးသွေးတွင်းတူးလုပ်သား ခြောက်ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ပြည်နယ်တာဝန်ရှိသူက ယနေ့တွင် ပြောကြားသည်။

**ပေါက်ကွဲမှုဖြစ်ပွားခဲ့**

ဘာလိုချစ္စတန်ပြည်နယ် မြို့တော်ကွတ်တာနှင့် ကီလိုမီတာ ၆၀ အကွာရှိ မာဝါကျောက်မီးသွေးတွင်း ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ယနေ့နံနက် အစောပိုင်း၌ ပြီးစီးခဲ့ကြောင်း၊ ယင်းကျောက်မီးသွေးတွင်းပေါက်ကွဲမှုမှာ ယမန်နေ့တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ပြည်နယ်သတ္တုတွင်းများ စစ်ဆေးရေးအရာရှိချုပ် ရှက်ကွက်ဖ်ဖေရက်က ပြောကြားသည်။

ယင်းကျောက်မီးသွေးတွင်း ပေါက်ကွဲမှုကြောင့် သေဆုံးသွားသည့်ကျောက်မီးသွေးတွင်းတူးလုပ်သား ခြောက်ဦးတို့၏ အလောင်းများကို ရှာဖွေတွေ့ရှိရပြီး အသက်ရှင်သူ နှစ်ဦးအား ကယ်ဆယ်ရရှိကာ ကျောက်မီးသွေးတွင်းနယ်မြေအား ပိတ်ထားကြောင်း ပြည်နယ်သတ္တုတွင်း စစ်ဆေးရေးအရာရှိချုပ်၏ ကြေညာချက်၌ ဖော်ပြသည်။

**ဓာတ်ငွေ့ယိုစိမ့်မှုကြောင့်**

ကနဦးစုံစမ်းတွေ့ရှိမှုများအရ ကျောက်မီးသွေးတွင်းပေါက်ကွဲမှုသည် ဓာတ်ငွေ့ယိုစိမ့်မှုကြောင့် ဖြစ်ပွားခဲ့သည်ဟု ဒေသအတွင်း သတင်းများ၌ ဖော်ပြပြီး ယင်းမတော်တဆဖြစ်ရပ်ကို စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် အမိန့်ထုတ်ပြန်ထားကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – ဇော်ဝင်း

# AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံမှုခံယူပြီးနောက် သွေးခဲမှုပြဿနာများဖြစ်သည့် သတင်းများထွက်ပေါ်လာသဖြင့် စစ်ဆေးမှုများ ပြုလုပ်လျက်ရှိ

**ပါရီ မတ် ၁၂**

AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံမှုခံယူပြီးသူများတွင် သွေးခဲခြင်းပြဿနာများ ဖြစ်သည့်သတင်းများ ထွက်ပေါ်လာခဲ့သဖြင့် အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအား ဥရောပ သမဂ္ဂ၏ ဆေးဘက်ဆိုင်ရာ အာဏာပိုင်များက ပြန်လည်စစ်ဆေးလျက်ရှိကြောင်း ယနေ့သတင်းများ အရ သိရသည်။

ဥရောပနိုင်ငံများတွင် AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံမှုခံယူပြီးသူ ငါးသန်း နီးပါးရှိသည့်အနက် ၃၀ ဦးတွင် သွေးခဲခြင်း ပြဿနာ များနှင့် ကြုံတွေ့နေရကြောင်း ဥရောပသမဂ္ဂ၏ ဆေးဝါးဆိုင်ရာ အေဂျင်စီက ယမန်နေ့တွင် ကြေညာ ခဲ့သည်။




ယင်းသို့ သွေးခဲခြင်းပြဿနာများ ကြုံတွေ့ရ သည်မှာ AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ် ဆေးထိုးနှံမှုကြောင့်ဖြစ်သည်ဟု အတိအကျပြောနိုင် ခြင်းမရှိသေးကြောင်းနှင့် AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး၏ ကောင်းကျိုးသည် ယခု ဖြစ်ပွားသည့် ကျန်းမာရေးပြဿနာနှင့် နှိုင်းယှဉ် ပါက သာလွန်မှုရှိကြောင်း ဥရောပသမဂ္ဂကျန်းမာရေး အာဏာပိုင်များက ဆိုသည်။

ဒိန်းမတ်၊ နော်ဝေ၊ အိုက်စလန်၊ ပြင်သစ်နိုင်ငံ များက AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ် ဆေးသုံးစွဲမှုကို ယာယီဆိုင်းငံ့ထားမည်ဖြစ်ကြောင်း ယမန်နေ့က ကြေညာခဲ့သည်။

သို့သော် AstraZeneca ကာကွယ်ဆေး ထိုးနှံမှု ခံယူထားသည့် လူဦးရေအနက် သွေးခဲခြင်းပြဿနာ များ ရင်ဆိုင်ရသည့်အရေအတွက်သည် ပုံမှန်ဖြစ်လေ့ ဖြစ်ထရှိသည့် အရေအတွက်ထက် မပိုကြောင်း ဗြိတိန်ဆေးဘက်ဆိုင်ရာ အာဏာပိုင်များက ဆိုသည်။ ဗြိတိန်နိုင်ငံ၌ AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပြီးသူ ၁၁ သန်းကျော်ရှိပြီ ဖြစ်ကြောင်း သိရသည်။

AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ၏ ဘေးကင်းလုံခြုံမှုရှိ၊ မရှိအပေါ် ကမ္ဘာ့နိုင်ငံများတွင် သုံးစွဲခွင့်မပြုမီ တိကျသေချာသော လက်တွေ့စမ်းသပ် မှုများ ပြုလုပ်ခဲ့ကြောင်း AstraZeneca ဆေးဝါး ကုမ္ပဏီက အခိုင်အမာပြောကြားခဲ့သည်။

အလားတူ ထိုင်းအစိုးရကလည်း AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နိုင်ငံအတွင်း သုံးစွဲ မှုကို ယာယီဆိုင်းငံ့လိုက်ပြီဖြစ်ကြောင်း ယနေ့ ကြေညာခဲ့သည်။ ဝန်ကြီးချုပ် ပရာယုချန်အိုချာက AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံမှုခံယူရန် ယနေ့နံနက်ပိုင်းတွင် စီစဉ်ထား သော်လည်း အဆိုပါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ် ကို ရွှေ့ဆိုင်းခဲ့ရကြောင်း သိရသည်။ ထို့ပြင် AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ပြည်သူ များအား ထိုးနှံပေးမှုကိုလည်း ရွှေ့ဆိုင်းခဲ့ရသည်။

AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တွင် နောက်ဆက်တွဲ ကျန်းမာရေးပြဿနာဖြစ်ပေါ်မှု ရှိသည်ဟု ပြောကြားခဲ့ခြင်းမရှိသော်လည်း ဥရောပ သမဂ္ဂအဖွဲ့၏ စုံစမ်းစစ်ဆေးမှုများပြုလုပ်ပြီး ရလဒ် ထွက်ပေါ်သည့်အချိန်မှသာ အဆိုပါကာကွယ်ဆေးကို ပြန်လည်သုံးစွဲခွင့်ပြုမည်ဖြစ်ကြောင်း ထိုင်းကျန်းမာ ရေး တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ထိုင်းနိုင်ငံ၏ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို လွန်ခဲ့သောလတွင် စတင်ခဲ့ပြီး တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အသုံးပြုလျက်ရှိကြောင်း သိရသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**



# ဖိလစ်ပိုင်နိုင်ငံ၌ စတင်တွေ့ရှိသည့် ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ခံရသူတစ်ဦး ဂျပန်နိုင်ငံ၌ ပထမဆုံး တွေ့ရှိ

**မနီလာ မတ် ၁၂**

ဖိလစ်ပိုင်နိုင်ငံတွင် စတင်တွေ့ရှိသည့် ဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်ခံရသူတစ်ဦးအား ဂျပန်နိုင်ငံ မြို့တော်တိုကျိုအနီး နာရီတာလေဆိပ်၌ ယနေ့ စစ်ဆေးတွေ့ရှိခဲ့ကြောင်း သိရသည်။

အသက် ၆၀ အရွယ် အမျိုးသားတစ်ဦးသည် ဖေဖော်ဝါရီ ၂၅ ရက်တွင် အဆိုပါလေဆိပ်သို့ ရောက်ရှိ ခဲ့ပြီး ရောဂါစစ်ဆေးရေးစင်တာ၌ ဆေးစစ်မှုခံယူခဲ့ရာ ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံထားရကြောင်း တွေ့ရှိ ခဲ့ခြင်းဖြစ်သည်ဟု ဂျပန်ကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

ဖိလစ်ပိုင်နိုင်ငံတွင်စတင်တွေ့ရှိခဲ့သည့် ဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်မှုတွေ့ရှိခြင်းသည် ဂျပန်နိုင်ငံ၌ ပထမဆုံးအကြိမ်ဖြစ်သည်။ အဆိုပါဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်ခံရသူအမျိုးသားသည် ဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်ခံထားရသော်လည်း ကိုဗစ်-၁၉ ရောဂါလက္ခဏာများ ခံစားရခြင်းမရှိကြောင်း ဆေးဘက်ဆိုင်ရာတာဝန်ရှိသူများက ဆိုသည်။

ဖိလစ်ပိုင်ဗီဇပြောင်းဗိုင်းရပ်စ်သည် ကိုဗစ်-၁၉ ရောဂါထက် ရောဂါခံစားရမှု ပိုမိုပြင်းထန်ဖွယ် ရှိကြောင်းနှင့် ယင်းဗီဇပြောင်းဗိုင်းရပ်စ်ကို ဗြိတိန်၊ တောင်အာဖရိကနှင့် ဘရာဇီးနိုင်ငံများတွင် စတင် တွေ့ရှိခဲ့သည့် ဗီဇပြောင်းဗိုင်းရပ်စ်များနှင့် အဆင့် သတ်မှတ်ချက်တန်းတူထားရှိကြောင်း ဆေးဘက် ဆိုင်ရာ တာဝန်ရှိသူများက ဆိုသည်။

ဖိလစ်ပိုင်နိုင်ငံ၌ မတ် ၃ ရက်မတိုင်မီ ဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ ၃၄ ဦး စစ်ဆေးတွေ့ရှိထား ကြောင်း သိရသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုကြောင့် သေဆုံးသူ ၂၂၃၃ ဦးကို ထပ်မံတွေ့ရှိ

**ရီယိုဒီဂျနေးရိုး မတ် ၁၂**

ဘရာဇီးနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရ မှုကြောင့် သေဆုံးသူ ၂၂၃၃ ဦးကို ထပ်မံတွေ့ရှိ ခဲ့ပြီးနောက် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက် ခံရမှုကြောင့် သေဆုံးသူ အရေအတွက် ၂၇၂၈၈၉ ဦး ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယမန်နေ့ တွင် ပြောကြားသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၇၅၄၁၂ ဦး ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ရောဂါကူးစက်ခံရသူပေါင်း ၁၁၂၇၇၇၁၇ ဦး ရှိလာခဲ့ကြောင်း သိရသည်။ ဘရာဇီးနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူအရေအတွက် တွင် အမေရိကန်နိုင်ငံ၏နောက်၌ ဒုတိယနေရာတွင် ရပ်တည်နေပြီး ရောဂါဖြစ်ပွားသူ အရေအတွက်၌ အမေရိကန်နှင့် အိန္ဒိယနိုင်ငံပြီးနောက် တတိယ နေရာ၌ ရပ်တည်နေသည်။

ဘရာဇီးနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှု ဒုတိယလှိုင်းနှင့် ရင်ဆိုင်နေရပြီး နိုင်ငံအတွင်းရှိ ဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုစနစ် ယိုယွင်းသောအခြေအနေကို တွေ့ကြုံနေရသည်။ ပြည်နယ်အစိုးရများကလည်း ပြည်နယ်အလိုက် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများ ကို တင်းကြပ်လျက်ရှိသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- စိုးသူရ**



## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

| | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၁၁၉၂၃၅၁၈၆ | ဦး |
| သေဆုံးသူ | ၂၆၄၃၉၉၄ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၉၄၈၁၂၈၁၂ | ဦး |

# မိန်းကလေးတစ်ဦးအား တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူများကို လူကုန်ကူးမှုဖြင့် ပြစ်ဒဏ်ချမှတ်

**နေပြည်တော် မတ် ၁၂**

မိန်းကလေးတစ်ဦးအား တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူများကို လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေအရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာအနောက်ပိုင်းမြို့နယ် (၁၃) ရပ်ကွက် ရန်ကြီးအောင်လမ်းနေ မဝင့်သန္တာထွန်း (ခ) ခရေနှင့် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ တောင်ပြင်(၁) ရပ်ကွက်နေ ကိုရန်နိုင်ထွန်း (ခ) ရန်နိုင်တို့က လှိုင်သာယာအနောက်ပိုင်းမြို့နယ်နေ မ XXXX ၂၁ နှစ်ကို တရုတ်နိုင်ငံသို့ ပို့ဆောင်၍ တရုတ်ဇနီးအဖြစ် ရောင်းစားခဲ့မှုအား လှိုင်သာယာအနောက်ပိုင်းမြို့နယ် သောင်ကြီးနယ်မြေရဲစခန်းက (ပ)၁၀၄၂/၂၀၁၉၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ ပုဒ်မ ၂၄/ ၃၂ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ မတ် ၁၀ ရက်တွင် တရားခံ မဝင့်သန္တာထွန်း (ခ) ခရေနှင့် ကိုရန်နိုင်ထွန်း (ခ) ရန်နိုင်တို့ကို လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၃၉ အနီး၌ ငွေကျပ် ၁ ဒသမ ၁၄ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၁၂**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၃၉ အနီးတွင် ငွေကျပ် ၁ ဒသမ ၁၄ ဘီလီယံကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၁ ရက် ည ၈ နာရီတွင် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၃၉ အနီးတွင် ပြင်ဦးလွင်မှ ရန်ကုန်သို့ ဟိန်းထက်အောင် မောင်းနှင်လာသည့်ယာဉ်ကို ရပ်တန့်ရှာဖွေစဉ် ယာဉ်ပေါ်ပါ ထွန်းနိုင်လင်း(ခ) ဖိုးသားနှင့် သန်းနိုင်ဇော်(ခ) ကိုကြီး(ခ)ဇော်ဇော်(ခ)ပါကျဲတို့မှာ ထွက်ပြေးသွားပြီး ယာဉ်မောင်း ဟိန်းထက်အောင်နှင့်အတူ ယာဉ်ပေါ်မှ ငွေကျပ် ၁ ဒသမ ၁၄ ဘီလီယံကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၇၆၁၇၅၅ ပြား သိမ်းဆည်းရမိခဲ့ကြောင်း၊ ထွက်ပြေးသွားသူများကို ပူးပေါင်းအဖွဲ့မှ ပိတ်ဆို့ရှာဖွေဖမ်းဆီးခဲ့ရာ မတ် ၁၂ ရက် နံနက် ၁ နာရီခွဲတွင် ဘောနတ်ကြီးကျေးရွာအနီး၌ ထွန်းနိုင်လင်း (ခ) ဖိုးသားကို ပြန်လည်ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိသော စိတ်ကြွရူးသွပ်ဆေးပြားများမှာ ပြင်ဦးလွင်မြို့မှ ရန်ကုန်မြို့သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရသည်။



သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

သို့ဖြစ်၍ ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




# ရွှေကူနှင့် နောင်ချိုမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၁၂**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် မတ် ၁၁ ရက် ညနေ ၃ နာရီခွဲတွင် ရွှေကူမြို့နယ် ရွှေကူလေးကျေးရွာအနီးတွင် ကိုကြီး မောင်းနှင်ပြီး သီဟစိုးလိုက်ပါလာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၀၂ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၃၁၅ ပြား သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၅ နာရီခွဲတွင် စီသော်ကျေးရွာနေ မပြုံးတင်အား ၎င်း၏နေအိမ်၌ ထပ်မံဖမ်းဆီးရမိခဲ့သည်။



သီဟစိုး၊ ကိုကြီး၊ မပြုံးတင်တို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

ထို့အတူ ယင်းနေ့ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့နယ် ဘန့်ဘွေးကျေးရွာအနီး မူဆယ်-မန္တလေးသွား ပြည်ထောင်စုကားလမ်း မိုင်တိုင်အမှတ်(၆၃/၁) တွင် အိုက်ထွန်း မောင်းနှင်လာသော ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၃၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# စစ်တွေမြို့၌ မီးလောင်မှုဖြစ်ပွား

**စစ်တွေ မတ် ၁၂**

စစ်တွေမြို့ မကျည်းမြိုင်ရပ်ကွက် အကွက်(၅) လမ်းသစ်လမ်း၌ ယနေ့နံနက် ၁၁ နာရီခန့်က မီးလောင်မှုဖြစ်ပွားရာ နေအိမ်ခြောက်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ စစ်တွေမြို့နယ် မီးသတ်စခန်းမှ အုပ်ချုပ်မှုယာဉ်တစ်စီး၊ မီးသတ်ယာဉ်လေးစီး၊ မီးသတ်ရေသယ်ယာဉ် သုံးစီး စုစုပေါင်းမီးသတ်ယာဉ် ရှစ်စီးဖြင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များဖြင့် မီးငြိမ်းသတ်ခဲ့ရာ ၁၁ နာရီခွဲတွင် မီးငြိမ်းသွားခဲ့သည်။

ဖြစ်စဉ်မှာ မကျည်းမြိုင်ရပ်ကွက် အကွက်(၅) နေ ဦးအေးထွန်းဝင်းသည် မိခင်နှင့်စကားများပြီး အဝတ်အစားများအား စုပုံ၍ မီးရှို့ရာမှ မီးကူးစက်လောင်ကျွမ်းခြင်းဖြစ်ကြောင်း စစ်တွေမြို့နယ် မီးသတ်ဦးစီးဌာနမှ သိရသည်။ မီးလောင်မှုကြောင့် လူနေအိမ်ခြောက်လုံးနှင့် လူနေအိမ်နံရံတစ်ခြမ်း မီးလောင်ဆုံးရှုံးခဲ့ပြီး မီးဘေးဒုက္ခသည်များမှာ နီးစပ်ရာဆွေမျိုးများနေအိမ်တွင် ယာယီနေထိုင်လျက်ရှိသည်။

မီးလောင်မှုနှင့်ပတ်သက်၍ ဦးအေးထွန်းဝင်းအား စစ်တွေမြို့ အမှတ်(၁)ရဲစခန်းတွင် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**



# ကော့သောင်းပင်လယ်ပြင်အတွင်း မူးယစ်ဆေးဝါးလိုက်လံရောင်းချနေသည့် လှေတစ်စင်း ဖမ်းဆီးရမိ

**ကော့သောင်း မတ် ၁၂**

ပင်လယ်ပြင်အတွင်း ငါးဖမ်းလှေများပေါ်မှ ရေလုပ်သားများအား လှေတစ်စင်းဖြင့် မူးယစ်ဆေးဝါး လိုက်လံရောင်းချနေသည့် အမျိုးသားတစ်ဦးအား မတ် ၁၀ ရက် နံနက်ပိုင်းက မြန်မာ့တပ်မတော်(ရေ) ကမ်းခြေစောင့်တိုက်ရေယာဉ်က ကော့သောင်းပင်လယ်ပြင် ငါးမန်းကျွန်းအနီး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အဆိုပါနေ့က မြန်မာ့တပ်မတော်(ရေ) ကမ်းခြေ စောင့်တိုက်ရေယာဉ်သည် ကော့သောင်းမြို့နယ် အက်ဒမန်ပင်လယ်ပြင်အတွင်း ကင်းလှည့်နေစဉ် ကော့သောင်းရေပြင်ပိုင်နက် ငါးမန်းကျွန်းအနီး မသင်္ကာဖွယ် အမည်မပါ သစ်သားကိုယ်ထည်လှေတစ်စင်းကို တွေ့ရှိရ၍ စစ်ဆေးရာ အဆိုပါလှေကိုမောင်းနှင်သည့် စိုးနိုင်ဦးနှင့်အတူ WY စာတန်းပါစိတ်ကြွဆေးပြား ၄၁၀ သိမ်းဆည်းရမိခဲ့ပြီး ၎င်းအား စစ်မေးချက်အရ ကော့သောင်းမြို့နယ် အက်ဒမန်ပင်လယ်ပြင်အတွင်း ရေပြင်ရှိ ငါးဖမ်းလှေများမှ ရေလုပ်သားများအား မူးယစ်ဆေးဝါးများ လိုက်လံဖြန့်ဖြူးရောင်းချပေးနေခြင်းဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်စပ်လျဉ်း၍ စိုးနိုင်ဦးအား ကော့သောင်း မူးယစ်တပ်ဖွဲ့သို့ မတ် ၁၁ ရက်တွင် လာရောက်အပ်နှံပေးခဲ့ပြီး ရဲတပ်ဖွဲ့က ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

# ကပ်ဆေးတော့မည်

**ခင်ပပဝတီ**

ကိုယ်နဲ့မတူ ကိုယ့်ရန်သူလို့ဘယ်တော့မှမသတ်မှတ်ပါနဲ့၊ လောကထဲမှာ ကိုယ်နဲ့တူသူတစ်ယောက်မှ မရှိပါဘူး၊ တူတဲ့သူရှိတယ်လို့ ထင်ခဲ့ရင်လည်း ခဏမျှသာပါ၊ ကိုယ်နဲ့မတူသူတွေထံမှ မတူတာကို လက်ခံနိုင်တဲ့ ကွဲပြားမှုမျိုးစုံကို မြင်တတ်တဲ့ အသိဉာဏ်မျိုးရပါစေ။

**(ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ)**

စာရေးစာဖတ်ဝါသနာပါတဲ့အလျောက် ဖေ့စ်ဘွတ်မှာ တက်လာတဲ့ ဆရာတော်ရဲ့အဆုံးအမလေးကို မှတ်စုစာအုပ်ထဲ ကူးယူထားတာဖြစ်ပါတယ်။ အခုတစ်လော သတင်းစာမှာပါတဲ့ သတင်း၊ ဆောင်းပါးတွေမှာ CDM နဲ့ပတ်သက်တဲ့ ဆောင်းပါးလေးတွေ များပါတယ်။ မသိသေးတာတွေရော၊ သိထားပြီးတာတွေရောပါတယ်။ လိုချင်တာလေးတွေရှိရင် စာအုပ်ထဲရေးမှတ်ခဲ့တယ်၊ စာရေးတဲ့အခါ အထောက်အကူဖြစ်ရအောင်ပါ။ မိမိအနေနဲ့ ဌာနတစ်ခုက လုပ်သက် ၃၄ နှစ်နဲ့ ပင်စင်ယူခဲ့တာ ဖြစ်ပါတယ်။ ထိုက်သင့်တဲ့ ပင်စင်လစာခံစားနေတဲ့သူတစ်ဦးပါ။ နယ်မြို့မှာနေထိုင်တဲ့ အသက် ၈၈ နှစ် မိခင်ကြီးကို လစာလွှဲပေးထားရင်း ကျန်းမာနေကြောင်း သိရလို့ ကျေနပ်နေပါတယ်။ အခုလို ကိုဗစ်ကာလမှာ အသက် ၆၀ ကျော်သူတွေ စိုးရိမ်ရတယ်ဆိုလို့ မိမိကိုယ်တိုင်လည်း ကောင်းစွာနေသလို အသက် ၉၀ နီးလာပြီဖြစ်တဲ့ မိခင်ကြီးကိုလည်း စိုးရိမ်မိပါတယ်။ ဒေသကထွက်ခွာလာတာ နှစ်ပေါင်း ၄၀ နီးပါးရှိခဲ့ပါပြီ။ မကြာမီက အလယ်တန်းပြဆရာမ အငြိမ်းစားယူလိုက်တဲ့ညီမက စောင့်ရှောက်ပေးနေတာပါ။ ကျန်တဲ့ မောင်နှမတွေက ရန်ကုန်မှာရှိကြပါတယ်။

**ကွဲပြားနေတာတွေကို အများကြီးတွေ့ရ**

စာရေးသူဟာ ၁၉၈၈ အရေးအခင်းကာလကို မီခဲ့ပါတယ်။ ဌာနမှာ သွားအော်တဲ့သူတွေက အော်ကြ၊ ကျန်တဲ့သူတွေက ရှိတဲ့ အင်အားလေးနဲ့ လုပ်ငန်းလည်ပတ်မှုရပ်တန့်မသွားအောင် ကြိုးစားခဲ့ကြပါတယ်။ လမ်းထိပ်မှာ စာရေးသူအား ခေါင်းကို ဖြတ်မယ်၊ တစ်ခေါင်း ငါးရာလို့ စာကပ်ထားသတဲ့။ အခြားလမ်းကသွားတော့မမြင်၊ အားလုံးအေးသွားမှပြောကြလို့ သိခဲ့ရတာပါ။ အလုပ်ဇောကပ်နေလေတော့ အချိန်မီရေးကိုသာ အာရုံထားခဲ့တာပါ။ ဖုန်းနဲ့ခြိမ်းခြောက်တာတွေလည်း ရှိခဲ့ပါရဲ့။ ဆရာတော်အဆုံးအမထဲမှာ ပါသလို "ကိုယ်နဲ့တူသူတစ်ယောက်မှမရှိပါဘူး၊ တစ်ယောက်နဲ့တစ်ယောက် လက်ချောင်းလေးတွေတောင် အတိုအရှည်မတူကြလေတော့ မိမိရဲ့ဘဝပေးအခြေအနေဖြတ်သန်းလာခဲ့ရတဲ့ မူလဘဝအခြေခံ အားထုတ်ခဲ့ရတာချင်းတူ၊ မတူ ဆန်းစစ်လိုက်ရင် ကွဲပြားနေတာတွေကို အများကြီးတွေ့ရမှာဖြစ်ပါတယ်။ အဲဒီကာလက အချို့သူတွေ Dismissed ဖြစ်သွားကြတယ်။

အချို့က ယနေ့အထိ အပြုံးမပျက် ခင်မင်နေကြပေမယ့် အချို့ကျတော့ ပြန်တွေ့ကြရင် မခေါ်နိုင် မပြောနိုင် ရန်လုပ်တဲ့ပုံစံမျိုး ခံစားရပါတယ်။ တကယ်တော့ ဝန်ထမ်းတစ်ယောက်ဖြစ်ဖို့ မလွယ်ပါဘူး။ အဆင့်ဆင့်ကြိုးစားခဲ့ရပါတယ်။ မိမိအနေနဲ့ လုပ်ငန်းခွင်ကာလအတွင်းမှာ အကောင်းဆုံးဖြစ်အောင် ကြိုးစားဆောင်ရွက်ခဲ့ပါတယ်။

**နှလုံးသွင်း ရင်ငြိမ်းအောင်နေရ**

ဖေ့စ်ဘွတ် သုံးကြရာမှာ ခံယူချက်အမျိုးမျိုး ရှိကြပါတယ်။ မိမိအနေနဲ့လည်း အရင်က ခင်မင်ရင်းနှီးတဲ့သူတချို့သာ သူငယ်ချင်းအဖြစ်ထားခဲ့ပေမယ့် အကြောင်းတစ်ခုကြောင့်ဖွင့်ပေးခဲ့ရာမှာ သိသူရော၊ မသိသူတွေရော၊ အတွေးတူသူရော၊ မတူသူတွေရော ပါလာပါတယ်။ မိမိအတွေးကို သူ့အတွေးလုပ်ပြီး ဆရာကြီးလုပ်သူတွေနဲ့လည်း ဆုံခဲ့ရပါရဲ့၊ ဦးနှောက်ဖောက်စားခံလိုက်ရတာပါ။ "No man is Perfect"ပါ။ မိမိကိုယ်တိုင်လည်း ၁၀၀ ရာခိုင်နှုန်း ပြည့်စုံသူလို့ ခံယူမထားပါဘူး။ ကိလေသာ ကင်းစင်ကြသူတွေမှ မဟုတ်သေးတာ။ မိမိဘက်က အစွမ်းကုန်ကြိုးစား ဖြည့်ဆည်းပေးခဲ့ပေမယ့် သူတို့ အလိုမကျရင် ပြောတတ်ကြပါတယ်။ အဲဒီအခါမှာ ပါချုပ်ဆရာတော်ကြီးရဲ့ စကားတစ်ခွန်းကို ကြားယောင်လာမိပါတယ်။ "လူတစ်ယောက် ကိုယ့်ကိုဆဲလာလို့ ကိုယ်ကဒေါသနဲ့ တုံ့ပြန်ရင် သူဆဲတာကို အသိအမှတ်ပြုရာရောက်တယ်၊ ဒေါသနဲ့မတုံ့ပြန်ဘဲ အမှတ်မထားဘဲ နေလိုက်မယ်၊ ခန္တီ၊ မေတ္တာနဲ့ နေလိုက်မယ်ဆိုရင် သူဆဲတာကို အသိအမှတ်မပြုဘူး၊ လက်မခံဘူး၊ စိတ်ဆိုးရင် လက်ခံခြင်းဖြစ်တယ် စိတ်မဆိုးရင် လက်မခံဘူး"တဲ့။ အရေးကြုံလာရင် ဆရာတော်ကြီးတွေရဲ့ အဆုံးအမတွေကို နှလုံးသွင်း ရင်ငြိမ်းအောင်နေရပါတယ်။

အခုလိုကာလမှာ ဖေ့စ်ဘွတ် သုံးရတာ ပိုအဆင်မပြေ ဖြစ်လာပါတယ်။ တစ်အူထုံ့ဆင်း မောင်နှမအရင်းတွေတောင် ခံယူချက်ကွာဟလာကြတာရှိပါရဲ့။ ပညာသင်ထားတာက အမှား၊ အမှန် ဆင်ခြင်နိုင်ဖို့ပါ။ ဘယ်နေရာမှာမဆို ကောင်းတာယူ၊ မကောင်းတာပယ်သတ်နိုင်ရပါမယ်။ တစ်ယောက်ကရေးထားပါသေးတယ်။ ဓမ္မနဲ့ အဓမ္မကြားမှာ ကြားနေဆိုတာမရှိ၊ အဲဒါ မိန်းမရှင်ဝါဒပဲတဲ့။ သူတို့ရေးသမျှ လိုက်ခံစားနေရင် မိမိသာစိတ်ပင်ပန်းရပါမယ်။ မိမိအနေနဲ့ 'ခွန်အားရှိသောစာများ'ကိုသာ ဖတ်လေ့ရှိပါတယ်။ အချိန်အကုန်ခံ ဖုန်းဘေလ်အကုန်ခံပြီး မခံစားပါဘူး။ ကိုယ်နဲ့မတူ ကိုယ့်ရန်သူလို့ ထင်နေကြတဲ့သူတွေကလည်း အများကြီး။ ခံယူချက်ချင်း မတူတာကို ရန်စောင်တဲ့ စကားမျိုးသာအမှန်၊ ကိုယ်ကအမှား၊ သူတို့အုပ်စုသာအမှန်၊ နိုင်ငံရေး အခင်းအကျင်းတစ်ခုမှာ အရာရာကို ဂဃနဏမသိဘဲ ဝင်မပါတာအကောင်းဆုံးလို့ ခံယူထားပါတယ်။ ဘာမှ မခံစားရဘူးလားလို့မေးရင် စာနာတတ်တဲ့နှလုံးသားရှိသူတစ်ဦးမို့ ခံစားမိတာပေါ့။ သို့ပေသိ ရလာနိုင်တဲ့ နှလုံးရောဂါကို မောင်းထုတ်ရင်း မကျန်တော့တဲ့ လက်ကျန်အချိန်လေးကို ဘယ်လိုကုန်ဆုံးမလဲလို့ အမြဲနှလုံးသွင်းနေမိပါတယ်။

'လောကမှာ သူများအယုံကြည်ခံရဖို့ထက် ကိုယ့်ကိုယ်ကိုယ် ယုံကြည်ဖို့က ပိုအရေးကြီးပါတယ်'လို့ အမျိုးသားစာပေဆုရ နော်ရင်မွှေးဝတ္ထုမှာ ဆရာမမြသန္တာက ရေးထားပါတယ်။ မိမိခံယူချက် မှန်ကန်နေရင် စိတ်ချမ်းသာမယ်ထင်ပါတယ်။ လူလူချင်း တစ်ယောက်နဲ့တစ်ယောက် စောင်းမြောင်းပြောဆိုကြတာ၊ အပုပ်ချကြတာတင်မက လူကနေ သီလသမာဓိပညာနဲ့ ပြည့်စုံတော်မူကြတဲ့ ဆရာတော်ကြီးတွေကို ပုတ်ခတ်ပြောဆိုနေကြတာကို စိတ်မချမ်းမြေ့ဖွယ်ရာ မြင်တွေ့နေရပါတယ်။ အလေ့အကျင့်ကနေ အလေ့အထဖြစ်လာတာနဲ့အမျှ လောဘ၊ ဒေါသ၊ မောဟတွေကို ပယ်သတ်နိုင်အောင် ကြိုးစားနေပါတယ်။ ဒီဘဝမှာ လူဖြစ်လာတယ်။ လူတန်းစေ့နေနိုင်တဲ့ ဘဝလေးတစ်ခုကို ပိုင်ဆိုင်ရပါတယ်။ ဒါအရင်ဘဝက ပြုခဲ့တဲ့ အကြောင်းတရားတွေကြောင့်ပါ။ နောင်ဘဝမှာ ယခုထက်နိမ့်ပါး မသွားရလေအောင် ရသမျှကုသိုလ်ကို စုဆောင်းနေကြဖို့ လိုပါတယ်။ ၂၀၀၈ ခုနှစ် မေလမှာ ဖြစ်ပွားခဲ့တဲ့ နာဂစ်ကာလကို အမှတ်ရနေကြမယ်ထင်ပါတယ်။ တစ်မိသားစုတည်းမှာတောင် ပါသူပါ ကျန်သူကျန် ကံချင်းမတူကြလေတော့...

ခင်ပွန်းကြီး ၁၀ ပါးကို နေ့စဉ်ကန်တော့ကြစေလိုပါတယ်။ 'ဂုဏ်ကျေးဇူးကြီးမားကြကုန်သော သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို ဆည်းပူးဖြည့်ကျင့်လျက်ရှိကြကုန်သော လူပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ်၊ အရိယာပုဂ္ဂိုလ်၊ မိမိထက်သိက္ခာအရွယ်ကြီးမားသူတို့အပေါ်၌ ကာယကံ၊ ဝစီကံ၊ မနောကံ သုံးပါးသော ကံတို့ဖြင့် ပြစ်မှားမိခဲ့သည် ရှိခဲ့ပါသော်'...

အခုလိုသာ ဝစီကံနဲ့ ပြစ်မှားနေကြရင် ကပ်ဆေးတဲ့အခါ ပါမသွားကြဖို့ သတိပြုဆင်ခြင်ကြပါစို့။ ။

- **လူလူချင်း တစ်ယောက်နဲ့တစ်ယောက် စောင်းမြောင်းပြောဆိုကြတာ၊ အပုပ်ချကြတာတင်မက လူကနေ သီလသမာဓိပညာနဲ့ ပြည့်စုံတော်မူကြတဲ့ ဆရာတော်ကြီးတွေကို ပုတ်ခတ်ပြောဆိုနေကြတာကို စိတ်မချမ်းမြေ့ဖွယ်ရာ မြင်တွေ့နေရ။**
- **၂၀၀၈ ခုနှစ် မေလမှာ ဖြစ်ပွားခဲ့တဲ့ နာဂစ်ကာလကို အမှတ်ရနေကြမယ်ထင်။ တစ်မိသားစုတည်းမှာတောင် ပါသူပါ ကျန်သူကျန် ကံချင်းမတူကြလေတော့...**
- **အခုလိုသာ ဝစီကံနဲ့ ပြစ်မှားနေကြရင် ကပ်ဆေးတဲ့အခါ ပါမသွားကြဖို့ သတိပြုဆင်ခြင်ကြပါစို့။**

# ကျောက်ဆည်မြို့ ဇီဝနည်းပညာသုတေသနဌာနမှ မျိုးကောင်းမျိုးသန့် တစ်ရှူးငှက်ပျောများ သုတေသနပြုလုပ်ဖြန့်ဖြူး

**ကျောက်ဆည် မတ် ၁၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ ဇီဝနည်းပညာသုတေသနဌာနမှ ပိုးမွှားကင်းစင်ပြီး မျိုးကောင်းမျိုးသန့် တစ်သျှူးငှက်ပျောမျိုးများ သုတေသနပြုပြီး ငှက်ပျောစိုက်တောင်သူများအား ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိကြောင်း သိရသည်။

သုတေသနဌာနအနေဖြင့် နိုင်ငံအတွင်းရှိ ငှက်ပျောစိုက်တောင်သူများ ဝင်ငွေတိုးပြီး မိသားစုစားဝတ်နေရေး အဆင်ပြေစေရေးအတွက် ရွှေနီ၊ ခွံ့ဝါ၊ ဖီးကြမ်းငှက်ပျောမျိုးများကို အပင်တစ်သျှူးမျိုးပွားသုတေသနပြုလုပ်ပြီး ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည့်အပြင် နာနတ်၊ စတော်ဘယ်ရီ၊ နဂါးမောက်၊ ပန်းသီး၊ သစ်ခွ၊ ပိန်းပန်းနှင့် ဆေးဖက်ဝင် တစ်ပင်တိုင်မြနန်းပင်များကို တစ်သျှူးမျိုးပွားသုတေသနပြုလုပ်လျက်ရှိကြောင်း သုတေသနဓာတ်ခွဲဌာနမှ တာဝန်ခံ ဒေါက်တာကေသီထံမှ သိရသည်။

ကျောက်ဆည်မြို့ ဇီဝနည်းပညာသုတေသနဌာနသည် ငှက်ပျောစိုက်တောင်သူများအား မျိုးကောင်းမျိုးသန့် တစ်သျှူးမျိုးပွားငှက်ပျောများ ရောင်းချပေးနေသော်လည်း သုတေသနပြုလုပ်သည့်ဌာနဖြစ်သည့်အတွက် တောင်သူများ လိုအပ်သလောက် ငှက်ပျောမျိုးများရောင်းချပေးနိုင်ခြင်း မရှိကြောင်း၊ ထို့ကြောင့် ငှက်ပျောစိုက်တောင်သူများအား ပိုးမွှားကင်းစင်သော မျိုးကောင်းမျိုးသန့် ငှက်ပျောမျိုးများ ကိုယ်တိုင်ပြုလုပ်တတ်စေရန်အတွက် ငှက်ပျောမျိုးပွားစိုက်ပျိုးနည်းပညာများကို ၂၀၁၈ ခုနှစ်တွင်တစ်ကြိမ်၊ ၂၀၁၉ ခုနှစ်တွင် တစ်ကြိမ် အဆိုပါ ဇီဝနည်းပညာသုတေသနတွင် သင်တန်းများ ဖွင့်လှစ်ပို့ချပေးခဲ့ရာ ရွှေဘို၊ မော်ကျွန်း၊ ရန်ကုန်၊ မြစ်ကြီးနား၊ ပြင်ဦးလွင်၊ ထားဝယ်ဒေသတို့မှ ငှက်ပျောစိုက်တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**



# အခုလို CDM လှုပ်ရှားမှုတွေနဲ့အတူ ဆူပူအကြမ်းဖက်မှုတွေ လုပ်နေကြတော့ ကျွန်တော်တို့လို အေးအေးချမ်းချမ်း နေချင်တဲ့ပြည်သူတွေ ဒုက္ခရောက်ရတာပေါ့ဗျာ။

## တောင်သူတစ်ဦးဖြစ်သူ ဦးညွန့်ဝေ

CDM လှုပ်ရှားမှုဖြစ်စဉ်များ အချိန်ကြာမြင့်လာသည်နှင့်အမျှ အေးချမ်းစွာနေလိုသည့်ပြည်သူများ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး အခက်အခဲများနှင့် စိုးရိမ်သောကများ ပိုမိုဖြစ်ပေါ်လျက်ရှိပါသည်။ CDM လှုပ်ရှားမှုအချိန်ကာလများ အမျိုးမျိုးသတ်မှတ်ကာ အချိန်ကြာလာသည်နှင့်အမျှ ယခုဆို တစ်လကျော်အချိန်သို့ ရောက်ရှိလာပြီ ဖြစ်ပါသည်။ စည်းရုံးလှုံ့ဆော်သူများကို အရေးယူမှုများကိုလည်း ကြားသိနေရပါသည်။ သို့သော် မောဟအမိုက်မှောင်ဖုံး၍ အမှန်တရား၏အလင်းရောင်ကို မမြင်နိုင်သူအချို့ကြောင့် သက်ဆိုးရှည်နေသည့် CDM တိမ်ပုပ်အား အချိန်မီအမြန်ဆုံးဖယ်ရှားပေးရန် လိုလားလျက်ရှိသည့် ပြည်သူများ၏ ရင်ဖွင့်သံကို ဤသို့ကြားသိခဲ့ရပါသည်။

ဝမ်းတွင်းမြို့နယ်မှ တောင်သူတစ်ဦးဖြစ်သူ ဦးညွန့်ဝေက “အခုချိန်က ကျွန်တော်တို့ဒေသမှာ ကြက်သွန်နီပေါ်တဲ့အချိန်ပါ။ တောင်သူလေးတွေဆို တစ်ဦးကို ကြက်သွန်နီပိဿာချိန် ၇၀၀၀၊ ၈၀၀၀ လောက်ရတယ်။ တောင်သူကြီးတွေဆို ၁၀၀၀၀၊ ၁၀၀၀၀ ကျော်လောက်ရပါတယ်။ အခုလို မြို့ပေါ်တွေမှာ ဆန္ဒပြတာတွေရှိနေတော့ ပွဲရုံတွေပိတ်ပြီး အရောင်းအဝယ်တွေလည်း ရပ်ကုန်တော့တာပဲ။ ကျွန်တော်တို့တောင်သူတွေဆိုတာ တစ်ရာသီထွက်တာရောင်းပြီး ကျန်းမာရေး၊ လူမှုရေး၊ လှူရေးတန်းရေးအတွက်နဲ့ နောက်တစ်ရာသီစိုက်ဖို့အတွက် ပြန်ပြီးပြင်ဆင်ကြရင်း ဘဝကို အေးအေးချမ်းချမ်းဖြတ်သန်းကြတဲ့သူတွေပါ။

ကျွန်တော်ဆို ဒီသီးနှံတွေကိုရောင်းပြီးမှ ကျန်းမာရေးမကောင်းတဲ့ ကျွန်တော့်အမေကို ဆေးကုပေးချင်တာ၊ အခုတော့ဗျာ သီးနှံတွေလည်းမရောင်းရ၊ ဆေးရုံဆေးခန်းတွေကလည်းပိတ်နဲ့ ဘယ်လိုလုပ်ရမှန်းကို မသိတော့ပါဘူးဗျာ။ အခုလို CDM လှုပ်ရှားမှုတွေနဲ့အတူ ဆူပူအကြမ်းဖက်မှုတွေ လုပ်နေကြတော့ ကျွန်တော်တို့လို အေးအေးချမ်းချမ်းနေချင်တဲ့ ပြည်သူတွေ ဒုက္ခရောက်ရတာပေါ့ဗျာ။ အခုဆို ကြက်သွန်ဈေးက မကောင်းတော့ ရင်းထားတဲ့ သွင်းအားစုဖိုးစရိတ်စကတွေဆို ကျွန်တော်တို့အတွက် ဘယ်လိုမှ အဆင်မပြေဘူး ဖြစ်နေတယ်။ အချိန်တန်ရင် သူ့အကျိုးနဲ့သူ့အကြောင်း ရှိပြီးသားပဲလို့ ကျွန်တော်ကတော့ ယုံကြည်တယ်။ ဒါကြောင့် ကျွန်တော်ကတော့ ဆန္ဒပြပွဲတွေလည်း မသွားဘူး၊ CDM လုပ်တာတွေကိုလည်း အားလည်းမပေးဘူး၊ လုပ်လည်းမလုပ်စေချင်ပါဘူး။ ကျွန်တော်တို့ကတော့ ကိုယ့်တောင်သူအလုပ်လေး အေးအေးချမ်းချမ်းလုပ်၊ ကုန်တွေကိုသင့်တဲ့ဈေးလေးနဲ့ ရောင်းဝယ်ဖောက်ကားမှုတွေ ပုံမှန်ဖြစ်ပြီး ပိုလျှံတာလေးတွေနဲ့ အလှူအတန်းတွေလုပ်နေရရင် စိတ်ချမ်းသာနေတာပါပဲ။ အခုလိုတွေလုပ်နေတာ စိတ်မချမ်းသာဘူးဗျာ။ ဒီကိစ္စတွေ အမြန်ဆုံးတည်ငြိမ်ပြီး ဆေးရုံတွေလည်း အမြန်ဆုံးပြန်ဖွင့်၊ ကျောင်းတွေလည်းဖွင့်၊ လမ်းပန်းဆက်သွယ်ရေးတွေလည်း အမြန်ပြန်ကောင်းပြီး ငြိမ်းငြိမ်းချမ်းချမ်းနေချင်ပါတယ်” ဟု သူ့ခံစားချက်ကို ရင်ဖွင့်ခဲ့ပါတယ်။

CDM လှုပ်ရှားမှုများကို နေရာတော်တော်များများတွင် ပြုလုပ်နေကြသော်လည်း CDM မလုပ်လိုသည့် အေးချမ်းစွာတာဝန်ထမ်းဆောင်ချင်သူများ၏ ရင်တွင်းစကားများကိုလည်း ယခုကဲ့သို့ ကြားသိခဲ့ရပါသည်။

“ကျွန်တော်ကတော့ မြေစာရင်းဦးစီးဌာနက ဝန်ထမ်းတစ်ဦးပါ။ ကျွန်တော့်ပတ်ဝန်းကျင်မှာ CDM လုပ်သူတွေရှိသလို မလုပ်တဲ့သူတွေလည်း အများအပြားရှိပါတယ်။ ကိုယ့်ခံယူချက်နဲ့ကိုယ်မို့ ကျွန်တော်ကတော့ CDM မလုပ်ပါဘူး။ နံနက်ပိုင်း ရုံးဖွင့်ချိန်ဆို ကျွန်တော်တို့ရုံးရှေ့မှာ ဆန္ဒပြပိတ်ဆို့သူတွေနဲ့ ပြည့်နေခဲ့ပါတယ်။ အဲဒီကြားထဲကပဲ ကျွန်တော်တို့ကလည်း အလုပ်ရအောင်လုပ်ကြပါတယ်။ ကိုယ့်လမ်းကိုယ်လျှောက်သူချင်းအတူတူ ဘယ်သူ့ဘယ်သူ့ကိုမှ အပြစ်မပြောလိုပေမယ့် အခုလို ကိုယ့်အလုပ်ကိုယ်လုပ်ပြီး တာဝန်ထမ်းဆောင်တာကိုပဲ ခိုးကြောင်ခိုးဝှက်လုပ်ပြီး အပြစ်အမှားလုပ်ထားသလို ပြောဆိုခံ၊ ပြုမူခံနေရတာ အတော်စိတ်မကောင်းဘူးဗျာ။ အရေးယူမှုတွေ လုပ်နေပေမယ့် ကျွန်တော်တို့ စိတ်အေးရအောင်၊ အဖြူအမည်းသဲသဲကွဲကွဲဖြစ်အောင် အမြန်ဆုံး စီစဉ်လုပ်ဆောင်ပေးဖို့ပဲ မျှော်လင့်ပါတယ်။ အပြုံးလေးနဲ့ ရုံးတက်ချင်လှပါပြီ”ဟု မြေစာရင်းဦးစီးဌာနမှ အကြီးတန်းစာရေး ကိုဝင်းထွန်း(အမည်လွှဲ)က သူ့ရဲ့ ခံစားချက် ခံယူချက်များကို ပြောပြခဲ့ပါတယ်။

CDM လုပ်ဖို့ စည်းရုံးခံရသည့် ဝန်ထမ်းတစ်ဦး၏ မိခင်တစ်ဦးကလည်း အခုလိုပြောပြခဲ့ပါသည်။ “ကျွန်မသားက အစိုးရဝန်ထမ်းတစ်ဦးပါ။ သူတို့ရုံးက သူ့ရဲ့စီနီယာတွေ၊ ဂျူနီယာတွေ၊ သူငယ်ချင်းတွေက CDM လုပ်ကြတော့ သူလည်းပါရမလို မပါရမလိုဖြစ်နေတာ။ ကျွန်မကလည်း အငြိမ်းစားဝန်ထမ်းတစ်ဦးဆိုတော့ သူ့ကို ဝန်ထမ်းတစ်ယောက်ရဲ့ လိုက်နာရမယ့် ကျင့်ဝတ်တွေ၊ စည်းကမ်းတွေကို သေချာလေးပြောတော့ သူလည်းသဘောပေါက်ပြီး နားလည်လက်ခံခဲ့ပါတယ်။ အခုတော့ အလုပ်လည်းပုံမှန်ဆင်းတယ်။ သူ့အပေါင်းအသင်းတွေကတော့ လာဆွယ်တာတွေရှိပေမယ့် သူက CDM မလုပ်နိုင်ဘူးလို့ အခိုင်အမာငြင်းနိုင်ခဲ့ပါတယ်။ သူတတ်ထားတဲ့ ပညာတွေကို အလဟဿအဖြစ်မခံနိုင်ဘူးလို့လည်း ပြောပါတယ်။ ကျွန်မကတော့ မိခင်တစ်ယောက်အနေနဲ့ ကိုယ့်သားသမီးတွေကို ပျော်ပျော်ရွှင်ရွှင်၊ အေးအေးချမ်းချမ်းနဲ့ အန္တရာယ်ကင်းကင်း နေစေချင်ပါတယ်။ ဒါကြောင့်လည်း အမှားအမှန် ခွဲခြားတတ်အောင်၊ စိတ်ဓာတ်ခိုင်မာအောင်၊ ယဉ်ကျေးသိမ်မွေ့အောင်၊ ကိုယ့်အားကိုယ်ကိုးတတ်အောင် အမြဲသွန်သင်ဆုံးမတယ်။ အခုလို လူငယ်တွေ လမ်းပေါ်ထွက်ပြီးထင်ရာစိုင်းနေကြတာ စိတ်မကောင်းဘူး။ အဓိပ္ပာယ်မဲ့ အချိန်တွေဖြုန်း၊ အသက်တွေ စတေးနေကြတယ်လို့ထင်တယ်။ သူတို့လေးတွေ အန္တရာယ်ဖြစ်မှာ၊ ဒုက္ခရောက်ကြမှာကို မကြုံစေချင်ဘူး၊ မကြည့်လည်း မကြည့်ရက်ဘူး။ ဒါကြောင့် မိဘတွေအနေနဲ့ ကိုယ့်သားသမီးတွေကို ရင်အုပ်မကွာ ထိန်းကြစေချင်ပါတယ်။ သွေးထိုးလှုံ့ဆော်နေသူတွေကိုလည်း ကိုယ့်အတ္တအတွက်နဲ့ အနာဂတ်ရဲ့မျိုးဆက်သစ် အပြစ်မဲ့လူငယ်လေးတွေကို မစတေးကြပါနဲ့လို့ မေတ္တာရပ်ခံချင်ပါတယ်” လို့ မိခင် ဒေါ်နှင်းနှင်း(အမည်လွှဲ)က ပြောသည်။

ပြည်သူနှင့်တစ်သားတည်းဟူ၍ ကြွေးကြော်နေသော်လည်း ပြည်သူများ၏ တကယ့်ခံစားချက်များကို မကြားနိုင်သော CDM လှုပ်ရှားမှုများကြောင့် ကျန်းမာရေးအတွက် ရတက်မအေးဖြစ်နေသူပြည်သူတစ်ဦးကလည်း သူ၏သောကများကို ယခုကဲ့သို့ဖွင့်ဟခဲ့ပါသည်။

“ကျွန်မကတော့ အခုလောလောဆယ် သားအိမ်ခေါင်းကင်ဆာဝေဒနာ ခံစားနေရပါတယ်။ သိတာတော့ နှစ်လလောက်ရှိပါပြီ။ အစောပိုင်းက ကျောက်ဆည်ဆေးရုံမှာ ရက်ချိန်းနဲ့ပြနေတာပါ။ အဲဒီက ၂ လပိုင်း ၂၈ နေ့ကျ ခွဲစိတ်ရမယ်ဆိုပြီး သောက်ဆေးပေးထားလို့ စောင့်နေတာပါ။ အခုတော့ ဆရာဝန်တွေ၊ ဆရာမတွေက CDM လုပ်ကြတော့ ဆေးရုံတွေလည်း ပိတ်ထားတော့ ဘာဆက်လုပ်ရမှန်း မသိဘဲ စိုးရိမ်နေခဲ့တာ။ အဲဒါ ရေဒီယိုထဲကနေ နီးစပ်ရာတပ်မတော်ဆေးရုံတွေမှာ ကုလို့ရတယ်လို့ ကြေညာသံကြားတာနဲ့ နီးစပ်ရာတပ်မတော်ဆေးရုံမှာ သွားပြဖြစ်ပါတယ်။ ပြရတာတော့အဆင်ပြေပါတယ်။ ဒါပေမယ့် သူတို့ဆီမှာလည်း အရေးပေါ်လူနာတွေရော၊ အရေးပေါ် ခွဲစိတ်လူနာတွေရော၊ အရေးပေါ် မီးဖွားလူနာတွေရော အလွန်များနေလို့ ကျွန်မကို ချက်ချင်းတော့ ခွဲစိတ်မပေးလိုက်သေးပါဘူး။ သောက်ဆေး တစ်လစာပေးပြီး တစ်လပြည့်ရင် ခွဲစိတ်ဖို့လာခဲ့ဖို့ ချိန်းလိုက်ပါတယ်။ ဒီကြားထဲ ရောဂါဆက်မပျံ့ပါစေနဲ့လို့ပဲ ဆုတောင်းနေရပါတယ်။ ကျွန်မသဘောကတော့ CDM လုပ်နေတဲ့ ဆရာဝန်တွေ၊ ဆရာမတွေအားလုံးကို ဆေးရုံတွေဆီ အမြန်ဆုံးပြန်လာစေချင်ပါတယ်။ အခုလို CDM တွေ ဆက်လုပ်နေကြရင် ကြာရင် ကျွန်မတို့လို လူနာပြည်သူတွေ ဒုက္ခဖြစ်ကုန်ကြပါလိမ့်မယ်”ဟု သားအိမ်ခေါင်းကင်ဆာဝေဒနာခံစားနေရသူ ဒေါ်ဝင်းမြိုင်က ပြောသည်။

ဤသို့ အဝိဇ္ဇာအမှောင်ဖုံးကာ အမှန်တရားကို လက်မခံနိုင်သူ အာဏာလက်လွတ်ခဲ့ရသူ လူတစ်စု၏ ယခုကဲ့သို့ CDM လုပ်ရပ်များနှင့် ဆူပူအုံကြွမှုများကိုပြုလုပ်လျက် ကျားကျားမီးယပ် ဇွတ်အတင်းအော်နေပါက ဒီမိုကရေစီအိပ်မက် ညတာရှည်နေဦးမည်သာ။ ။

**တွေ့ဆုံမေးမြန်း-မေချိုးဖြူ**

ကြေးမုံ အယ်ဒီတာ့ထံ ပေးစာ

## ရွာရဲ့ကျန်းမာရေးကိစ္စတွေအတွက် စိတ်မအေးမှုတွေ ခံစားနေရတဲ့အတွက် ကူညီဖြေရှင်းပေးပါ

အယ်ဒီတာခင်ဗျာ-

ယခုတစ်လောဖြစ်ပေါ်နေတဲ့ CDM လှုပ်ရှားမှုနဲ့ပတ်သက်ပြီး ရွာရဲ့ကျန်းမာရေးကိစ္စတွေအတွက် စိတ်မအေးမှုတွေ ခံစားနေရတဲ့အတွက် ကျွန်တော်တို့ အခက်အခဲ ခံစားချက်တွေကို ကူညီဖြေရှင်းပေးပါလို့ မေတ္တာရပ်ခံအပ်ပါတယ်ခင်ဗျာ။ ကျွန်တော်တို့ရွာမှ CDM လုပ်သွားတဲ့ ကျန်းမာရေးမှူး ဆရာလေးကို ပြောပေးပါဗျာ။ မြို့ပေါ်နဲ့ဝေးတဲ့ ကျွန်တော်တို့ရွာကို ဆရာလေးရောက်လာတာ ငါးနှစ်ကျော်ပါပြီ။ ဆရာလေးလို ငယ်ရွယ်တဲ့ ပညာတတ်ဆရာတစ်ဦး ကျွန်တော်တို့ရွာကိုရောက်လာတာဟာ ကျွန်တော်တို့ အဖို့ တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာတစ်ပါးပါ။

အခုလို ခံယူချက်တစ်ခုကြောင့် ကျွန်တော်တို့ကိုပစ်သွားတာ တကယ်စိတ်မကောင်းဘူးဗျာ။ အခုဆို ရွာထဲက ဆီးချိုဖြစ်နေလို့ ဆရာလေးဆီမှာ ဆီးချိုစစ်နေကျသူတွေရော၊ ကလေးမီးဖွားမယ့်သူတွေရော၊ ဆရာ့ဆီမှာ သွေးပေါင်တိုင်းနေကျ ဘကြီးတို့တွေရော၊ ကာကွယ်ဆေးထိုးရမယ့် ကလေးတွေကလည်း ဆရာလေးကို မျှော်နေကြတယ်ဆရာလေးရယ်။ အရင်ကဆို ကျန်းမာရေးကိစ္စနဲ့ပတ်သက်ရင် နေ့နေ့ညည စိတ်အေးအေးနေခဲ့ရတဲ့ ကျွန်တော်တို့တွေ အခုတော့ဆရာလေးရယ် မတော်တဆ တစ်ခုခုများဖြစ်ရင်ဆိုတဲ့စိတ်နဲ့ ခေါင်းမအေးရပါဘူးဆရာလေးရယ်။ မိသားစုလိုခင်ခဲ့လို့ဆရာလေး ပြောပြခဲ့တဲ့ ဆရာလေးအကြောင်းတွေကို ကျွန်တော်သိခဲ့ရပါတယ်။ ဒီအလုပ်ကို ဆရာသိပ်မြတ်နိုးခဲ့လို့ အခက်အခဲတွေအမျိုးမျိုးကို အန်တုကျော်ဖြတ်ကြိုးစားခဲ့ရတာကို ကျွန်တော်အားကျအတုယူခဲ့ရပါတယ် ဆရာလေးရယ်။

ဆရာလေးကို စံပြထားပြီး ကျွန်တော့်သား သမီးတွေကို ဆုံးမခဲ့တာ၊ ဆရာလေးလို ကျန်းမာရေးဆေးဆရာတစ်ယောက်ဖြစ်အောင်ကြိုးစားဖို့ ညွှန်ပြသွန်သင်ခဲ့တာဆရာလေးလည်းအသိပဲမို့အထူးမပြောလိုပါဘူးဆရာလေးရယ်။ ဆရာလေးတို့ပြောတဲ့ နိုင်ငံရေးတော့ ကျွန်တော့်ဉာဏ်နဲ့မမီလို့ သိပ်နားမလည်ဘူး ဆရာလေးရယ်။ ဆရာလေးရဲ့ ကြိုးစားခဲ့ရမှုတွေကို ပြန်တွေးမိရင် ဆရာလေးရဲ့ ခံယူချက်စိတ်ဓာတ်နဲ့ ဆရာလေးချစ်တဲ့ ဒီဆေးပညာတွေကို ဒီလိုအဆုံးသတ်သွားမှာ ကျွန်တော်သိပ်နှမြောတာပဲဗျာ။ ဖြစ်နိုင်ရင်တော့ ဆရာလေးချစ်တဲ့၊ တန်ဖိုးထားတဲ့ဆေးပညာတွေကို လိုအပ်နေတဲ့ ကျွန်တော်တို့ရွာကို အမြန်ပြန်လာခဲ့ပါဗျာ။ ကျွန်တော်တို့ရွာကလူတွေလိုပဲ တခြားပြည်သူတွေလည်း ဆရာလေးတို့လို ဆေးပညာရှင်တွေကို လိုအပ်နေလိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ကျေးဇူးပြုပြီး ပြန်လာပေးပါလို့ ဒီစာလေးနဲ့ တောင်းဆိုပါရစေ။

**ကျေးရွာသူ၊ ကျေးရွာသားများ**

### အယ်ဒီတာ့ထံ ပေးစာကဏ္ဍသို့ ပေးစာများ ပေးပို့နိုင်

ကြေးမုံသတင်းစာ ဖတ်ရှုသူပြည်သူများအနေဖြင့် မိမိတို့ပတ်ဝန်းကျင်၌ ဖြစ်ပျက်နေသော အကြောင်းအရာများကို သတင်းစာဖတ်ပြည်သူများနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများ သိရှိစေရန် အပြုသဘောဖြင့် ရေးသားထားသော ပေးစာများကို ကြေးမုံသတင်းစာ အယ်ဒီတာ့ထံပေးစာကဏ္ဍသို့ လိပ်မူ၍ ပေးပို့နိုင်ပါသည်။

ယင်းကဲ့သို့ ပေးစာများပေးပို့ရာတွင် အမည်၊ ဆက်သွယ်ရမည့် လိပ်စာနှင့် ဖုန်းနံပါတ်တို့ကို ထည့်သွင်းရေးသားရမည်ဖြစ်ပြီး ပေးပို့သည့် ပေးစာအတွက် တာဝန်ယူသည်ဟု ပါရှိရမည်ဖြစ်ပါကြောင်း သတင်းစာဖတ် ပြည်သူများအား အသိပေးဖိတ်ခေါ်လိုက်ပါသည်။

စာတည်းအဖွဲ့

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

၂၀၂၂ ခုနှစ်၊ မတ်လ ၁၂ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ် ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ စစ်ဆေးတွေ့ရှိချက်များအရ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်တွင် ယခင်ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၂၀၄၄၀၃ ဦး ဖြစ်ပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလစာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၁၆၅၄၁၇ ဦး ဖြစ်သည်။ မဲဆန္ဒရှင် စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၁၆၉၄၅ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၂၂၄၈ ဦး၊ ၂ ကြိမ် ပါဝင်နေသူများမှာ ၂၄၀၅၆ ဦး ဖြစ်သည်။

၃။ မဲဆန္ဒရှင်စာရင်းများနှင့်စပ်လျဉ်း၍ စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

**ပြည်ကြီးတံခွန်မြို့နယ်၏ မဲဆန္ဒရှင်စာရင်း စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေးကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ကြိမ် နှင့် အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် မဲရုံပေါင်း ၇၁ ရုံ | ၂၀၄၄၀၃ | ၁၆၅၄၁၇ | ၁၆၉၄၅ | ၂၂၄၈ | ၂၄၀၅၆ |

၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် အခြေအနေများကို သက်ဆိုင်ရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၅။ မြေပြင်စစ်ဆေးချက်များအရ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်တွင် မဲရုံပေါင်း ၇၁ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၂၀၄၃၀၅ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၃၀၇၉၈ ၊ ကျန်ရှိရမည့်အရေအတွက်မှာ ၇၃၅၀၇ ဖြစ်သော်လည်း မြေပြင်လက်ကျန်မှာ ၆၄၉၉၁ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။

**ပြည်ကြီးတံခွန်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိမှု | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် ပျောက်ဆုံး | ကွာခြားချက် အပို |
|---|---|---|---|---|---|---|---|
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၂၀၃၃၅၀ | ၁၃၀၁၉၃ | ၇၃၁၅၇ | ၆၄၆၄၁ | ၉၂၄၂ | ၇၂၆ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၆၀၅ | ၆၀၅ | - | - | - | - |
| ၃ | မြို့နယ်လက်ကျန် မဲလက်မှတ် | ၃၅၀ | - | ၃၅၀ | ၃၅၀ | - | - |
| | စုစုပေါင်း | ၂၀၄၃၀၅ | ၁၃၀၇၉၈ | ၇၃၅၀၇ | ၆၄၉၉၁ | ၉၂၄၂ | ၇၂၆ |

၆။ ရပ်ကွက် ၁၃ ရပ်ကွက်ရှိ မဲရုံများတွင် ကျန်ရှိရမည့် မဲလက်မှတ်အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက်မှာ ၉၂၄၂ ဖြစ်ပြီး ရပ်ကွက် ၄ ရပ်ကွက်ရှိ မဲရုံများတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပေးထားသော မဲလက်မှတ် အရေအတွက်ထက် ၇၂၆ ပိုမိုအသုံးပြုထားကြောင်း စစ်ဆေးတွေ့ရှိရသည်။ စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ရပ်ကွက်အမည် | ထုတ်ပေး ရွက်ရေ | မြေပြင်စစ်ဆေးတွေ့ရှိမှု သုံးစွဲ | မြေပြင်စစ်ဆေးတွေ့ရှိမှု လက်ကျန် | မြေပြင်စစ်ဆေးတွေ့ရှိမှု စုစုပေါင်း | ကွာခြားချက် ပျောက်ဆုံး | ကွာခြားချက် အပို |
|---|---|---|---|---|---|---|---|
| ၁ | ( ခ )ရပ်ကွက် | ၆၄၀၀ | ၅၉၁၂ | - | ၅၉၁၂ | ၄၈၈ | - |
| ၂ | ( ဂ )ရပ်ကွက် | ၆၈၅၀ | ၆၄၀၅ | - | ၆၄၀၅ | ၄၄၅ | - |
| ၃ | ( င )ရပ်ကွက် | ၃၇၅၀ | ၃၃၅၀ | - | ၃၃၅၀ | ၄၀၀ | - |
| ၄ | ( စ )ရပ်ကွက် | ၁၈၉၀၀ | ၁၈၆၄၅ | - | ၁၈၆၄၅ | ၂၅၅ | - |
| ၅ | (ဆ)ရပ်ကွက် | ၂၁၄၅၀ | ၂၀၀၀၀ | - | ၂၀၀၀၀ | ၁၄၅၀ | - |
| ၆ | ( ဇ )ရပ်ကွက် | ၉၉၀၀ | ၉၈၆၁ | - | ၉၈၆၁ | ၃၉ | - |
| ၇ | ( ဈ )ရပ်ကွက် | ၁၂၁၅၀ | ၁၁၉၂၆ | - | ၁၁၉၂၆ | ၂၂၄ | - |
| ၈ | (ည)ရပ်ကွက် | ၉၅၅၀ | ၈၆၅၀ | - | ၈၆၅၀ | ၉၀၀ | - |
| ၉ | ( ဋ )ရပ်ကွက် | ၁၉၇၅၀ | ၁၈၄၀၆ | - | ၁၈၄၀၆ | ၁၃၄၄ | - |
| ၁၀ | ချမ်းမြသာယာ ရပ်ကွက် | ၆၁၀၀ | ၅၄၀၀ | - | ၅၄၀၀ | ၇၀၀ | - |
| ၁၁ | ငွေတော်ကြည်ကုန်း ရပ်ကွက် | ၁၈၇၀၀ | ၁၆၃၁၀ | - | ၁၆၃၁၀ | ၂၃၉၀ | - |
| ၁၂ | တံခွန်တိုင်ရပ်ကွက် | ၁၅၁၀၀ | ၁၄၇၀၀ | - | ၁၄၇၀၀ | ၄၀၀ | - |
| ၁၃ | ထိန်ကုန်းရပ်ကွက် | ၅၇၅၀ | ၅၅၄၃ | - | ၅၅၄၃ | ၂၀၇ | - |
| ၁၄ | ( က ) ရပ်ကွက် | ၄၂၅၀ | ၄၂၅၂ | - | ၄၂၅၂ | - | ၂ |
| ၁၅ | ( ဃ ) ရပ်ကွက် | ၉၅၅၀ | ၉၇၈၈ | - | ၉၇၈၈ | - | ၂၃၈ |
| ၁၆ | တောင်မြင့်ရပ်ကွက် | ၄၁၅၀ | ၄၁၉၆ | - | ၄၁၉၆ | - | ၄၆ |
| ၁၇ | သင်ပန်းကုန်းရပ်ကွက် | ၂၈၀၅၀ | ၂၈၄၉၀ | - | ၂၈၄၉၀ | - | ၄၄၀ |
| | စုစုပေါင်း | ၂၀၀၃၅၀ | ၁၉၁၈၃၄ | - | ၁၉၁၈၃၄ | ၉၂၄၂ | ၇၂၆ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## မဟာရန်ကုန်မြို့ပြဖွံ့ဖြိုးရေး မဟာဗျူဟာစီမံကိန်းလုပ်ငန်းများ ညှိနှိုင်းဆွေးနွေး

ရန်ကုန် မတ် ၁၂

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ငွေး၊ ဒုတိယမြို့တော်ဝန် ဦးညီညီ၊ အတွင်းရေးမှူး ဦးညွန့်ဖေနှင့် ကော်မတီဝင်များသည် ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့တော်ခန်းမ အစည်းအဝေးခန်းမ၌ မြို့ပြစီမံကိန်း ဌာနတာဝန်ရှိသူများနှင့် တွေ့ဆုံကာ မဟာရန်ကုန်မြို့ပြဖွံ့ဖြိုးရေး မဟာဗျူဟာစီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးသည်။



ရှေးဦးစွာ မြို့ပြစီမံကိန်းဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာတိုးအောင်က မဟာရန်ကုန်မြို့ပြဖွံ့ဖြိုးရေးမဟာဗျူဟာစီမံကိန်းကိုလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်စောစန္ဒာဦးက သဘာဝဘေးအန္တရာယ်ဆိုင်ရာ သုတေသနစီမံကိန်းကိုလည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခိုင်မိုးကိုက ရန်ကုန်မြို့ပြဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုစီမံကိန်းကို လည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်စိုးက ရန်ကုန်မြေပုံရေးဆွဲရေးစီမံကိန်းနှင့် ကောင်းကင်ဓာတ်ပုံရိုက်ကူးခြင်းလုပ်ငန်းများကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ မြို့တော်ဝန်နှင့်ကော်မတီဝင်များက စီမံကိန်းနှင့် သက်ဆိုင်သော ဌာနအားလုံး ဟန်ချက်ညီပေါင်းစပ်ညှိနှိုင်း၍ ထိရောက်ပြီး လက်တွေ့ကျသော စီမံကိန်းများဖြစ်စေရေးနှင့် သတ်မှတ်ချိန်အတွင်းပြီးစီးရေး၊ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သည့် ထိန်းကျောင်းမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းနိုင်ရေး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်




မိမိနှင့် မိမိ မိသားစု လုံခြုံစေချင်ပါသလား။ တတ်နိုင်သမျှ အိမ်တွင်နေပါ။ မဖြစ်မနေ အပြင်ထွက်တိုင်း ပါးစပ်နှင့်နှာခေါင်းစည်း ကို စနစ်တကျအသုံးပြုပါ။ အသုံးပြုပြီး ပါးစပ်နှင့်နှာခေါင်းစည်းကို အမှိုက်ပုံးထဲသို့ စနစ်တကျစွန့်ပစ်ပါ။ ပြီးလျှင် လက်ကို စနစ်တကျပြန်ဆေးပါ။

# မစောင့်နိုင်ကြတော့ဘူးလား

**စာချစ်သူ**

"မစောင့်နိုင်ကြတော့ဘူးလား" ဆိုသည့် စာပိုဒ်ကို ရောက်တော့ ဖတ်လက်စ စာအုပ်ကို လက်ကချပြီး အဝေးတစ်နေရာသို့ လှမ်းမျှော်ကြည့်မိ၏။

စိတ်အလျဉ်ကား အတိတ်လွင်ပြင်ဆီသို့ တဖျပ်ဖျပ် လွင့်မျောသွားသည်။ မြင်ကွင်းအချို့ကလည်း ဖျတ်ခနဲ ဖျတ်ခနဲ။ တိတိကျကျဆိုရလျှင် လွန်ခဲ့သော ၃၃ နှစ်၊ ၁၉၈၈ ခုနှစ်။

"ဒီမိုကရေစီရရှိရေး- တို့အရေး၊ တို့အရေး" ၈-၈-၁၉၈၈ ရှစ်လေးလုံးအလွန် နေ့ရက်များတွင် ကြွေးကြော်သံများက ပို၍ ပို၍ တုန်ဟည်းလာသည်။ ဆူပူအုံကြွမှုများကလည်း အတောမသတ်နိုင်။ ပြည်ပအသံလွှင့်ဌာနများက ထုတ်လွှင့်သော လေလှိုင်းထဲက သတင်းများ၊ ခါတော်မီဒီမိုကရေစီသတင်းစာများထဲက သတင်းများကလည်း ဆယ်ကျော်သက်အရွယ် ကျွန်တော်တို့အဖို့မှာ သောတဆင်လို့၊ ဖတ်ရှုလို့ အလွန်ကောင်းလှပါဘိ။

ထိုစဉ်က မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရ၏ သတင်းများကို ကျွန်တော်တို့ နားမဝင်ပါ။ ဟိုတစ်စ ဒီတစ်စကြားရသော မိန့်ခွန်းအပိုင်းအစအချို့ကိုလည်း ဟာသလုပ်ခဲ့၏။ အဆိုးရွားဆုံးအမှားကတော့ သူတို့ပြောသမျှ မုသာဝါဒဟုသာ စိတ်ကစွဲထင်နေခဲ့၏။ မည်သည့်အခါမျှ မိန့်ခွန်းအစ အဆုံးကို အပြည့်အဝနားမထောင်မိခဲ့ပါ။

ဖတ်လက်စ စာအုပ်ကို လက်ကပြန်ကိုင်ပြီး ဆက်လက်ဖတ်ရှုလိုက်တော့ "ကျွန်တော်မိန့်ခွန်းပြောကြားတိုင်း ဆုတောင်းမျှော်လင့်မိသည်မှာ ကျွန်တော်၏စကားများအား ပြည်သူတို့နားထောင်မိစေဖို့နှင့် နားထောင်မိကလည်း ပြောစကားများအပေါ် အချိန်ယူပြီး အေးဆေးစွာ စဉ်းစားဆင်ခြင်ကာ ပြန်လည်တုံ့ပြန်နိုင်ရေးပင်ဖြစ်ခဲ့သည်။ ကျွန်တော်ပြည်သူတို့ထံ ပြောဆိုခဲ့သောစကားများသည် ပကတိသစ္စာစကားများပင်ဖြစ်ခဲ့သည်"ဟု စာရေးသူက မေတ္တာသစ္စာအပြည့်ဖြင့် ဆိုပါသည်။

ကျွန်တော့်လက်ထဲရှိ ဖတ်လက်စစာအုပ်ကား ၁၉၈၈ ရှစ်လေးလုံးအရေးအခင်း နှောင်းပိုင်းကာလတွင် နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ခဲ့သူ ဒေါက်တာမောင်မောင် ကိုယ်တိုင်ရေးသားခဲ့သော "မြန်မာနိုင်ငံ၏ ၁၉၈၈ ခုနှစ် အရေးအခင်း" သမိုင်းမှတ်တမ်း စာအုပ်ပေတည်း။


စာရေးသူ မေတ္တာရပ်ခံသကဲ့သို့ ယခုအေးဆေးစွာပြန်လည်ဖတ်ရှုရင်း စဉ်းစားဆင်ခြင်ကြည့်တော့ ထိုစဉ်က မိမိတို့သည် မျက်စိတစ်ဖက်၊ နားတစ်ဖက်တည်းနှင့် ခရီးရှည်ကြီးတစ်ခုကို လျှောက်လှမ်းခဲ့မိကြပါကော။

၁၉၈၈ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ ဥက္ကဋ္ဌရာထူးလက်ခံစဉ်က ပါတီဗဟိုကော်မတီသို့ ဒေါက်တာမောင်မောင်ပြောကြားခဲ့သော မိန့်ခွန်းကို ယခုမှ ကျွန်တော် သေချာစေ့ငုစွာ ဖတ်ရှုလိုက်တော့.......

"ဗဟိုကော်မတီဝင်များခင်ဗျား၊

ပြည်သူတွေနဲ့လက်တွဲပြီး ကျွန်တော်တို့မှာ လုပ်စရာတွေ အများကြီးရှိပါသေးတယ်၊ သွားစရာခရီးရှည်ပါသေးတယ်၊ ပြောဟော၊ သူမှား၊ ငါမှား အငြင်းပွားနေလို့ အကျိုးမထူးပါဘူး။ တလူလူတက်နေတဲ့ ပြည်သူ့မျှော်လင့်ချက်တွေ အကုန်အစုံ ချက်ချင်း ဖြည့်ဆည်းမပေးနိုင်တောင်မှ ကျယ်ကျယ်ပြန့်ပြန့် အေးချမ်းစွာ လေ့လာစုံစမ်းပြီး တရားမျှတတဲ့ ပြည်သူ့ဆန္ဒတွေထဲက အမြန်ဆုံး အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးနိုင်တာတွေကို ဖြည့်ဆည်းပေးရပါမယ်" ဟု တွေ့မြင်ဖတ်ရှုလိုက်ရသည်။

၁၉၈၈ ခုနှစ် ဩဂုတ်လ ၂၄ ရက်နေ့ ညနေပိုင်းတွင် ရုပ်မြင်




သံကြားနှင့် ရေဒီယိုအသံလွှင့်အစီအစဉ်တို့မှ တစ်ဆင့် ပြည်သူလူထုထံသို့ ပြောကြားခဲ့သော မိန့်ခွန်းတွင်-

"ပြည်သူ ပြည်သားအပေါင်းတို့ ခင်ဗျာ-----
တစ်ပါတီစနစ်ကို ဆက်လက်ကျင့်သုံးမလား၊
ပါတီစုံစနစ်ကို ပြောင်းပြီး ကျင့်သုံးကြမလား
ဆိုတာနဲ့ပတ်သက်ပြီး ပြည်သူ့ဆန္ဒ ခံယူရေးကိစ္စကို ပြောလိုပါတယ်။

ဒီကိစ္စကို ပါတီဥက္ကဋ္ဌကြီးကပဲ ဇူလိုင်လက ကျင်းပခဲ့တဲ့ အရေးပေါ်ပါတီညီလာခံမှာ ဖွင့်ပေးခဲ့တာပါ။ အကြောင်းကြောင်းပေါင်းပြီး တစ်ပါတီစနစ်ကြိုက်လား၊ ပါတီစုံစနစ်ကြိုက်သလား ပြည်သူ့ဆန္ဒ ကျယ်ကျယ်ပြန့်ပြန့် ခံယူကြဖို့ကို ညီလာခံက လက်မခံခဲ့ပါဘူး။

အဲဒီတော့ နိုင်ငံအကျိုး၊ အများပြည်သူအကျိုး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့ကို ရှေ့ထားပြီး ကျွန်တော်တို့ ဒီလိုစီစဉ်ဆောင်ရွက်ကြပါတယ်။

အရေးပေါ်ပါတီညီလာခံ အမြန်ဆုံး ပြန်ခေါ်ပါမယ်၊ ပြည်သူ့ဆန္ဒခံယူရေးကိစ္စကို ပြန်တင်ပါမယ်၊ တစ်နိုင်ငံလုံး တောင်ပေါ်မြေပြန့် အနှံ့အပြားက ကိုယ်စားလှယ်တွေကို ခေါ်ရမှာမို့ နောက်နှစ်ပတ်၊ သုံးပတ်အတွင်း ဖြစ်အောင်ခေါ်ပါမယ်။ ပြည်သူ့ဆန္ဒခံယူဖို့ သဘောမတူဘူးဆုံးဖြတ်ခဲ့ရင် ပါတီဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်တွေအားလုံးက မိမိတို့တာဝန်မှ နုတ်ထွက်ကြပြီး ပါတီဝင်အဖြစ်မှလည်း အနားယူကြပါမယ်။

ပြည်သူတွေက တစ်ပါတီစနစ်ကို ပြင်လိုက်ပါ၊ ပါတီစုံစနစ်ကို လက်ခံတယ်ဆိုလာရင် ပြည်သူ့လွှတ်တော် အမြန်ခေါ်၊ ပါတီစုံစနစ်ကို ပြဋ္ဌာန်း၊ ကျန်ရှိသေးတဲ့ လွှတ်တော်သက်တမ်းကို လျှော့ပေါ့၊ ပါတီစုံပါဝင်ယှဉ်ပြိုင်ကြမယ့် အထွေထွေရွေးကောက်ပွဲတွေကို ကျင်းပပေးဖို့ လုပ်ပါမယ်။ အဲဒီရွေးကောက်ပွဲတွေကို ကြီးကြပ်ဖို့ ကော်မရှင်မှာလည်း ပြည်သူတွေအဆိုပြုတဲ့၊ အများလေးစားတဲ့ ပုဂ္ဂိုလ်များကို ညှိနှိုင်းထည့်သွင်းပေးပါမယ်" ဟု ပြောကြားခဲ့သည်။

ထို့အတူ ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် ရုပ်မြင်သံကြားနှင့် ရေဒီယိုမှတစ်ဆင့် ပြည်သူလူထုထံ ထပ်မံပြောကြားခဲ့သော မိန့်ခွန်းတွင် "ပြင်စရာရှိရင်တော့ ပြင်ရမှာပေါ့၊ ပြင်သင့်ရင်ပြင်ချင်လို့ပဲ ပါတီစုံကိစ္စကို ပါတီညီလာခံမှာ ဇူလိုင်လက ဖွင့်ပေးခဲ့တာပါ။ အဲဒီမတိုင်ခင်က ဘယ်သူကမှ ဒီကိစ္စကို သတိရတာ၊ တောင်းဆိုတာ မရှိခဲ့ပါဘူး။

ပြည်သူ့ဆန္ဒခံယူပွဲမှာ၊ ရွေးကောက်ပွဲတွေမှာ လွတ်လပ်တရားမျှတမယ်သာဆိုရင် ပြည်သူအများစုရဲ့ စစ်မှန်တဲ့ဆန္ဒ ပေါ်လွင်ထင်ရှားလာမှာပါ။ အဲဒီလိုပေါ်လွင်ထင်ရှားလာသည်အထိ မစောင့်နိုင်ကြတော့ဘူးလား။

ဒါကြောင့် အခြေခံဥပဒေကို ဖျက်ပါ။ လွှတ်တော်ကို ဖျက်ပါ၊ ကောင်စီတွေဖျက်ပါ၊ ကြားဖြတ်အစိုးရဖွဲ့ပါဆိုတာတွေက ဘယ်နည်းကို တောင်းဆိုနေကြတာပါလဲ။ ရှင်းရှင်း၊ လက်တွေ့ကျကျ၊ ပြည်သူတွေ နားလည်အောင် တင်ပြကြဖို့လိုပါတယ်" ဟု ပြောကြားခဲ့သည်ကို ဖတ်ရှုရပြန်ပါသည်။

တစ်ဆက်တည်းမှာပင် "ပြည်သူ့ဝန်ထမ်းတွေ၊ သယ်ယူပို့ဆောင်ရေးဝန်ထမ်းတွေ၊ ဘဏ်ဝန်ထမ်းတွေ အားလုံးအလုပ်ခွင်ပြန်ဝင်ကြပြီး ပြည်သူ့အကျိုးကို သယ်ပိုးကြပါ။ ပြည်သူတွေ စားဝတ်နေရေး ကျပ်တည်း၊ သွားလာရေးခက်ခဲနေကြပါပြီ။ ဝန်ထမ်းတွေ ဆန္ဒအလျောက်ပဲဖြစ်စေ၊ မလွှဲမရှောင်သာလို့ပဲဖြစ်စေဆန္ဒပြကြရာမှာပါကြ၊ စာတမ်းတွေတင်ခဲ့ကြတာကို ကျွန်တော်နားလည်သဘောပေါက်ပါတယ်။ အရေးမယူပါဘူး၊ နောင်အခါမှာတော့ စည်းကမ်းရှိရှိ၊ တာဝန်သိသိ၊ ဖြောင့်မတ်တည်ကြည်စွာ ဌာနတာဝန်ကို ထမ်းဆောင်ကြပါ။ ပြည်သူ့အကျိုးကို ပြုနိုင်ကြအောင်၊ ပြည်သူ့ဝန်ကို ကျေကျေပွန်ပွန်ထမ်းဆောင်နိုင်ကြအောင် ပြည်သူ့ဝန်ထမ်းများ၊ ပြည်သူ့ရဲများကိုလည်း ပြည်သူတွေက ကူညီကြပါ" ဟု ပြောကြားခဲ့၏။

ထို့အပြင် စာရေးသူနိုင်ငံတော်သမ္မတ(ငြိမ်း) ဒေါက်တာမောင်မောင်သည် ထိုစဉ်က သူ၏ စိတ်ခံစားချက်နှင့် ခေတ်သမိုင်းအဖြစ်သနစ်တို့ကိုလည်း ရေးသားခဲ့ပြန်၏။

"သူတို့မှ ကျွန်တော့်အား အပြောင်အပျက် နာမည်များဖြင့် စတင်ခေါ်ဆို ထိုးနှက်လာစဉ်က ကျွန်တော်စိတ်အနည်းငယ်ထိခိုက်ခဲ့သည်။ သို့သော်လည်း နားလည်ခွင့်လွှတ်ပေးလိုက်ပါသည်။ "မောင်မောင် ငါတို့ကို ဒီမိုကရေစီချက်ချင်းပေး" ဟူ၍ ကလေးများက ချီတက်လမ်းလျှောက်ကာ သံပြိုင်အော်ကြသည်။ သူတို့ တောင်းဆိုသည့် ဒီမိုကရေစီဟူသောအရာသည် ကျွန်တော်၏ အင်္ကျီအိတ်ကပ်ထဲမှ ထုတ်ယူပြီး သူတို့တောင်းဆိုသလို ချက်ချင်းလက်ငင်းပေးနိုင်ခဲ့ရင် ဘယ်လောက်များကောင်းလိမ့်မတုန်း၊ ဒါဆိုရင်လည်း ပြဿနာအားလုံး တစ်ခါတည်း ပြီးပြတ်သွားလိမ့်မည်ဟူ၍ ကျွန်တော် တွေးတောမိသည်။

"ကျွန်တော်တို့ကတော့ နိုင်ငံတော်ကို တစ်လှမ်းပြီးတစ်လှမ်း၊ တစ်ဆင့်ချင်းတစ်ဆင့် ဘာပဲဖြစ်ပါစေ ပြည်သူတို့လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်သို့ အရောက်ပို့ဆောင်နိုင်ရေး ဆုံးဖြတ်ချက်ချပြီးသားဖြစ်သည်။

"ဒီမိုကရေစီဟူသည့် စကားလုံးသည်လည်း ဖက်ရှင်တစ်ခုသဖွယ် ဆောင်ပုဒ်တစ်ခုလိုလို အစွဲအလမ်းတစ်ခုပမာဖြင့် ကျွန်တော်တို့နိုင်ငံတွင် တစ်ခါမှမကြားဖူးသည့် စကားသစ်ဆန်းယောင်ယောင်ရေပန်းစားနေတော့သည်။ ရန်ကုန်မြို့တွင်း စားသောက်ဆိုင် တစ်ခုမှ ယခင်က "ဆိုရှယ်လစ်ကြက်ဆီထမင်း" ရောင်းကောင်းခဲ့ရာမှ "ဒီမိုကရေစီ ကြက်ဆီထမင်း" ဟူ၍ အမည်ပြောင်းလိုက်သည်။ ထမင်းတွင်ပါဝင်သည့် စားဖွယ်အမည်များ ဘာမျှမပြောင်းလဲသော်လည်း မတည်ငြိမ်မှု၊ ဆူပူဆန္ဒပြမှုတို့ကြောင့် ရောင်းဈေးကတော့ တက်သွားခဲ့လေပြီ" ဟူ၍ ရေးသားခဲ့သည်။

၁၉၈၈ခုနှစ် စက်တင်ဘာလ ၁၀ ရက်နေ့ နံနက်ခင်းတွင် စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော်အရေးအပေါ်အစည်းအဝေးကို စတင်ကျင်းပခဲ့သည်။

စာမျက်နှာ ၁၉ သို့ ❂

**ပြည်သူတွေနဲ့လက်တွဲပြီး ကျွန်တော်တို့မှာ လုပ်စရာတွေ အများကြီးရှိပါသေးတယ်၊ သွားစရာခရီးရှည်ပါသေးတယ်၊ ပြောဟော၊ သူမှား၊ ငါမှား အငြင်းပွားနေလို့ အကျိုးမထူးပါဘူး။ တလူလူတက်နေတဲ့ ပြည်သူ့မျှော်လင့်ချက်တွေ အကုန်အစုံ ချက်ချင်းဖြည့်ဆည်းမပေးနိုင်တောင်မှ ကျယ်ကျယ်ပြန့်ပြန့် အေးချမ်းစွာ လေ့လာစုံစမ်းပြီး တရားမျှတတဲ့ ပြည်သူ့ဆန္ဒတွေထဲက အမြန်ဆုံး အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးနိုင်တာတွေကို ဖြည့်ဆည်းပေးရပါမယ် ဟု တွေ့မြင်ဖတ်ရှုလိုက်ရ**

# လူ့အခွင့်အရေးကောင်စီ၏ (၄၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် မြန်မာနိုင်ငံဆိုင်ရာ ဆွေးနွေးမှုများသို့ ပါဝင်ဆွေးနွေး

**နေပြည်တော် မတ် ၁၂**

ဂျီနီဗာမြို့ ကုလသမဂ္ဂအဆောက်အအုံ၌ ပြုလုပ်နေသည့် လူ့အခွင့်အရေးကောင်စီ၏ (၄၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလအတွင်း ၂၀၂၁ ခုနှစ် မတ် ၁၁ ရက်တွင် မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ၏ အစီရင်ခံစာအပေါ် အပြန်အလှန်ဆွေးနွေးခြင်းနှင့် ၂၀၂၁ ခုနှစ် မတ် ၁၂ ရက်တွင် မြန်မာနိုင်ငံ၌ ကုလသမဂ္ဂ၏ ပါဝင်မှု အခန်းကဏ္ဍဆိုင်ရာ ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်၏ အစီရင်ခံစာအပေါ် နှုတ်ဖြင့် တင်ပြချက်အပေါ် အထွေထွေဆွေးနွေးခြင်းအား ပြုလုပ်ခဲ့သည်။ အဆိုပါဆွေးနွေးမှုများတွင် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးချမ်းအေးနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်သူငြိမ်းတို့က ဗီဒီယိုမိန့်ခွန်းများ ပေးပို့ပြောကြားခဲ့ပြီး ဂျီနီဗာမြို့ရှိ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးက အွန်လိုင်းမှတစ်ဆင့် ပါဝင်တက်ရောက်ခဲ့ကြသည်။



မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ၏ အစီရင်ခံစာအပေါ် အပြန်အလှန်ဆွေးနွေးရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတစ်နိုင်ငံ၏ လူ့အခွင့်အရေးကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်ရာတွင် အားလုံးပါဝင်ခြင်း၊ ဘက်လိုက်မှုမရှိခြင်း၊ ဓမ္မဓိဋ္ဌာန်ကျခြင်းနှင့် ရွေးချယ်မှုမရှိခြင်း စသည့်မူများနှင့် ကိုက်ညီမှုမရှိသည့် နိုင်ငံတစ်နိုင်ငံအပေါ် မျှတမှုမရှိဘဲ ဦးတည်အရေးယူသည့် လုပ်ပိုင်ခွင့်များကို အစဉ်တစ်စိုက် ဆန့်ကျင်ခဲ့ကြောင်း၊ သို့သော် မြန်မာအစိုးရအဆက်ဆက်အနေဖြင့် အထူးအစီရင်ခံစာ တင်သွင်းသူများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ၎င်းတို့၏ အဆိုပြုခရီးစဉ်များကို လက်ခံစီစဉ်ပေးခဲ့ကြောင်း၊ ယင်းသို့ ပူးပေါင်းဆောင်ရွက်ခဲ့သော်လည်း ယခင်အထူးအစီရင်ခံစာတင်သွင်းသူ Ms. Yanghee Lee အနေဖြင့် ၎င်းလိုက်နာရမည့် code of conduct ကို လိုက်နာမှုမရှိခြင်းကြောင့် ၎င်းနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ခြင်းမပြုရန် ဆုံးဖြတ်ခဲ့ကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့ပြင် တပ်မတော်အနေဖြင့် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖေဖော်ဝါရီ ၁ ရက်နေ့က တာဝန်ယူခဲ့ကြောင်းနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ချမှတ်ထားသည့် မူဝါဒများနှင့် အရေးပေါ်အခြေအနေ ကြေညာထားသည့်ကာလအတွင်း ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ် ၅ရပ်တို့ကို ထုတ်ပြန်ခဲ့ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တည်ဆဲဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံ၏ လက်ရှိအခြေအနေနှင့် ကိုက်ညီပြီး မြန်မာပြည်သူများ လိုလားသည့် ဒီမိုကရေစီစနစ်ကို ထိန်းသိမ်းကာ ဒီမိုကရေစီပြောင်းလဲရေးကို ဆောင်ရွက်သွားမည့် ကတိကဝတ်ကို ထုတ်ဖော်ပြောကြားထားပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တည်ဆဲဥပဒေများ၊ အမျိုးသားရေးဦးစားပေးများနှင့် လိုအပ်ချက်များနှင့်အညီ သက်ဆိုင်ရာ ကုလသမဂ္ဂယန္တရားများနှင့် အပြုသဘော ပူးပေါင်းဆောင်ရွက်မှုများနှင့် ထိတွေ့မှုများကို ဆက်လက် ပြုလုပ်သွားမည်ဖြစ်ကြောင်းနှင့် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအသိုက်အဝန်း၏ နားလည်မှုနှင့် အပြုသဘော ထိတွေ့မှုများသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ် စနစ်တကျ တိုးတက်မှုအတွက် များစွာ အထောက်အကူပြုလိမ့်မည်ဖြစ်ကြောင်း အမြဲတမ်းအတွင်းဝန်က ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် ကုလသမဂ္ဂ၏ပါဝင်မှု အခန်းကဏ္ဍဆိုင်ရာ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အစီရင်ခံစာအပေါ် အထွေထွေဆွေးနွေးမှုတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်ရေးသည် မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒ၏ အခြေခံအုတ်မြစ်ဖြစ်ကြောင်း၊ သက်ဆိုင်သည့် ကုလသမဂ္ဂ အေဂျင်စီများနှင့် ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး၊ ကုလသမဂ္ဂဌာနေ ကိုယ်စားလှယ်အဖွဲ့တို့နှင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကုလသမဂ္ဂဌာနေ ကိုယ်စားလှယ်အဖွဲ့၏ အဓိကအခန်းကဏ္ဍမှာ အိမ်ရှင်နိုင်ငံ၏ ရည်မှန်းချက်များနှင့် ဦးစားပေးများနှင့်အညီ ထိရောက်သော ပေါင်းစည်းမှုများအတွက် အရေးယူဆောင်ရွက်မှုများကို ဆောင်ရွက်ရန်နှင့် အိမ်ရှင်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အကူအညီပေးရန်ဖြစ်ကြောင်း၊ ညှိနှိုင်းခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် အိမ်ရှင်နိုင်ငံနှင့် ကုလသမဂ္ဂအေဂျင်စီများအကြား အပြန်အလှန်ယုံကြည်မှုကို တည်ထောင်နိုင်မည်ဟု ယုံကြည်ကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❂ စာမျက်နှာ ၁၈ မှ

နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်က နိဂုံးချုပ်မိန့်ခွန်းတွင် "ပါတီညီလာခံကိုယ်စားလှယ်များက တစ်ပါတီစနစ်ကို ဆက်လက်ထားရှိမည်လား၊ ပါတီစုံစနစ်ကိုပဲ ပြောင်းကြတော့မည်လားဆိုတဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ မူလပြဋ္ဌာန်းချက်ကို ပြည်သူတွေ ပြန်လည်စဉ်းစားနိုင်ကြဖို့၊ ပြည်သူ့ဆန္ဒခံယူကြဖို့ အခြေအနေမပေးတော့ပါဘူး။

ပြည်သူတွေလည်း ဒီပြဿနာနဲ့ပဲ အစားဆင်းရဲ၊ အနေဆင်းရဲဖြစ်ကြရပြီ။ ဒါကြောင့် ပါတီစုံစနစ်နဲ့ အထွေထွေရွေးကောက်ပွဲများကို အမြန်ဆုံးကျင်းပပေးသင့်ပါတယ်လို့ ဆုံးဖြတ်တာဟာလည်း ပြည်သူ့အကျိုးကို ပါတီရဲ့အကျိုးထက် အလေးအနက်ထားကြတာ ထင်ရှားပါတယ်။

ပါတီညီလာခံက ဆုံးဖြတ်လိုက်ကြတဲ့အတိုင်း နက်ဖြန်မှာ ကျင်းပမယ့် ပြည်သူ့လွှတ်တော်မှာ ပါတီစုံဒီမိုကရေစီစနစ်သို့ လွှဲပြောင်းစမ်းသပ်ကျင့်သုံးနိုင်ဖို့ လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ခံယူကြပါမယ်။


ပြီးတာနဲ့ ပါတီစုံပါဝင်ယှဉ်ပြိုင်ကြမယ့် အထွေထွေရွေးကောက်ပွဲကြီးကို အမြန်ဆုံး၊ အမျှတဆုံး၊ အလွတ်လပ်ဆုံးဖြစ်အောင် ကျင်းပပေးနိုင်ကြဖို့ စီစဉ်ထားပါတယ်" ဟုပြောကြားခဲ့၏။ ထိုစဉ်က ကျင်းပခဲ့သော စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော် အရေးပေါ်အစည်းအဝေးတွင် တစ်ပါတီစနစ်ကြိုက်လား၊ ပါတီစုံစနစ်ကြိုက်သလားဟူသည့် ပြည်သူ့ဆန္ဒခံယူပွဲအစား ပါတီစုံအထွေထွေရွေးကောက်ပွဲကြီးကို သုံးလအတွင်း ကျင်းပပေးမည်ဟု ဆုံးဖြတ်ကြေညာပြီး ရွေးကောက်ပွဲကော်မရှင်ကို ရွေးချယ်တာဝန်ပေးအပ်လိုက်လေသည်။

အရေးပေါ်အစည်းအဝေးအပြီးတွင် နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်က နှုတ်ခွန်းဆက်မိန့်ခွန်း ပြောကြားရာတွင် –

"ဒီနေ့ ပြည်သူ့လွှတ်တော်က တစ်ပါတီမူကိုကျော်ပြီး ပါတီစုံဒီမိုကရေစီစနစ်နဲ့ အထွေထွေရွေးကောက်ပွဲများ အမြန်ဆုံးကျင်းပပေးဖို့ ဆုံးဖြတ်လိုက်ကြပါပြီ။

ဒီဆုံးဖြတ်ချက်ဟာ သမိုင်းမှတ်တိုင်တစ်ခုဖြစ်မယ့် ဆုံးဖြတ်ချက်ပါ။ ဆုံးဖြတ်ချက် မှန်၏၊ မှား၏ကိုလည်း သမိုင်းကပဲ နောင်အနှစ် ၂၀၊ ၂၅ နှစ်ကြာလောက်တော့မှ အဖြေပေးမှာပါ။

ကျွန်တော်တို့ဝမ်းနည်းရတာတွေ အချို့ကတော့ ဒီမိုကရေစီ




ဆိုပြီး နိုင်ငံတော်အလံကို ဖောက်ထိုးလွှင့်ကြတာတွေ၊ ခြေနဲ့နင်းကြတာတွေ၊ ပြည်သူတွေ ဝါးထရံနောက်ကွယ်မှာ နေ့-ည စိုးစိုးရိမ်ရိမ်နေကြရတာတွေ၊ အစားဆင်းရဲ၊ အနေဆင်းရဲ ဖြစ်နေကြရတာတွေ၊ လမ်းပန်းအဆက်အသွယ်တွေ ပြတ်တောက်ပြီး၊ စားနပ်ရိက္ခာတွေ စားသုံးသူပြည်သူထဲ ချောမောစွာ သက်ဆင်းခြင်းမရှိတာတွေ၊ ကျောင်းသားတွေ ငြိမ်းချမ်းစွာ ပညာသင်နိုင်တဲ့ အခြေအနေမရှိတော့ဘဲ လမ်းပေါ်မှာ ဆန္ဒပြနေကြတာတွေ၊ ဝန်ထမ်းတွေ ဆန္ဒပြနေကြလို့ ပြည်သူတွေ ခက်ခဲဆင်းရဲနေကြတာတွေ၊ လူကြီးတွေကို သူတို့ရဲ့ မိသားစုပါမကျန်အောင် ရက်နဲ့ရင်းကြမ်းတမ်းစွာ မဟုတ်မမှန် ပုတ်ခတ်နေကြတာတွေ စတာတွေပါပဲ။ တာဝန်သိတဲ့ နိုင်ငံရေးခေါင်းဆောင်များကတော့ ဒီလို ဒေါသတွေ နှိုးဆွပေးကြမည်မဟုတ်ပါဘူး။ စည်းကမ်းရှိကြဖို့၊ ဒီမိုကရေစီဆိုတာ ကိုယ်ထင်ရာ ကိုယ်လုပ်ပိုင်ခွင့်မဟုတ်ဘူး၊ ယဉ်ကျေးသိမ်မွေ့ရတယ်။ သူတစ်ပါးရဲ့ ဆန္ဒကိုလည်း လေးစားရတယ်လို့ ပြောဆိုဆုံးမကြမှာပါ။ သို့ပေမယ့် စိတ်တက်ကြွနေတဲ့ လူထုကြီးကို နှိုးဆွဖို့ လွယ်တယ်။ ဖျောင်းဖျဖို့ ခက်ပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား…

လွှတ်တော်ရဲ့သက်တမ်းကို လိုသလိုလျှော့ပေါ့ပေးပြီး သုံးလအတွင်း ပါတီစုံအထွေထွေရွေးကောက်ပွဲကြီး ကျင်းပပေးဖို့ ကျွန်တော်တို့ ဆုံးဖြတ်ပြီးပါပြီ။

ဘယ်ဒီမိုကရေစီနိုင်ငံမှာမှ လွှတ်တော်ကို အခုလိုသက်တမ်းလျှော့ပြီး ရွေးကောက်ပွဲတွေ လုပ်ပေးရုံမက လက်ရှိအစိုးရပိုင်းက ပုဂ္ဂိုလ်တွေအားလုံးရွေးကောက်ပွဲမဝင်ဘဲ အသစ်တက်လာမယ့်အဖွဲ့ကို လွှဲပေးဖို့မရှိပါဘူး။ ထွက်သွားလျှင်လည်း တစ်ယောက်နှစ်ယောက်ပေါ့။ ဒီလိုလုပ်တာဟာ ကျွန်တော်တို့ ကြောက်ရွံ့စိုးရိမ်လို့ မဟုတ်ပါဘူး။ ပြည်သူ့အပေါ် မေတ္တာအမှန်ထားလို့၊ တရားဥပဒေနှင့်အညီ တည်ငြိမ်အေးချမ်းစွာ တာဝန်လွှဲပြောင်းပေးတဲ့ အစဉ်အလာ ခိုင်မာစေချင်လို့၊ နားနားနေနေ နေချိန်တန်လို့၊ ကိုယ့်ထက်ငယ်ရွယ်တက်ကြွ ကျန်းမာတဲ့သူတွေကို ပခုံးပြောင်းပေးချင်လို့ ဖြစ်ပါတယ်။

နောင်တစ်နေ့မှာ အမှန်ကို ရှာပြီး မျှမျှတတ မြန်မာ့သမိုင်းရေးကြမယ့် သမိုင်းဆရာများက ဒီနေ့ဒီလွှတ်တော်ကိုယ်စားလှယ်တွေကို မေ့ကြမှာ မဟုတ်ပါဘူး။ တအံ့တသြ၊ ချီးကျူးဂုဏ်ပြုမော်ကွန်းတင်ကြမှာပါ" ဟူ၍ ပြောကြားခဲ့၏။

လွန်ခဲ့သည့် (၃၃) နှစ်၊ မိမိတို့ဆယ်ကျော်သက်အရွယ်က နားမဝင်၊ အလေးမထား၊ သတိမမူခဲ့သော နိုင်ငံခေါင်းဆောင်တစ်ဦး၏ ပြောစကားမိန့်ခွန်းတို့ကို ပစ္စက္ခ ဆင်ခြင်တုံတရားရှိလာသည့် အသက်အရွယ်တွင် အေးဆေးစွာ ဆင်ခြင်ဖတ်ရှုမိလေတော့ သမိုင်းသင်ခန်းစာယူစရာများက ရင်နှင့်အပြည့်။

ပထမတွဲ၊ ဒုတိယတွဲပါ သီးခြားစာပိုဒ်နှစ်ပိုဒ်ကိုလည်း အနုသန္ဓေဆက်စပ်ကြည့်ပြန်တော့ "နိုင်ငံရေးဟူသည်ကား ဖြစ်နိုင်ခြေရှိသည်ကို ဆောင်ရွက်ခြင်း ပညာရပ်ဖြစ်လေရာ…မစောင့်နိုင်ကြတော့ဘူးလား" ဟု တွေ့မြင်လိုက်ရပါ၏။

ဖတ်ရင်းစဉ်းစား၊ စဉ်းစားရင်းဆင်ခြင်၊ ဆင်ခြင်ရင်း ဆက်ဖတ်နှင့် အစအဆုံးဖတ်ရှုပြီးတော့ အချိန်ကား ည (၈) နာရီပင်ထိုးလုပြီ။ မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်သော ည (၈) နာရီသတင်းလည်း လာလုပြီ။ တီဗွီကိုဖွင့်လိုက်တော့ အနီးဝန်းကျင်တစ်ခိုနေအိမ် အချို့ဆီက "ဒေါင်ဒေါင်ဒေါင်ဒေါင်၊ ဒုန်းဒုန်း ဒုန်းဒုန်း၊ အုန်းအုန်း အုန်းအုန်း" ဟူသော သံချောင်းခေါက်သံ၊ ပုံးတီးသံများကလည်း အချိန်ကိုက်ထွက်ပေါ်လာလေ၏။ သတင်းကြေညာချက်များကို မနည်းအားစိုက်နားသောတ ဆင်ရပါတော့၏။

# ၁၁-၃-၂၀၂၁ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဖေဖော်ဝါရီလ တစ်လတာအတွင်း နိုင်ငံတော်အေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ချက်များ၊ ငြိမ်းချမ်းစွာဆန္ဒပြမှုအသွင်မှ အကြမ်းဖက်ဆူပူမှုအသွင်(Riot)၊ ၎င်းမှ မင်းမဲ့စရိုက်ဆန်သော လူအုပ်စု(Anarchy Mob) အသွင်သို့ ကူးပြောင်းလာသည့်အခြေအနေများ၊ အုပ်ချုပ်မှုယန္တရား ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် လမ်းပန်းဆက်သွယ်မှု၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ ဘဏ်လုပ်ငန်းများနှင့် ရုံးလုပ်ငန်းများ ရပ်တန့်စေရေး CDM လုပ်ဆောင်လာမှုနှင့် CDM တွင်ပါဝင်လာစေရန် ခြိမ်းခြောက်လှုံ့ဆော်လာသည့် အခြေအနေများ၊ တရားမဝင်သည့် CRPH အဖွဲ့ကိုဖွဲ့စည်းပြီး လူထုဆူပူအုံကြွမှု မြင့်မားလာစေရေး၊ အာဏာဖီဆန်ရေးလုပ်ငန်းစဉ်နှင့် အလုံးစုံပျက်သုဉ်းရေးလမ်းကြောင်းပေါ်သို့ တွန်းတင်ခဲ့ပြီး အနာဂတ်လူငယ်လူရွယ်များကို လမ်းပေါ် မထွက် ထွက်အောင် တွန်းအားပေးဆောင်ရွက်ခဲ့သည့်အခြေအနေများ၊ ဖေဖော်ဝါရီလနှင့် မတ်လဆန်းပိုင်းကာလတို့တွင် ဖြစ်ပေါ်ခဲ့သည့် မင်းမဲ့စရိုက်ဆန်စွာ ဆန္ဒပြမှုများနှင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ခဲ့ရသည့် အခြေအနေများ၊ မလေးရှားနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့ရှိ မြန်မာနိုင်ငံသားများ၊ ပညာတော်သင် သံဃာတော်များကို တပ်မတော်ရေယာဉ်၊ လေယာဉ်များဖြင့် သွားရောက်ခေါ်ဆောင်ပေးခဲ့သည့် အခြေအနေများ၊ CDM လုပ်ဆောင်မှုများကြောင့် ကျန်းမာရေးကဏ္ဍတွင် ပြည်သူလူထု အခက်အခဲဖြစ်ခဲ့ရမှုများနှင့် တပ်မတော်ဆေးရုံများ၊ ပြည်သူ့ဆေးရုံများတွင် တပ်မတော် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များက ကျန်းမာရေးဆောင်ရွက်ပေးမှုအခြေအနေများ၊ CDM တွင်ပါဝင်လှုပ်ရှားနေသည့် နိုင်ငံ့ဝန်ထမ်းများကို ထောက်ပံ့နိုင်ရေးအမည်ခံကာ သွေးထိုးလှုံ့ဆော်မှုများ၊ ငွေကြေးအလှူခံ အလွဲသုံးစားလုပ်နေသူများကို ထိရောက်သည့်အရေးယူမှုများ ပြုလုပ်လျက်ရှိသည့် အခြေအနေများ၊ နိုင်ငံတော်အဆင့် လာဘ်ပေးလာဘ်ယူမှုနှင့် အလွဲသုံးစားမှု (Corruption) ဖော်ထုတ်တွေ့ရှိချက်၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းအား စစ်ဆေးတွေ့ရှိချက် အခြေအနေများ၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်မှစ၍ နိုင်ငံတော်သမ္မတဟောင်း ဦးဝင်းမြင့်နှင့် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့အား အကျယ်ချုပ်ဖြင့် ထိန်းသိမ်းထားရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်ဟောင်းများအား လိုအပ်သည့် စစ်ဆေးမေးမြန်းမှုများ ဆောင်ရွက်ခဲ့ရာ ယခင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဟောင်း ဦးဖြိုးမင်းသိန်းက အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ၂၀၁၇ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၈ ခုနှစ်၊ မတ်လအတွင်း အမေရိကန်ဒေါ်လာ ၆ သိန်းကျော်နှင့် အကယ်ဒမီ ရွှေစင် ၇ ပိဿာ တို့အား ပေးအပ်ခဲ့ရသည်ဟု အတိအလင်း ထွက်ဆိုခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်ကလည်း ကိုယ်တိုင်ကိုယ်ကျ လက်ခံရယူခဲ့သည်ဟု သိရှိရသဖြင့် လိုအပ်သည်များ ဆက်လက်စုံစမ်းစစ်ဆေးနိုင်ရေးအတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ ဖော်ထုတ်စစ်ဆေးလျက်ရှိသည့် အခြေအနေများ၊ အလားတူ ယခင်ဝန်ကြီးချုပ်များဖြစ်သည့် ဒေါက်တာဇော်မြင့်မောင်၊ ဒေါက်တာမြင့်နိုင်နှင့် ဒေါက်တာအေးဇံ တို့သည်လည်း အဂတိလိုက်စားမှုများဖြင့် ငြိစွန်းကြောင်း စိစစ်တွေ့ရှိရသဖြင့် စစ်ဆေးဖော်ထုတ်လျက်ရှိသည့် အခြေအနေများနှင့် သမ္မတဟောင်း ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့နှင့်ပတ်သက်၍ ချက်များနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့က ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲအား ၂၀၂၁ ခုနှစ်၊ မတ် ၁၁ ရက် ၁၄၀၀ နာရီမှ ၁၇၀၀ နာရီအထိ နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာနၡ ကျင်းပပြုလုပ်ခဲ့ရာ ပြည်တွင်းသတင်းဌာနများ၊ နေ့စဉ်ထုတ်သတင်းစာများ၊ ဂျာနယ်များ၊ ပြည်တွင်းရုပ်မြင်သံကြား သတင်းဌာနများနှင့် ပြည်တွင်းအခြေစိုက် ပြည်ပသတင်းဌာနများမှ သတင်းထောက်များ တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသည့် သတင်းထောက်များက သိလိုသည်များကို မေးမြန်းခဲ့ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်မှူးချုပ်ဇော်မင်းထွန်းက ပြန်လည်ဖြေကြားသည်။

## ပြောကြား

ဦးစွာ ဗိုလ်မှူးချုပ်ဇော်မင်းထွန်းကပြောကြားရာ ဒုတိယအကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို မိမိတို့ အပိုင်းနှစ်ပိုင်းဖြင့် ဆောင်ရွက်မှာဖြစ်ပါကြောင်း၊ အပိုင်းတစ်ကို မိမိကရှင်းလင်းမှာဖြစ်ပြီး အပိုင်းနှစ်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက ရှင်းလင်းမှာ ဖြစ်ပါကြောင်း၊ အပိုင်းတစ်မှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ တစ်လတာအတွင်း အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ဆောင်ချက်များ၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များ၊ CDM နှင့်ပတ်သက်သည့်ကိစ္စရပ်များ၊ နိုင်ငံတော်အဆင့် လာဘ်ပေးလာဘ်ယူမှု၊ အလွဲသုံးစားမှုများ(Corruption)နှင့် ပတ်သက်ပြီး ဖော်ထုတ်တွေ့ရှိချက်များ၊ ယခင် UEC အဖွဲ့ဝင်ဟောင်းတစ်ဦး၏ ပြည်သူလူထုကိုသိရှိစေရန် ပြောဆိုချက်များပါဝင်မည်ဖြစ်လည်း စီးပွားရေးလုပ်ငန်းရှင်အချို့ထံမှ ငွေကြေးလက်ခံရယူမှုများ စိစစ်တွေ့ရှိရသည့်အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဖြင့် စုံစမ်းစစ်ဆေးမှုများပြုလုပ်ပြီး သတင်းဆက်လက် ထုတ်ပြန်ပေးသွားမည့်အခြေအနေများနှင့် ယခင်မဲရလဒ်ကြေညာချက်များနှင့် ယခု UEC ၏ မဲလက်မှတ်စစ်ဆေးတွေ့ရှိချက်များအရ ကွာခြားချက်များ၊ ယခင် UEC အဖွဲ့ဝင်ဟောင်းတစ်ဦး၏ ပြည်သူလူထုသိရှိစေရန် ပြောဆိုကြောင်း၊ အပိုင်းနှစ်မှာတော့ လက်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လုပ်ဆောင်ချက်များနှင့် မဲစာရင်းလက်တွေ့စစ်ဆေးချက်များ အသေးစိတ်သက်သေအထောက်အထား ခိုင်ခိုင်လုံလုံဖြင့် ရှင်းလင်းမှာဖြစ်ကြောင်း၊ ယခုသတင်းစာရှင်းလင်းပွဲမှာ မိမိပြောကြားသည့်အချက်များကို မီဒီယာများကိုးကားနိုင်ရန်နှင့် ပြည်သူလူထု အထောက်အထားခိုင်ခိုင်လုံလုံ တွေ့မြင်နိုင်ရန်အတွက် တွေ့ရှိသည့် အထောက်အထားများကို မိမိတို့ဘုတ်များနှင့် ပြသထားကြောင်း၊ စာရွက်စာတမ်းများလည်း ခင်ကျင်းပြသထားကြောင်း၊ မီဒီယာများ အနေဖြင့် စိတ်ကြိုက်စစ်ဆေးကြည့်နိုင်ပါကြောင်း၊ ပြည်သူကို ထင်သာမြင်သာဖြစ်အောင် ပြသပေးကြပါလို့ မေတ္တာရပ်ခံလိုပါကြောင်း၊ မိမိတို့နိုင်ငံသူ/သားများအတွက် အရေးကြီးပါကြောင်း၊ ယခုသတင်းစာရှင်းလင်းပွဲကိုလည်း ပြည်သူလူထု ကျယ်ကျယ်ပြန့်ပြန့်ကြည့်နေကြမည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့မှာ ခံယူချက်အမျိုးမျိုး၊ အယူအဆအမျိုးမျိုး၊ အမြင်အမျိုးမျိုးရှိကြမည်ဖြစ်ကြောင်း၊ မည်သည့်ခံယူချက်၊ ယုံကြည်ချက်၊ အမြင်များရှိနေပါစေ "We are Myanmar" အဓိကမှာ မိမိတို့အားလုံးသည် "မြန်မာများ" ဖြစ်ကြောင်း၊ မိမိတို့က မိမိတို့နိုင်ငံကို ပိုကောင်းချင်ကြောင်း၊ ပိုပြီး တိုးတက်စေချင်ကြောင်း၊ ပိုပြီးမြှင့်တင်ပေးချင်ပါကြောင်း၊ ဒါသည် မိမိတို့အားလုံး၏ တူညီသည့်ဆန္ဒဖြစ်မည်ဟု ယူဆပါကြောင်း၊ ဆန္ဒများတူညီနေလျှင် အားလုံးလက်တွဲလို့ရကြောင်း၊ မိမိပြောလိုသည်မှာ ယခုသတင်းစာရှင်းလင်းပွဲ၏ အချို့အချက်အလက်များသည် ဒီလို ဆန္ဒတူညီသည့် ပြည်သူလူထုထံမှရရှိသည့် အချက်အလက်များ ဖြစ်ခြင်းကြောင့် ပူးပေါင်းဆောင်ရွက်မှုများ၊ အကြံဉာဏ်များအတွက် များစွာကျေးဇူးတင်ရှိပါကြောင်းနှင့် ဆက်လက်ပြီး မြန်မာ့အကျိုးသယ်ပိုးကြရန် ဖိတ်ခေါ်ပါကြောင်း။

## ဆန္ဒပြမှုများပြုလုပ်ခဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်ရယူပြီးနောက် ၄ ရက်အကြာ ၅ ရက်မြောက်ထိ ဆန္ဒပြမှုများမရှိပါကြောင်း၊ NLD ပါတီဝင်များနှင့် NLD ပါတီထောက်ခံသူများသည် ဖေဖော်ဝါရီ ၅ ရက်နေ့ကစပြီး ဆန္ဒပြမှုများပြုလုပ်ခဲ့ကြောင်း၊ အစောပိုင်းကာလတွင် ငြိမ်းချမ်းစွာ ဆန္ဒပြတယ်လို့ ဆိုနိုင်သော်လည်း ဖေဖော်ဝါရီလ ၉ ရက်နှင့် နောက်ပိုင်းမှာတော့ အကြမ်းဖက်ဆူပူမှုအသွင်(Riot)၊ ၎င်းမှ မင်းမဲ့စရိုက်ဆန်သည့် လူအုပ်စုအသွင်(Anarchy Mob) ဖြစ်ပေါ်လာခဲ့ကြောင်း၊ အုပ်ချုပ်ရေးယန္တရားပျက်ပြားစေဖို့ ရည်ရွယ်ချက်ဖြင့် လမ်းပန်းဆက်သွယ်မှု၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ ဘဏ်လုပ်ငန်းများ၊ ရုံးလုပ်ငန်းများ ရပ်တန့်စေဖို့ CDM လှုပ်ရှားမှုတွေကို အကျပ်ကိုင်ခြိမ်းခြောက်ဖိအားပေးမှုများဖြင့် ဆောင်ရွက်ခဲ့ကြကြောင်း၊ ဖေဖော်ဝါရီလ ၉ ရက်နေ့က သပြေကုန်းအပိုင်းမှာ CDM ခြိမ်းခြောက်အကျပ်ကိုင်မှုတွင် ပါဝင်ခြင်းမရှိသည့် နိုင်ငံ့ဝန်ထမ်း ကြို/ပို့ယာဉ်များကို ဆန္ဒပြသူများက လမ်းလုံးပြည့်ပိတ်ဆို့ပြီး အကြမ်းဖက်ဆန္ဒပြမှုများရှိခဲ့ကြောင်း၊ မန္တလေး၊ မဟာအောင်မြေ၊ မော်လမြိုင်တက္ကသိုလ်ရှေ့ ဆန္ဒပြမှုများရှိခဲ့ကြောင်း၊ ရဲတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးခြင်း၊ ဒဏ်ရာရမှုများရှိခဲ့ကြောင်း၊ ထို့အပြင် တရားမဝင်အမတ်များက CRPH ကိုဖွဲ့စည်းပြီး နိုင်ငံတော်တည်ငြိမ်ရေးနှင့် အုပ်ချုပ်ရေးယန္တရား ပျက်ပြားအောင်ရည်ရွယ်ပြီး လူထုဆူပူအုံကြွမှုမြင့်မားလာစေရေး၊ အာဏာဖီဆန်ရေးလုပ်ငန်းစဉ်နှင့် အလုံးစုံပျက်သုဉ်းရေးလမ်းကြောင်းပေါ်ကို တွန်းတင်ခဲ့ခြင်းကိုတွေ့ရကြောင်း၊ Generation-Z ဆိုသည့် တိုင်းပြည်၏ အနာဂတ်လူငယ်များကို လမ်းပေါ် မထွက်ထွက်အောင် တွန်းအားပေးဆောင်ရွက်ခဲ့ခြင်းများကို တွေ့ရကြောင်း၊ လူငယ်များ၏ ရိုးသားသည့်စိတ်၊ တက်ကြွသည့်စိတ်၊ မဟုတ်မခံချင်စိတ်တွေကို အသုံးချပြီး လမ်းမှားရောက်အောင် တွန်းပို့ခဲ့ကြောင်း၊ Generation-Z ဆိုသည့်လူငယ်များသည် အတွေးအခေါ်ဆန်းသစ်ကြကြောင်း၊ နည်းပညာကျွမ်းကျင်ကြကြောင်း၊ IT ပညာရပ်ကို လူကြီးများထက်ပိုပြီး အသုံးချတတ်ကြကြောင်း၊ ဒါကိုအသုံးချပြီး Facebook လူမှုကွန်ရက်စာမျက်နှာများ၊ Youtube၊ tiktok စသည့်နေရာများမှ လူငယ်များကို နေ့စဉ်နှင့်အမျှ သွေးထိုးလှုံ့ဆော်ပေးမှုများကို မြင်ရကြောင်း၊ လက်တွေ့လည်းတွေ့မြင်နိုင်မည်ဖြစ်ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် လူငယ်များ ထိပ်တိုက်တွေ့ရန် နည်းအမျိုးမျိုးသုံးပြီး ရှေ့တွန်းပို့နေသည်ကို တွေ့နိုင်ပါကြောင်း၊ NLD ပါတီဝင်များနှင့် ထောက်ခံသူအမာခံများကိုယ်တိုင်က လုံခြုံသည့်နေရာများတွင်နေပြီး လူငယ်လူရွယ်များကို ရှေ့ကိုထွက်ရန် Facebook စာမျက်နှာများ၊ မီဒီယာများသုံးပြီး ဆောင်ရွက်ခဲ့ကြသည်။

စာမျက်နှာ ၂၁ သို့ ❍



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်မှူးချုပ်ဇော်မင်းထွန်း ရှင်းလင်းပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့က သတင်းမီဒီယာများနှင့်တွေ့ဆုံ၍ သတင်းစာရှင်းလင်းပွဲပြုလုပ်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

**၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။**

**၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။**

**၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။**

**၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။**

**၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။**

○ စာမျက်နှာ ၂၀ မှ

၁၉၈၈ ခုနှစ်အရေးအခင်းသည် ကျောင်းသားလူငယ်ထုက စတင်ခဲ့သည့် ဆန္ဒပြမှုများဖြစ်ကြောင်း၊ ထိုဆန္ဒပြမှုများကို နိုင်ငံရေးပယောဂဝင်စွက်ပြီး နောက်ဆုံးမှာ သူတို့ကိုယ်တိုင် နိုင်ငံရေးနေရာရယူသွားသည့် အနေအထားဖြစ်ကြောင်း၊ လူငယ်များ အထူးသဖြင့် အမျိုးသမီးငယ်များ သေဆုံးပြီး လူထုအမြင်မှာတော့ သူရဲကောင်းတွေ၊ သူတို့အမြင်မှာတော့ သူတို့ရဲ့နိုင်ငံရေးရည်မှန်းချက်များ ပြည့်မြောက်စေရေး လှေကားထစ်၊ ခုတုံးများ ပေါ်ပေါက်လာစေရေး ဆောင်ရွက်လာခြင်းဖြစ်ကြောင်း၊ နေပြည်တော်က အမျိုးသမီးငယ်တစ်ဦး၊ မန္တလေးက အမျိုးသမီးငယ်တစ်ဦး သေဆုံးမှုမှာ သူတို့ကိုပစ်ခတ်သည့်ကျည်သည် လုံခြုံရေးတပ်ဖွဲ့ဝင်များ အသုံးပြုသည့် ကျည်အမျိုးအစား မဟုတ်ကြောင်း မိမိတို့ဖော်ထုတ်ပြသပြီးဖြစ်ကြောင်း၊ ၎င်းတို့၏ ဦးခေါင်းဒဏ်ရာများကို စစ်ဆေးသည့်အခါ လုံခြုံရေးတပ်ဖွဲ့ဝင်များ နေရာယူထားသည့် ရှေ့တည့်တည့်က ပစ်ခတ်၍ထိသည့်ဒဏ်ရာမျိုးမဟုတ်ဘဲ ဘေးဘက်မှ ပစ်ခတ်ခံရခြင်း၊ ဘေးအောက်ဘက်မှပင့်ပြီး ပစ်ခတ်ခံရခြင်းများ တွေ့ရကြောင်း၊ ဒဏ်ရာများထဲမှရရှိသည့် ခဲသတ္တုအပိုင်းအစများကို စစ်ဆေးသည့်အခါ လုံခြုံရေးတပ်ဖွဲ့များ အသုံးပြုခဲ့သည့် ကျည်အမျိုးအစားအတိုင်းအတာ ကွဲပြားနေသည်ကိုတွေ့ရကြောင်း၊ မိမိတို့အနေဖြင့် ထပ်မံပြီး အသေးစိတ်စစ်ဆေးခဲ့ပါကြောင်း၊ အသေးစိတ်သိရှိနိုင်ရန်အတွက် ဒဏ်ရာထဲကတွေ့ရှိသည့် ခဲသတ္တုအပိုင်းအစများကို EDX-720 (အင်အော်ဂဲနစ်ပစ္စည်း ပေါင်းစပ်မှု ပါဝင်သည့်စစ်ဆေးသည့်စက်)နှင့် စစ်ဆေးခဲ့ပါကြောင်း၊ ထိုသို့စစ်ဆေးသည့်အခါ လုံခြုံရေးတပ်ဖွဲ့ဝင်များ သုံးသည့်ကျည်များ၏ ခဲသတ္တုပါဝင်မှုပေါင်းစပ် ဖွဲ့စည်းမှုများနှင့် လုံးဝကွဲပြားခြားနားနေသည်ကိုတွေ့ရကြောင်း၊ အသေးစိတ်တွေ့ရှိချက်၊ ခွဲခြမ်းစစ်ဆေးချက်အသေးစိတ်များကို ဘုတ်မှာပြထားကြောင်း၊ အမျိုးသမီးနှစ်ဦးမှာ တွေ့ရှိခဲ့ရသည့် သတ္တုအပိုင်းအစ၊ ဒဏ်ရာရသည့် အနေအထားများ၊ ထိုသတ္တုကို စစ်ဆေးကြည့်သည့်အခါ တွေ့ရှိရသည့် တွေ့ရှိချက်အသေးစိတ်ကို လေ့လာနိုင်သည်ကို ပြောကြားလိုပါကြောင်း ပြောကြားသည်။

### သုံးသပ်တွေ့ရှိရ

ပညာရှင်များ၏ သုံးသပ်ချက်အရ အမျိုးသမီးနှစ်ယောက်ကို ပစ်ခတ်ခဲ့သည့် ခဲယမ်း၊ လက်နက်အမျိုးအစားသည် ဒေသန္တရခဲယမ်း၊ ဒေသန္တရလက်နက်ပြောင်းချော လက်နက်အမျိုးအစား သို့မဟုတ် နိုင်ငံခြားလုပ်ပွိုင်တာ လက်နက်အမျိုးအစားတစ်ခုခုဖြင့် ပစ်ခတ်ခြင်း ဖြစ်နိုင်သည်ကို သုံးသပ်တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ဆန္ဒပြမှုများတွင် မသမာမှု၊ ပြဿနာကို ပိုမိုကြီးမားအောင် ဖန်တီးလိုသူများရှိကြောင်း၊ အထူးဂရုစိုက်ဖို့ ပြောကြားလိုပါကြောင်း၊ နောက်ထပ် လုပ်ကြံဖန်တီးမှုများ ထပ်လာနိုင်ပါကြောင်း၊ ဥပမာအနေဖြင့် ၁၉၈၈ ခုနှစ်အရေးအခင်းမှာ ဖမ်းဆီးထိန်းသိမ်းထားသူများ၊ မတော်မတရားပြုကျင့်ခံရခြင်းများကို မီဒီယာတစ်ခုနှင့် လက်ဝါးခြင်းရိုက်ပြီး လုပ်ခဲ့သည့် ပုံစံဖြစ်ကြောင်း၊ မနေ့ကလည်း လုပ်ကြံဖန်တီးမှု ဇာတ်လမ်းတစ်ခု တက်လာပါကြောင်း၊ ရိုက်တာသတင်းဌာနက အိန္ဒိယနိုင်ငံဘက်ကိုသွားသည့် ရဲတပ်သားများနှင့် မေးမြန်းခန်းလုပ်ခဲ့ပါကြောင်း၊ ရဲတပ်သားများကို မေးမြန်းခန်းလုပ်သည့်အခါ ရဲတပ်သားတစ်ယောက်ဆိုလျှင် သူ့ကိုရဲတပ်ဖွဲ့က အရာရှိများအနေဖြင့် ခေါင်းကို စက်သေနတ်နှင့် ချိန်ပြီးပစ်ခတ်ဖို့ အမိန့်ပေးခဲ့သည်ဟု ပြောပါကြောင်း၊ မဟုတ်မမှန် သတင်းတစ်ခုကို ကမ္ဘာအနှံ့ ထုတ်လွှင့်လျက်ရှိပါကြောင်း၊ မိမိပြောလိုသည်မှာ ချင်းပြည်နယ် ဆန္ဒပြမှုနှင့်ပတ်သက်ပြီး ထိန်းခဲ့ခြင်းများ၊ ပစ်ခတ်ခဲ့ခြင်းများ မရှိပါကြောင်း၊ သို့သော် ကမ္ဘာ့အမြင်မှာ ဒီလိုအမြင်မျိုး မြင်သွားနိုင်ရန်အတွက် လုပ်ကြံဖန်တီးနေခြင်းကို တွေ့ရပါကြောင်း၊ နောက်ပိုင်းမှာလည်း လုပ်ကြံဖန်တီးမှုများကို ဆက်ပြီးရှိလာနိုင်ပါကြောင်း ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့က ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ခင်းကျင်းပြသထားသည်များကို တက်ရောက်လာကြသူများက ကြည့်ရှုလေ့လာကြစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၇ အရ အရေးပေါ်အခြေအနေ ကြေညာပြီးနောက်ပိုင်းမှာ ပုဒ်မ ၄၁၃ ပါ စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ခြင်းနဲ့ ပုဒ်မ ၄၂၀ အရ နိုင်ငံသားများရဲ့မူလအခွင့်အရေး ကန့်သတ်ခြင်းတွေ ပြုလုပ်နိုင်သော်လည်း အဲဒီလိုဆောင်ရွက်ခြင်းမပြုဘဲ ဒီမိုကရေစီကျင့်စဉ်များနှင့်အညီ အညင်သာဆုံးနည်းဖြင့် စိတ်ရှည်စွာ ကိုင်တွယ်ဖြေရှင်းခဲ့ပါကြောင်း၊ ဆန္ဒပြမှုတွေဖြစ်ခါစ ငြိမ်းချမ်းစွာ ဆန္ဒပြတဲ့အချိန်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်တွေအနေနဲ့ အရေးယူဆောင်ရွက်ခြင်းတွေ ဆောင်ရွက်ခဲ့ခြင်းမရှိခဲ့တာကိုလည်း တွေ့ရမှာဖြစ်ကြောင်း၊ ဖေဖော်ဝါရီလ ၉ ရက်နောက်ပိုင်း ဆူပူအကြမ်းဖက်ဆန္ဒပြမှုအသွင် (Riot)ရောက်ရှိသွားမှသာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့တာကို တွေ့နိုင်မှာဖြစ်ကြောင်း၊ ဖေဖော်ဝါရီလ နောက်ဆုံးအပတ်နှင့် မတ်လဆန်းတို့တွင် ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများကို အတင်းအကျပ် ပိတ်ဆို့သည့်ဖြစ်စဉ်များ၊ ပဲခူးမှ ကုန်တိုက်ကို ဖျက်ဆီးခဲ့သည့်ဖြစ်စဉ်၊ YMBA အသင်းအဆောက်အဦကို အကြမ်းဖက် ဖျက်ဆီးခဲ့သည့်ဖြစ်စဉ်၊ ဘုန်းတော်ကြီးကျောင်းများကို အကြမ်းဖက်သဖြင့် သံဃာတော်များ မျက်လုံးကွယ်သည်အထိ ထိခိုက်ဒဏ်ရာရရှိမှုဖြစ်စဉ်၊ အများပြည်သူ အသုံးပြုသည့် လမ်းမများကို ပိတ်ဆို့၍ မီးရှို့ဖျက်ဆီးမှုဖြစ်စဉ်အစရှိသည့် မင်းမဲ့စရိုက်လှုပ်ရှားမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ သို့ဖြစ်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် မင်းမဲ့စရိုက်ဆန်ဆန် ဆန္ဒပြမှုများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်ဆင့်ဖြိုခွဲခြင်း၊ ဆန္ဒပြမှုများတွင် ပါဝင်သည့် ဦးဆောင်လှုပ်ရှားသူများကို ဖမ်းဆီးထိန်းသိမ်းခြင်း၊ လုပ်ကြံဖန်တီး ချဲ့ကားထားသည့် သတင်းများဖြင့် ဆူပူမှုကို အားပေးလှုံ့ဆော်နေသည့် သတင်းဌာနများကို လိုအပ်သည့် တားဆီးအမိန့်များထုတ်ပြန်၍ ထိန်းချုပ်ခြင်းများ ဆောင်ရွက်ခဲ့ရကြောင်း၊ မနေ့ကဆိုလျှင် မြောက်ဥက္ကလာ သုဓမ္မာလမ်းနှင့် နှယ်နီလမ်းဆုံ၊ အင်းစိန် တောင်သူကုန်းလမ်းနှင့် စိုက်ပျိုးရေး(၄)လမ်းထိပ်တို့ရှိ အတားအဆီးများကို ဖယ်ရှားသည့်အချိန်တွင် ဒေသန္တရ လက်လုပ်မိုင်းများကိုပင် တွေ့ရှိခဲ့ရကြောင်း၊ ယခုရက်ပိုင်းအတွင်း အကြမ်းဖက်ဆူပူဆန္ဒပြသူများအနေဖြင့် နည်းလမ်းတစ်မျိုးကို ပြောင်းလဲအသုံးပြုလာသည်ကို တွေ့ရှိရကြောင်း၊ အဆိုပါကိစ္စများနှင့်ပတ်သက်ပြီး လမ်းကြားများတွင် ဆန္ဒပြခြင်း၊ မီးသတ်ယာဉ်များ မရောက်ရှိနိုင်အောင် လမ်းများပိတ်ဆို့ဆန္ဒပြခြင်းများ ဆောင်ရွက်လာသည်ကိုတွေ့ရှိရပါကြောင်း၊ ယခုနေရာမှ Generation-Z ဟုခေါ်သည့် တိုင်းပြည်၏ အနာဂတ်လူငယ်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်ကို စတင်ယူစဉ်ကတည်းက ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ခွင့်ပြုသည့်အချိန်ကာလတစ်ခုအတွင်း တာဝန်ယူမည်ဖြစ်ပြီး ပြီးလျှင် ရွေးကောက်ပွဲ ကျင်းပ၍ အနိုင်ရပါတီအား နိုင်ငံတော်တာဝန်ကို လွှဲပြောင်းပေးမည်ဟု တရားဝင်သတင်းစကားပါးလိုကြောင်း၊ ယခုသတင်းစာရှင်းလင်းပွဲကို ဆက်၍ နားထောင်ကြည့်စေလိုကြောင်း၊ မြေပြင်တွင် မဲမသမာမှုများ မည်မျှဖြစ်နေသည်၊ နိုင်ငံတော်အဆင့် မဲမသမာမှုများ မည်မျှဖြစ်ခဲ့သည်၊ ထို့ကြောင့် ပြည်သူလူထု မျှော်လင့်နေသည့် ဒီမိုကရေစီစနစ်မည်မျှ ပုံပျက်ပန်းပျက် ဖြစ်နေသည်ကို တွေ့ရမှာဖြစ်ပါကြောင်း၊ နံပါတ်(၂)အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ယနေ့အထိ ဆောင်ရွက်လျက်ရှိသည့် တိုင်းကျိုးပြည်ပြုလုပ်ဆောင်ချက်များထဲမှ ထင်ရှားသည့် အချက်တချို့ကိုပြောလိုကြောင်း၊ နိုင်ငံတော်အတွက် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက် (၉)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ မလေးရှားနိုင်ငံ၏ ထိန်းသိမ်းရေးစခန်းများတွင်ရှိနေသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ခေါ်ယူရန် ယခင်အစိုးရလက်ထက်ကတည်းကပင် တင်ပြခဲ့ကြောင်း၊ လူဦးရေများသဖြင့် သင်္ဘောများဖြင့် သွားရောက်ခေါ်ယူမှသာ အဆင်ပြေနိုင်မည်ဖြစ်ကြောင်း၊ ယခု နစကအစိုးရအနေဖြင့် တပ်မတော်မှ စစ်ရေယာဉ်သုံးစီးဖြင့်သွားရောက်ခေါ်ယူခဲ့ပါကြောင်း၊ မြန်မာနိုင်ငံသား ၁၀၈၀ ကို သွားရောက်ခေါ်ယူခဲ့ပါကြောင်း၊ ရန်ကုန်သို့ဖေဖော်ဝါရီလ ၂၃ ရက်က ပြန်လည်ရောက်ရှိခဲ့ကြောင်း၊ ယခုလက်ရှိ တပ်မတော် Quarantine Center တွင် Quarantine ဝင်ရောက်လျက်ရှိကြောင်း၊ Quarantine ဝင်ပြီးပါက နေရပ်အသီးသီးသို့ ပြန်ရမည်ဖြစ်ပါကြောင်း၊ တစ်ခုပြောလိုသည်က ယခုခရီးစဉ်မတိုင်မီကပင် ဖျက်လိုဖျက်ဆီးလုပ်ဆောင်ခြင်း၊ ပြောဆိုခြင်းများ ပြုလုပ်ခဲ့ကြကြောင်း၊ သူများနိုင်ငံတွင် ဒုက္ခရောက်နေသည့် မိမိနိုင်ငံသူ၊ နိုင်ငံသားများကို သွားရောက်ခေါ်ယူမည့်ခရီးစဉ် ပျက်ပြားအောင် မည်ကဲ့သို့သောစိတ်ထားဖြင့် ပြောဆိုရေးသားဆောင်ရွက်သည်ကို စဉ်းစား၍မရကြောင်း၊ ဒါဟာ သူတို့ပြောနေသည့် လူ့အခွင့်အရေးလား၊ ဒီမိုကရေစီလား ဆိုတာကတော့ မေးခွန်းထုတ်စရာဖြစ်ပါကြောင်း၊ ခေါ်ဆောင်ပြီးနောက်ပိုင်း အဖွဲ့အစည်းတစ်ခုက မလေးရှားတွင် အမှုဖွင့်သည်ဟု ကြားသိရကြောင်း၊ တရားစွဲ အမှုဖွင့်သည့် အဖွဲ့အစည်းကလည်း နိုင်ငံတကာအဖွဲ့အစည်းတစ်ခု ဖြစ်ပါကြောင်း၊ အဆိုပါ အဖွဲ့အစည်းသည် ဒုက္ခသည်များနှင့်ပတ်သက်ပြီး အလုပ်လုပ်နေသည့် အဖွဲ့အစည်းတစ်ခုဖြစ်ပါကြောင်း၊ အဆိုပါ အဖွဲ့အစည်းတရားစွဲဆိုရာတွင် အထောက်အကူဖြစ်စေရန်အတွက် မီဒီယာတစ်ခုမှ တပ်မတော် Quarantine Center ကို နောက်ခံထား၍ လိုရာဆွဲ၍ လုပ်ကြံဖန်တီးထားသည့် အင်တာဗျူးများ ပြုလုပ်ထုတ်လွှင့်ခဲ့ကြောင်း ပြောကြားသည်။ **(ဆက်လက်ဖော်ပြပါမည်)**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် ပုဂ္ဂလိကဘဏ်မှ တာဝန်ရှိသူများ တွေ့ဆုံ

**နေပြည်တော် မတ် ၁၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ပုဂ္ဂလိကဘဏ်များမှ ဘဏ်တာဝန်ခံများနှင့် တွေ့ဆုံပွဲကို ယမန်နေ့ နံနက် ၁၁ နာရီက နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က ပုဂ္ဂလိကဘဏ်များသည် ကိုဗစ်-၁၉ ကာလတွင်လည်း ကြိုးစား၍ အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ ယခုအချိန်တွင် ပုဂ္ဂလိကဘဏ်လုပ်ငန်းများ ရပ်ဆိုင်းနေသည်ဟု ကြားသိရကြောင်း၊ ပုဂ္ဂလိကဘဏ်များ အမြန်ဆုံးဖွင့်လှစ်ရန်လိုအပ်ကြောင်း၊ နေပြည်တော်ကောင်စီက ကူညီဖြေရှင်းပေးနိုင်ရေးအတွက် ပုဂ္ဂလိကဘဏ်များမှ ဘဏ်လုပ်ငန်းများနှင့် စပ်လျဉ်း၍ အခက်အခဲများရှိပါက ပွင့်ပွင့်လင်းလင်းဆွေးနွေးပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းနောင်က ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဘဏ်ပေါင်း ၇၆ ခုရှိသည့်အနက် ယနေ့အချိန်ထိ မြို့နယ်အသီးသီးတွင် ဘဏ်ပေါင်း၂၈ ခုသာဖွင့်လှစ်၍ ကျန်ဘဏ် ၄၈ ခုမှာ ပိတ်ထားသည်ကို စိစစ်တွေ့ရှိရကြောင်း၊ အစိုးရဘဏ်များမှာ ဖွင့်လှစ်၍ ဘဏ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ဘဏ်များနှင့် စပ်လျဉ်း၍ ငွေကြေးစီးဆင်းမှုများ ပုံမှန်လည်ပတ်နိုင်ရေး မဖွင့်သေးသော ပုဂ္ဂလိကဘဏ်များ အမြန်ပြန်ဖွင့်ရန် လိုအပ်ကြောင်း၊ ဘဏ်များဖွင့်လှစ်ရန် လိုအပ်ချက် အခက်အခဲများကို တင်ပြရန်နှင့် အဆိုပါအခက်အခဲများကို နေပြည်တော်ကောင်စီက ဖြေရှင်းဆောင်ရွက်ပေးမည်ဖြစ်ပြီး နိုင်ငံတော်က ဖြေရှင်းဆောင်ရွက်ရမည့်ကိစ္စများရှိပါက ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာသည့် ဘဏ်တာဝန်ခံများက ဘဏ်လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များနှင့် လိုအပ်သည်များကို ဆွေးနွေးတင်ပြခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# မိုင်းဖြတ်၌ ဒေသထွက် ရှမ်းစက္ကူလုပ်ငန်း တွင်ကျယ်လျက်ရှိ

**မိုင်းဖြတ် မတ် ၁၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ဟောင်ဟင်ကျေးရွာ၌ ဒေသထွက် ရှမ်းစက္ကူလုပ်ငန်းသည် အရောင်းအဝယ်ကောင်းလာသည့်အတွက် ပြုလုပ်သူများကလည်း တွင်ကျယ်စွာ လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း ရှမ်းစက္ကူလုပ်ကိုင်သူတစ်ဦးထံမှ သိရသည်။

ဒေသထွက် ရှမ်းစက္ကူပြုလုပ်ရာတွင် ဒေသအတွင်း အလေ့ကျပေါက်ရောက်သည့် ရှမ်းစက္ကူပင်မှ သစ်ခေါက်များဖြင့် အဆင့်ဆင့်ပြုလုပ်ရကြောင်း၊ သစ်ခေါက်များကို တောတောင်များအတွင်း လိုက်လံခွာယူ ရောင်းချသူများထံမှတစ်ဆင့် တစ်ပိဿာလျှင် ငွေကျပ် ၁၇၀၀ ဖြင့် ဝယ်ရသည်။

"ကျွန်မတို့ ရှမ်းစက္ကူ ပြုလုပ်ပုံကတော့ သစ်ခေါက်တွေကို ရေနဲ့ နှစ်ရက်သုံးရက်အထိ ပြုတ်ပြီး ရေစိမ်ထု၊ ထုပြီးရရှိလာတဲ့ စက္ကူတွေကို အနေတော်လုံးပြီး ရေအေးအတွင်း အချပ်ညီညာအောင် လက်နဲ့စနစ်တကျ ပြုလုပ်ရပါတယ်။ လုပ်ပြီးတဲ့စက္ကူအစိုတွေကို တစ်ပေခွဲပတ်လည်ရှိတဲ့ သံဆန်ခါအတွင်း ညီညာပြန့်ပြူးအောင်ထည့်ပြီး သုံးနာရီခန့် နေလှန်းရပါတယ်၊ အခြောက်ခံပြီးတဲ့ စက္ကူချပ်တွေကို လက်နဲ့ စနစ်တကျခွာယူရရှိမှသာ ကျွန်မတို့လိုချင်တဲ့ စက္ကူချပ်တွေကို ရရှိတာဖြစ်ပါတယ်"ဟု ဒေါ်နန်းခမ်းက ပြောကြားသည်။

အဆိုပါ ရှမ်းစက္ကူကို တစ်နေ့လျှင် ရွက်ရေ ၁၅၀ မှ ၂၀၀အထိ ပုံမှန်ပြုလုပ်ကြောင်း၊ စက္ကူတစ်ချပ်လျှင် ငွေကျပ် ၅၀ ရရှိပြီး တစ်နေ့လျှင် ရွက်ရေ ၂၀၀ ပြုလုပ်နိုင်ပါက တစ်နေ့ဝင်ငွေ ငွေကျပ်တစ်သောင်းရရှိကြောင်း၊ စက္ကူများကို အဝယ်ဒိုင်များမှတစ်ဆင့် ကျိုင်းတုံ၊ တာချီလိတ်၊ မိုင်းဖြတ်၊ မိုင်းယောင်းမြို့များသို့ ပြန်လည်ရောင်းချပြီး စက္ကူချပ်များကို ဆေးရောင်များဆိုး၍ အမျိုးမျိုးအသုံးပြုလေ့ရှိကြောင်း သိရသည်။

ရွှေကို(မိုင်းဖြတ်)





# မြဝတီမြို့၌ တစ်နိုင်တစ်ပိုင် ပန်းပုလုပ်ငန်း လုပ်ကိုင်လျက်ရှိ

**မြဝတီ မတ် ၁၂**

ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၃) ရပ်ကွက်၌ မြန်မာ့ယဉ်ကျေးမှု သုခုမအနုပညာရပ် ပန်းဆယ်မျိုးတွင် တစ်ခုအပါအဝင်ဖြစ်သည့် ပန်းပုလုပ်ငန်းကို တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါပန်းပုလုပ်ငန်းကို အလုပ်သမား ၁၀ ဦးကျော်ဖြင့် လုပ်ကိုင်ဆောင်ရွက်နေပြီး ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့်ကာလအတွင်းတွင် လုပ်ငန်းကျဆင်းမှုမရှိဘဲ ယခင်ကထက်ပင် ပိုမိုလုပ်ကိုင်နေရကြောင်း မြဝတီမြို့ အမှတ်(၃)ရပ်ကွက်မှ ပန်းပုလုပ်ငန်းပိုင်ရှင် ဒေါ်တင်တင်လှိုင်ထံမှ သိရသည်။

အဆိုပါ ပန်းပုလုပ်ငန်းများနှင့်ပတ်သက်၍ လုပ်ကိုင်ဆောင်ရွက်နေသည့် လုပ်ငန်းအခြေအနေများကို ပန်းပုလုပ်ငန်းပိုင်ရှင် ဒေါ်တင်တင်လှိုင်က "ဒီပန်းပုလုပ်ငန်းကို မိဘမျိုးရိုးစဉ်ဆက်ကနေ လုပ်ကိုင်လာခဲ့ကြတာပါ။ ဒါပေမဲ့ မြဝတီမှာ ပန်းပုလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်နေတာကတော့ အခုဆိုရင် ၁၁ နှစ် ရှိသွားပါပြီ။ အစ်မကတော့ ဆေးဘက်ဆိုင်ရာနဲ့ပုံစံသွင်းတဲ့အပိုင်းမှာ ဦးဆောင်ပြီးလုပ်တယ်။ အစ်မအမျိုးသားကတော့ ပန်းပုထုဆစ်တဲ့နေရာမှာတော့ ဦးစီးဦးဆောင်လုပ်တာပါ။ လက်ရှိမှာ အစ်မတို့က ဘာသာရေးနဲ့ဆက်နွှယ်နေတဲ့ ဘုရားပုံတွေ၊ ပုဂ္ဂိုလ်ပုံတွေ၊ နတ်ပုံတွေကို ထုဆစ်ကြပါတယ်။ ပုတီးဆိုရင်လည်း အစ်မတို့ဆီမှာက သစ်မွှေးလည်းရတယ်၊ ကျွန်းနက်လည်းရတယ်၊ ဆိုဒ်စုံရှိပြီး လိုချင်တာတွေ မှာယူလို့ရပါတယ်။ အသားနဲ့ပတ်သက်ပြီးတော့လည်း နံ့သာနီ၊ နံ့သာဖြူ၊ ကျွန်းနက်ရယ် သရခိုင်သစ်မွှေးတွေကို နေ့နာမ်အလိုက်မှာယူလို့ရတယ်" ဟု ပြောကြားသည်။

စျေးနှုန်းအားဖြင့် ထုဆစ်ထားသည့် သစ်များနှင့် ရုပ်ပုံအကြီးအသေးများအပေါ် မူတည်ပြီး စျေးနှုန်းများ ကွာခြားမှုရှိကြောင်း သိရသည်။

မန်းသန်းရွှေမြင့်(ပြန်/ဆက်)

# ဝန်းသိုမြို့နယ်၌ စက်ချုပ်သင်တန်းဆင်းလက်မှတ်ပေးအပ်

**ဝန်းသို မတ် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင် ဝန်းသိုမြို့နယ်တွင် ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာစေရေးအတွက် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဖွင့်လှစ်ပေးခဲ့ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

အဆိုပါသင်တန်းကို ကင်းမြင်သာကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ဖေဖော်ဝါရီ ၁ ရက်မှ မတ် ၁၀ ရက်အထိ သင်တန်းကာလ ၃၈ ရက်ကြာ ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး သင်တန်းသို့ သင်တန်းသားသင်တန်းသူစုစုပေါင်း ၃၈ ဦး တက်ရောက်သင်ယူခဲ့ကြကြောင်း ဝန်းသိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းက ပြောသည်။

အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းတွင် ဘာသာရပ် ၁၂ ခုကို စာတွေ့၊ လက်တွေ့ တတ်မြောက်အောင် သင်ကြားပေးနိုင်ခဲ့ပြီး မတ် ၁၀ ရက်ကလည်း သင်တန်းဆင်းပွဲပြုလုပ်ကာ ကောလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကျော်မျိုးနှင့် တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များနှင့် သင်တန်းတွင် ထူးချွန်သူများအား ဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

မင်းမြင့်မိုရ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ရွှေပြည်သာမြို့နယ်ရှိ “စု”အသက်မွေးဝမ်းကျောင်းသိပ္ပံမှ ဦးဇော်မြတ်လင်း သေဆုံးမှုနှင့်ပတ်သက်၍ မဟုတ်မမှန်ရေးသားဖော်ပြနေမှုများအား ထိရောက်စွာအရေးယူသွားမည်

**နေပြည်တော် မတ် ၁၂**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၁၂)ရပ်ကွက် နှင်းဆီလမ်း အမှတ်(၅၁၂)ရှိ “စု” အသက်မွေးဝမ်းကျောင်းသိပ္ပံအား နယ်မြေလုံခြုံရေးအတွက် လှည့်ကင်းလှည့်လည်ဆောင်ရွက်လျက်ရှိသော လုံခြုံရေးပူးပေါင်းအဖွဲ့သည် မတ် ၈ ရက် ည ၁၂ နာရီ မိနစ် ၄၀ ခန့်တွင် မသင်္ကာ၍ သွားရောက်စစ်ဆေးစဉ် သင်တန်းတာဝန်ခံ ဦးဇော်မြတ်လင်းသည် အိမ်အနောက်ဘက်သို့ ခုန်ချထွက်ပြေးခဲ့ပြီး ခြံစည်းရိုးတွင် ထောင်ထားသော နှစ်လက်မခန့်ရှိ စတီးပိုက်ပေါ်သို့ကျခဲ့ကာ ဝမ်းဗိုက်ပေါက်ပြဲရရှိဒဏ်ရာဖြင့် သေဆုံးခဲ့ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

အဆိုပါ သေဆုံးသူ ဦးဇော်မြတ်လင်း၏ ရုပ်အလောင်း အသွင်သဏ္ဌာန်နှင့်ပတ်သက်၍ လူမှုကွန်ရက်စာမျက်နှာများတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးမေးမြန်းစဉ် သေဆုံးသူ၏ မျက်နှာနှင့် ပါးစပ်အတွင်းသို့ ရေနွေးပွက်ပွက်ဆူ(သို့မဟုတ်) ဓာတုဆေးရည်တစ်ခုခုလောင်းထည့်ထားကြောင်း၊ ညှဉ်းပန်းနှိပ်စက်ထားကြောင်းစသဖြင့် မဟုတ်မမှန် ရေးသားဖော်ပြကာ လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူလူထုမှ အထင်အမြင်လွဲမှားစေရန်၊ ပုံရိပ်ညှိုးနွမ်းစေရန်နှင့် ဂုဏ်သိက္ခာကျဆင်းစေရန် ဝါဒဖြန့်ရေးသားမှုများ လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရှိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဦးဇော်မြတ်လင်း၏ ရုပ်အလောင်းအား ယင်းနေ့ ည မတ် ၉ ရက် နံနက် ၃ နာရီခွဲတွင် မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ပြီး လိုအပ်သည့် ဓာတ်မှန်ရိုက်စစ်ဆေးမှုများ၊ ရင်ခွဲစစ်ဆေးမှုများ ပြုလုပ်ကာ သေဆုံးသူ၏ ဇနီးဖြစ်သူ ဒေါ်ဖြူဖြူဝင်းအား သေဆုံးသူ သေဆုံးခဲ့ရသည့် အကြောင်းရင်းနှင့် ရင်ခွဲစစ်ဆေးချက်များကို အသေးစိတ်ရှင်းလင်းပြသခဲ့ပြီး ရေခဲတိုက်အတွင်း စနစ်တကျ ထိန်းသိမ်းထားရှိခဲ့သည်။ ထို့နောက် မတ် ၁၁ ရက် နံနက် ၈ နာရီတွင် သေဆုံးသူ၏ ဇနီးဖြစ်သူ ဒေါ်ဖြူဖြူဝင်းထံသို့ သေဆုံးသူ၏ ရုပ်အလောင်းအား အကောင်းပကတိ၊ မပျက်မယွင်းဘဲ လုပ်ထုံးလုပ်နည်းနှင့်အညီ လွှဲပြောင်းပေးခဲ့သည်။

ဦးဇော်မြတ်လင်း၏ ရုပ်အလောင်းနှင့်ပတ်သက်၍ လူမှုကွန်ရက်စာမျက်နှာများ၌ မဟုတ်မမှန်သတင်းများ ရေးသားဖော်ပြကာ ရပ်ရွာအေးချမ်းသာယာရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား အများပြည်သူ အထင်အမြင်လွဲမှားစေရန်၊ ဆူပူအုံကြွမှုများ ဖြစ်ပေါ်စေရန်လှုံ့ဆော်သွေးထိုးရေးသားခြင်း၊ တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် မီဒီယာများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများသို့ မဟုတ်မမှန် သတင်းပေးပို့ခြင်းများကို လုပ်ဆောင်နေကြောင်း သိရှိရသဖြင့် ယင်းသို့ လုပ်ဆောင်မှုများအား ဖော်ထုတ်၍ ထိရောက်စွာအရေးယူနိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျေးရွာ/ရပ်ကွက် စီမံအုပ်ချုပ်ရေးမှူးရုံးများ ပြန်လည်ဖွင့်လှစ်၍ အုပ်ချုပ်မှုယန္တရားများ မှန်ကန်စွာအကောင်အထည်ဖော်ဆောင်ရွက်

**နေပြည်တော် မတ် ၁၂**

တိုင်းဒေသကြီးနှင့် မြို့နယ်များအတွင်းရှိ ရပ်ကွက်၊ ကျေးရွာများတွင် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် ရပ်ကွက်၊ ကျေးရွာ စီမံအုပ်ချုပ်ရေးအဖွဲ့များ ခန့်အပ်ထားရှိမှုအပေါ် ကျေနပ်မှုမရှိသည်ကို အကြောင်းပြ၍ ရပ်ကွက်/ကျေးရွာ စီမံအုပ်ချုပ်ရေးမှူးများအား ဖိအားပေးခြင်း၊ စီမံအုပ်ချုပ်ရေးမှူးရုံးများတွင် အုပ်စုဖွဲ့ပြီး ရမ်းကားဆန္ဒပြခြင်း၊ စီမံအုပ်ချုပ်ရေးရုံးဆိုင်းဘုတ်များဖြုတ်ချခြင်း၊ အဖျက်အမှောင့်စာများ ရေးသား၍ ရုံးရှေ့တွင် ချိတ်ဆွဲခြင်း၊ သစ်သားချောင်းများဖြင့်ရိုက်ပိတ်ခြင်း၊ ရုံးအဝင်တံခါးများအား သော့ခတ်ခြင်း၊ တံခါးများအား သံချောင်းများဖြင့် ဂဟေဆော် ပိတ်ခြင်းများအား မင်းမဲ့စရိုက်ဆန်ဆန် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လာခြင်းကြောင့် ရပ်ကွက်၊ ကျေးရွာနေပြည်သူလူထုများအနေဖြင့် ဥပဒေ၏ အကာအကွယ်ကို မရရှိသည့်အပြင် ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်မှုယန္တရား ယိုယွင်းမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း တွေ့ရှိရသဖြင့် ရပ်ကွက်၊ ကျေးရွာနေ ပြည်သူလူထုနှင့် ရပ်မိရပ်ဖများ၏ တောင်းဆိုချက်အရ အထက်ပါဖြစ်စဉ်များဖြစ်ပွားခဲ့သည့် နေရာများတွင် ဆူပူမှုဖြစ်ပေါ်အောင် လှုံ့ဆော်သူများနှင့် ဆူပူမှုတွင် ပါဝင်ပတ်သက်သူများအား တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်ခဲ့သည်။



အဆိုပါ ဥပဒေမဲ့လုပ်ရပ်များ လုပ်ဆောင်ပြီး ပိတ်ထားသည့် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် မင်းသန်းကျေးရွာအုပ်စု၊ စလွန်းကျေးရွာအုပ်စုနှင့် ကဟန်းကျေးရွာအုပ်စုများရှိ ကျေးရွာစီမံအုပ်ချုပ်ရေးမှူးရုံး၊ ကျွန်းစုမြို့နယ် ရေကန်တောင်ကျေးရွာရှိ ကျေးရွာစီမံအုပ်ချုပ်ရေးမှူးရုံး၊ ရေဖြူမြို့နယ်၊ ကလိန်အောင်မြို့၊ အုန်းပင်ကွင်း ကျေးရွာအုပ်စု၊ ဖောင်းတော ကျေးရွာအုပ်စု၊ သဲချောင်းကျေးရွာအုပ်စု၊ ကံပေါက်ကျေးရွာအုပ်စုနှင့် ဇာဒီကျေးရွာအုပ်စုများရှိ ကျေးရွာစီမံအုပ်ချုပ်ရေးမှူးရုံးများသို့ ယနေ့တွင် သက်ဆိုင်ရာ မြို့နယ်အသီးသီးမှ လုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များက သွားရောက်၍ ရပ်မိရပ်ဖများ၊ ရပ်ကွက်နေပြည်သူများနှင့် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ပြီး အုပ်ချုပ်မှုယန္တရားများ မှန်ကန်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ရပ်ကွက်/ကျေးရွာ စီမံအုပ်ချုပ်ရေးမှူးရုံးများအား အသီးသီး ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် မတ် ၁၂**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ်စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။




မတ် ၁၃ ရက်(စနေနေ့)တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် မိမိတို့၏ ပျော်ရွှင်မှုအတွက် အခြားသတ္တဝါလေးများကို ဒုက္ခမပေးသင့်ပုံအကြောင်းကို တင်ဆက်ထားသည့် “ပုပုပါဝင်သည့် လိပ်ပြာလေးများ” မျက်နှာဖုံးဇာတ်လမ်း၊ ဝမ်းချုပ်ခြင်းသည် ကျန်းမာရေးကို ထိခိုက်နိုင်၍ ကလေးများ ဝမ်းမချုပ်စေရန် လိုက်နာရမည့် ဂရုပြုဖွယ်အချက်များကို တင်ဆက်ထားသည့် “ဝမ်းချုပ်တာကို ဂရုစိုက်ကြပါစို့” သုတဆောင်းပါးနှင့် မြန်မာ့တူရိယာ တစ်မျိုးဖြစ်သည့် ကြေးနောင်မောင်းအကြောင်းကိုဗဟုသုတရဖွယ် တင်ဆက်ထားသည့် “ကြေးနောင်မောင်းအကြောင်း သိကောင်းစရာ” သုတဆောင်းပါး၊ မြန်မာဆိုရိုးစကားများကို ကလေးတို့ အလေးထားလိုက်နာမှတ်သားနိုင်စေရန် တင်ဆက်ထားသည့် “အိမ်နောက်ဖေး ဈေးဆိုင်တည်” ဆိုရိုးစကား၊ မိဘများက စေတနာနှင့် ပြောဆိုသောစကားများကို ကလေးတို့ လိုက်နာသင့်ပုံကို တင်ဆက်ထားသည့် “အမေပြောသော ပုံပြင်များ”နှစ်မျက်နှာကာတွန်း၊ ကလေးတို့အနေဖြင့် ကျောင်းစာအပြင် အခြားဗဟုသုတဖြစ်ဖွယ်စာများကိုဖတ်သည့် အလေ့အကျင့်ကောင်းများကို မွေးမြူသင့်ကြောင်း တင်ဆက်ထားသည့် “ဘဝလှဖို့ စာဖတ်စို့” ကလေးဝတ္ထုအပါအဝင် ရွှေသွေးအင်္ဂလိပ်စာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍ၊ ကဗျာကဏ္ဍ စုံလင်စွာဖြင့် ဖတ်စရာမှတ်စရာများ ပါရှိကြောင်း သိရသည်။

**သတင်းစဉ်**

# COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ စီမံခန့်ခွဲမှုဆပ်ကော်မတီ၏ အသိပေးကြေညာချက်

မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)တွင် ဖွင့်လှစ်ထားရှိသော COVID–19 ကာကွယ်ဆေး ဝယ်ယူရရှိရေး ရန်ပုံငွေ (COVID–19 Vaccination Fund) မြန်မာကျပ်ငွေစာရင်း OA 013733 သို့ မတ် ၅ ရက်မှ ၁၁ ရက်အထိ ပြည်တွင်း / ပြည်ပ အလှူရှင်များမှ ထည့်ဝင်လှူဒါန်းငွေ စုစုပေါင်းမှာ ကျပ် ၉၂ ဒသမ ၂၀၁ သန်း ဖြစ်ပါသည်။ မတ် ၁၁ ရက်အထိ ရန်ပုံငွေစာရင်း၏ အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

**COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ OA-013733 စာရင်း**

| | ငွေကျပ် |
|---|---|
| ၅-၃-၂၀၂၁ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၃၀,၁၁၈,၈၂၄,၁၁၅.၃၉ |
| (+) ၅-၃-၂၀၂၁ မှ ၁၁-၃-၂၀၂၁ ရက်နေ့ထိ ရရှိငွေ | ၉၂,၂၀၁,၀၀၀.၀၀ |
| ၁၁-၃-၂၀၂၁ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၃၀,၂၁၁,၀၂၅,၁၁၅.၃၉ |

**COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ EDC 600012 စာရင်း**

| | အမေရိကန်ဒေါ်လာ |
|---|---|
| ၅-၃-၂၀၂၁ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၁၇၈,၁၄၀,၁၄၉.၅၃ |
| (+)၅-၃-၂၀၂၁ မှ ၁၁-၃-၂၀၂၁ ရက်နေ့ထိ ရရှိငွေ | – |
| ၁၁-၃-၂၀၂၁ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၁၇၈,၁၄၀,၁၄၉.၅၃ |

COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ(COVID-19 Vaccination Fund) OA 013733 သို့
အများပြည်သူများမှ လှူဒါန်းငွေစာရင်း
(၅-၃-၂၀၂၁ ရက်နေ့မှ ၁၁-၃-၂၀၂၁ ရက်နေ့ထိ)

| စဉ် | လှူဒါန်းငွေပေးသွင်းသူအမည် | ကျပ် |
|---|---|---|
| | ၅-၃-၂၀၂၁ | ၂၅,၀၀၀ |
| ၁ | ဦးလှမြင့် (ညောင်ဦးမြို့) | ၂၅,၀၀၀ |
| | ၈-၃-၂၀၂၁ | ၁,၀၅၀,၀၀၀ |
| ၁ | ဒေါ်မြမြခိုင် ၊ ကိုကျော်မြင့်ဝေ (သံဖြူဇရပ်မြို့) | ၃၀,၀၀၀ |
| ၂ | ဒေါ်ခင်မသွင် (သံဖြူဇရပ်မြို့) | ၂၀,၀၀၀ |
| ၃ | ဦးစိုးမြင့် (သနပ်ပင်မြို့) | ၁,၀၀၀,၀၀၀ |
| | ၉-၃-၂၀၂၁ | ၁၂,၆၀၀,၀၀၀ |
| ၁ | ဒေါ်စိုးစိုးအောင် (မော်လမြိုင်မြို့) | ၁၂,၆၀၀,၀၀၀ |
| | ၁၀-၃-၂၀၂၁ | ၉,၃၃၈,၅၀၀ |
| ၁ | ဦးကြည်မောင် (နေပြည်တော်) | ၁၀၀,၀၀၀ |
| ၂ | ဒုတိယအမြဲတမ်းအတွင်းဝန် ဒေါ်ခင်သက်ထား (နေပြည်တော်) | ၈,၉၃၈,၅၀၀ |
| ၃ | ဦးရဲထင်ကျော် +ဒေါ်သော်တာမြင့် (နေပြည်တော်) | ၃၀၀,၀၀၀ |
| | ၁၁-၃-၂၀၂၁ | ၆၉,၁၈၇,၅၀၀ |
| ၁ | ဒေါ်နီနီဝင်း (တိုက်ကြီးမြို့) | ၄၀,၀၀၀ |
| ၂ | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ထမ်းမိသားစုများ (နေပြည်တော်) | ၆၉,၀၇၇,၅၀၀ |
| ၃ | ဦးအောန်လောင်း (နေပြည်တော်) | ၂၀,၀၀၀ |
| ၄ | ဦးအောင်လွန်း(ပြင်ဦးလွင်မြို့) | ၅၀,၀၀၀ |
| | (၅-၃-၂၀၂၁ ရက်နေ့မှ ၁၁-၃-၂၀၂၁ ရက်နေ့ထိ) စုစုပေါင်း | ၉၂,၂၀၁,၀၀၀ |

မှတ်ချက်။ (က) အလှူရှင်များက ပေးပို့ထားသည့် အချက်အလက်များနှင့် ဘဏ်သို့ထည့်သွင်းထားသည့် အချက်အလက်များအရ နေရပ်လိပ်စာဖော်ပြထားခြင်းဖြစ်ပါသည်။
(ခ) မြန်မာ့စီးပွားရေးဘဏ်ရှိ မြန်မာကျပ်ငွေစာရင်းနှင့်နိုင်ငံခြားငွေစာရင်းများသို့ ဝင်ရောက်ပြီးသည့် လှူဒါန်းငွေများဖြစ်ပါသည်။

COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေစီမံခန့်ခွဲမှုဆပ်ကော်မတီ

# မလေးရှားနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့မှ ပြန်လည်ရောက်ရှိလာသော အသွားအလာကန့်သတ်ထားရှိသည့် မြန်မာနိုင်ငံသားများအား လိုအပ်သည့်ဆေးဝါးကုသပေးမှုများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မတ် ၁၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်မှာကြားချက်အရ မလေးရှားနိုင်ငံမှ ရေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသား ၁၀၈၆ ဦးကို ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ ကိုဗစ်–၁၉ ရောဂါ သီးသန့်စောင့်ကြည့်ရမည့်သူများထားရှိသည့် ကန့်သတ်စောင့်ကြည့်စခန်း၌လည်းကောင်း၊ အိန္ဒိယနိုင်ငံ အန်ဒမန်ကျွန်းမှ ရေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသား ရေလုပ်သား ၇၀ ကို ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် နယ်မြေခံတပ်ရင်းရှိ ကိုဗစ်–၁၉ ရောဂါ သီးသန့်စောင့်ကြည့်ရမည့်သူများထားရှိသည့် ကန့်သတ်စောင့်ကြည့်စခန်း၌လည်းကောင်း အသီးသီးထားရှိပြီး လိုအပ်သည့် ဆေးဝါးကုသပေးမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်ပေးရာတွင် နေရပ်ပြန် မြန်မာနိုင်ငံသားများအား တပ်မတော်သားပါရဂူများ၊ ဆရာဝန်များက အထွေထွေရောဂါနှင့် ပတ်သက်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ၎င်းတို့ ကောင်းမွန်စွာ နေထိုင်စားသောက်ရေးများကို တပ်မတော်က စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ကန့်သတ်စောင့်ကြည့်ထားရှိပြီးပါက ၎င်းတို့၏နေရပ် အသီးသီးသို့ ပြန်လည်ပို့ဆောင်နိုင်ရန် လိုအပ်သည်များ ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၉၉၂၈၉၂၅ | ၂၀၇၉၁၂၁၅ | ၅၄၃၇၁၅ |
| ၂။ | အိန္ဒိယ | ၁၁၃၂၇၁၂၉ | ၁၀၉၆၆၇၃၅ | ၁၅၈၄၁၈ |
| ၃။ | ဘရာဇီး | ၁၁၂၈၄၂၆၉ | ၉၉၅၈၅၆၆ | ၂၇၃၁၂၄ |
| ၄။ | ရုရှား | ၄၃၇၀၆၁၇ | ၃၉၇၃၀၂၉ | ၉၁၂၂၀ |
| ၅။ | ဗြိတိန် | ၄၂၄၁၆၇၇ | ၃၃၈၆၆၅၅ | ၁၂၅၁၆၈ |
| ၆။ | ပြင်သစ် | ၃၉၉၀၃၃၁ | ၂၇၀၄၃၃ | ၈၉၈၃၀ |
| ၇။ | စပိန် | ၃၁၇၈၃၅၆ | ၂၈၅၇၇၁၄ | ၇၂၀၈၅ |
| ၈။ | အီတလီ | ၃၁၄၉၀၁၇ | ၂၅၅၀၄၈၃ | ၁၀၁၁၈၄ |
| ၉။ | တူရကီ | ၂၈၃၅၉၈၉ | ၂၆၅၉၀၉၃ | ၂၉၂၉၀ |
| ၁၀။ | ဂျာမနီ | ၂၅၄၈၃၄၂ | ၂၃၄၅၆၀၀ | ၇၃၅၉၉ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၄၁၀၀၃၄ | ၁၂၃၁၄၅၄ | ၃၈၂၂၉ |
| ၂။ | ဖိလစ်ပိုင် | ၆၁၁၆၁၈ | ၅၄၆၉၁၂ | ၁၂၆၉၄ |
| ၃။ | မလေးရှား | ၃၂၀၉၃၉ | ၃၀၂၆၆၂ | ၁၂၀၃ |
| ၄။ | မြန်မာ | ၁၄၂၁၂၂ | ၁၃၁၇၂၈ | ၃၂၀၀ |
| ၅။ | စင်ကာပူ | ၆၀၀၈၀ | ၆၉၉၅၀ | ၂၉ |
| ၆။ | ထိုင်း | ၂၆၆၇၉ | ၂၆၀၅၆ | ၈၅ |
| ၇။ | ဗီယက်နမ် | ၂၅၅၀ | ၂၀၈၆ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၁၂၂၅ | ၆၁၉ | ၁ |
| ၉။ | ဘရူနိုင်း | ၁၉၂ | ၁၈၃ | ၃ |
| ၁၀။ | လာအို | ၄၈ | ၄၂ | ၀ |

# ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံ

**နေပြည်တော် မတ် ၁၂**

တပ်မတော်အနေဖြင့် တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက် ၆၅ နှစ်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တိုင်းရင်းသားပြည်သူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ဆေးပစ္စည်းများအား တပ်မတော်လေယာဉ်များဖြင့် သယ်ယူ ပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေး ထိုးနှံပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

**ထိုးနှံပေး**

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်၊ လောက်ကိုင်မြို့နယ်၊ ကွမ်းလုံမြို့နယ်၊ ကွတ်ခိုင်မြို့နယ်၊ နမ့်ဆန်မြို့နယ်၊ မိုင်းရယ်မြို့နယ်၊ မန်တုံမြို့နယ်၊ နမ့်ခမ်းမြို့နယ်၊ သီပေါမြို့နယ်၊ နောင်ချိုမြို့နယ်၊ ကျောက်မဲမြို့နယ်၊ ဟိုပန်မြို့နယ်၊ မိုးမိတ်မြို့နှင့် မဘိမ်းမြို့များရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများအား သတ်မှတ်နေရာအသီးသီး၌ လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၊ ဟိုပုံးမြို့နယ်၊ ရပ်စောက်မြို့နယ်၊ ပင်းတယမြို့နယ်၊ ကလောမြို့နယ်၊ ပင်လောင်းမြို့နယ်၊ ကျိုင်းတောင်းမြို့၊ မိုင်းကိုင်မြို့၊ ကွန်ဟိန်းမြို့၊ ကာလိမြို့၊ မိုင်းရှူးမြို့၊ လင်းခေးမြို့၊ မောက်မယ်မြို့၊ မိုးနဲမြို့နှင့် နမ့်စန်မြို့များအတွင်းရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား သတ်မှတ်နေရာအသီးသီး၌ လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်၊ တာချီလိတ်မြို့နယ်၊ မိုင်းဖြတ်မြို့နယ်၊ မိုင်းယောင်းမြို့နယ်၊ မိုင်းဆတ်မြို့နယ်၊ မိုင်းတုံမြို့နယ်၊ မိုင်းခတ်မြို့နယ်၊ မိုင်းယန်းမြို့နယ်၊ မိုင်းပျဉ်းမြို့နယ်နှင့် မက်မန်းမြို့နယ်များရှိ သံဃာတော်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား သတ်မှတ်နေရာအသီးသီး၌ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများအား သတ်မှတ်နေရာအသီးသီး၌ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နှင့် ရွှေဘိုမြို့များရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား သတ်မှတ်နေရာအသီးသီး၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့နှင့် ချမ်းမြသာစည်မြို့နယ်တို့ရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအား သတ်မှတ်နေရာအသီးသီး၌ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၊ အုတ်ဖိုမြို့၊ လက်ပံတန်းမြို့၊ မင်းလှမြို့၊ မိုးညိုမြို့၊ ကြို့ပင်ကောက်မြို့၊ ဇီးကုန်းမြို့၊ နတ်တလင်းမြို့၊ သာယာဝတီမြို့နှင့် ပန်းတောင်းမြို့များအတွင်းရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား သတ်မှတ်နေရာ အသီးသီး၌ လည်းကောင်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တပ်မတော်သား ပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများပါဝင်သော ဆေးအဖွဲ့များက CDM တွင် ပါဝင်ခြင်းမရှိဘဲ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ဆောင်ရွက်ပေးနေသည့် ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ ကျန်းမာရေး ဝန်ထမ်းများနှင့်အတူ ပူးပေါင်း၍ ကျန်းမာရေးစစ်ဆေးပေးပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးကြသည်။



**လှူဒါန်း**

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌများ၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး သံဃာတော်များအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူ လူနာများအား တပ်မတော်ဆေးရုံများ၌ ဆက်လက်လက်ခံကုသ

**နေပြည်တော် မတ် ၁၂**

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးဆိုင်ရာအခက်အခဲများကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုစေရန်အတွက် မြို့နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၆၄၆၂၃ ဦး၊ အတွင်းလူနာ ၃၉၄၂ ဦးကို တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန် လိုအပ်သည့်လူနာများအား ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေး စောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်ပေးသည့်အပြင် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက်ပါ စီမံဆောင်ရွက်ပေးသည်။



ထိုသို့လာရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများအနက် အကြီးစားခွဲစိတ်ကုသရန်လိုအပ်သူ ၂၉၀၉ ဦး၊ အသေးစားခွဲစိတ်ကုသရန် လိုအပ်သူ ၁၅၇၃ ဦး၊ စုစုပေါင်း ၄၄၈၂ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ် ကုသပေးလျက်ရှိသည်။ ၎င်းအပြင် ကလေးမီးဖွားရန် အခက်အခဲဖြစ်နေသည့် မွေးလူနာများကို တပ်မတော်ဆေးရုံအသီးသီးတွင် တက်ရောက်စေလျက်ရှိပြီး ၎င်းတို့အနက် ၁၆၄၂ ဦးကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၂၄၉၈ ဦးကို သာမန် မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၄၁၄၀ ကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။

ယင်းသို့ ဒေသခံပြည်သူများအား ဆေးကုသပေးနေမှု အခြေအနေများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက်ကုသမှုခံယူနေသော လူနာများအတွက် စားသောက်ဖွယ်ရာများနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# UWSA (ဝ)တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ ဆေးဘက်ဆိုင်ရာသင်တန်း အမှတ်စဉ် (၁/၂၀၂၁) သင်တန်းဆင်းပွဲကျင်းပ

**နေပြည်တော် မတ် ၁၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့ ဝမ်ဟုန်ကျေးရွာရှိ ဝမ်ဟုန်ဆေးရုံ၌ နယ်မြေခံဆေးတပ်ရင်းမှ ဆေးတပ်ဖွဲ့ဝင်များဖြင့် UWSA (ဝ)တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ဆေးပညာရပ်ဆိုင်ရာများ သင်ကြားပေးသည့် ဆေးဘက်ဆိုင်ရာ သင်တန်းအမှတ်စဉ် (၁/၂၀၂၁) သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဆေးရုံ၌ ကျင်းပရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် မိုင်းဆတ်တပ်နယ်မှတာဝန်ရှိသူများ၊ UWSA (ဝ)တပ်ဖွဲ့မှ တာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မိုင်းဆတ်တပ်နယ်မှ တာဝန်ရှိသူတစ်ဦးက သင်တန်းဆင်းအမှာစကားပြောကြားသည်။ ထို့နောက် UWSA (ဝ)တပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးနှင့် သင်တန်းသူတစ်ဦးတို့က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ ယင်းနောက် တာဝန်ရှိသူများက သင်တန်းတွင် ဆုရရှိကြသူများအား ဆုများချီးမြှင့်ပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အဆိုပါ ဆေးဘက်ဆိုင်ရာ သင်တန်းအမှတ်စဉ်(၁/၂၀၂၁)ကို UWSA(ဝ)တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ စုစုပေါင်း သင်တန်းသား၊ သင်တန်းသူ ၅၈ ဦးဖြင့် ဇန်နဝါရီ၁၈ ရက်မှစ၍ ဖွင့်လှစ်သင်ကြားခဲ့ကြောင်း၊ ဆက်လက်၍လည်း ဆေးဘက်ဆိုင်ရာ သင်တန်းများ ထပ်မံဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် မတ် ၁၂**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

# ဒက္ခိဏသီရိမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဟောင်း ဦးသန့်ဇင်ထွန်းအား ဖမ်းဆီးရမိ


**နေပြည်တော် မတ် ၁၂**

နေပြည်တော်ကောင်စီနယ်မြေအတွင်း နိုင်ငံ့ဝန်ထမ်းများအား တာဝန်ဝတ္တရားပျက်ကွက်စေရန် ရည်ရွယ်၍ ဝန်ထမ်းများအား CDM တွင် ပါဝင်လာစေရေး အဓိက ကြိုးကိုင်ဆောင်ရွက်ခဲ့သူတစ်ဦးဖြစ်သော နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင်ဟောင်း ဦးမင်းသူ၏ ထွက်ဆိုချက်အရ ဆက်စပ်တရားခံတစ်ဦးဖြစ်သူ ဒက္ခိဏသီရိမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဟောင်း ဦးသန့်ဇင်ထွန်းအား မတ် ၂ ရက် နံနက် ၇ နာရီ မိနစ် ၅၀ ခန့်တွင် လယ်ဝေးမြို့နယ် သာဝတ္ထိကျေးရွာအုပ်စု အင်းသားကျေးရွာအနီး ရန်ကုန်-မန္တလေး ကားလမ်းဘေးရှိ ရွှေမင်းသားလက်ဖက်ရည်ဆိုင်၌ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူ ဦးသန့်ဇင်ထွန်း၏ ဝန်ခံထွက်ဆိုပြောကြားချက်အရ ဇမ္ဗူသီရိမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဟောင်း ဦးကျော်ထွေး၏ ညွှန်ကြားချက်ဖြင့် ၎င်းနှင့် ဦးမောင်မောင်ဆွေ (မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်-၉၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဟောင်း)တို့သည် ပြည်တွင်း/ပြည်ပ ထောက်ပံ့သူများထံမှ ငွေလွှဲများ လက်ခံရယူ၍ CDM ပြုလုပ်နေသော ဝန်ထမ်းများထံ တစ်ဆင့်ပြန်လည်ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ကြောင်းနှင့် တရားမဝင်ဖွဲ့စည်းထားသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ(CRPH)နှင့် ဆက်သွယ်ဆောင်ရွက်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဦးသန့်ဇင်ထွန်းသည် ကိုရီးယားသမ္မတနိုင်ငံတွင် အလုပ်လုပ်ကိုင်နေသည့် ရန်နိုင်ထွန်းနှင့် ဆက်သွယ်၍ ထောက်ပံ့ငွေမြန်မာငွေကျပ်သိန်း ၈၃၀ အား ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်တွင် နေထိုင်သူ ဦးအောင်ဇော်လတ်ထံသို့ ပေးပို့စေခဲ့ကြောင်း၊ အဆိုပါငွေများအား ဒဂုံတက္ကသိုလ်ဆရာများသမဂ္ဂအဖွဲ့မှ ဦးလှမျိုးနှင့် ချိတ်ဆက်၍ နေပြည်တော်သို့ လာရောက်ပို့ဆောင်စေခဲ့ကြောင်း၊ အဆိုပါ ငွေကျပ်သိန်း ၈၃၀ အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇေယျာတင်ဝင်းထင် ထံပေးအပ်ခဲ့ပြီး နိုင်ငံ့ဝန်ထမ်း ၄၁၃ ဦးအား CDM တွင် ပါဝင်စေရေး ငွေကြေးဖြင့် ဆွဲဆောင်စည်းရုံးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ဦးသန့်ဇင်ထွန်းသည် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ ခေတ်ပြတိုက် စာပေတိုက် ပိုင်ရှင် ဦးဇော်မင်းကျော်ထံမှ CDM ထောက်ပံ့ငွေ သိန်း ၂၀ အားလက်ခံရယူ၍ နေပြည်တော်စည်ပင်သာယာရေးဦးစီးဌာနမှ ဝန်ထမ်းတစ်ဦးဖြစ်သူ မင်းချမ်းငြိမ်း ထံပေးအပ်၍ နိုင်ငံ့ဝန်ထမ်းများအား တာဝန်ဝတ္တရား ပျက်ကွက်စေရေး CDM တွင် ပါဝင်ဆောင်ရွက်လာစေရန်အတွက် ဆောင်ရွက်ခဲ့ကြောင်း၊ ဦးသန့်ဇင်ထွန်း ထံသို့ CDM ထောက်ပံ့ငွေများ ရရှိနိုင်ရန်အတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဒေါက်တာနေသစ်ထွန်းနှင့် ဒက္ခိဏသီရိမြို့နယ် NLD အမျိုးသမီး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဒေါ်လေးလေးနွယ်တို့က




ဝန်ထမ်း ၆၀၀ ခန့်၏ အမည်စာရင်းအား ပေးပို့၍ နိုင်ငံ့ဝန်ထမ်းများအား တာဝန်ဝတ္တရား ပျက်ကွက်စေရေး CDM တွင် ပါဝင်ဆောင်ရွက်နိုင်ရန် ငွေကြေးတောင်းခံထားခဲ့ကြောင်း သိရသည်။


သို့ဖြစ်ပါ၍ နိုင်ငံ့ဝန်ထမ်းများအား တာဝန်ဝတ္တရားပျက်ကွက်ပြီး CDM တွင် ပါဝင်လာစေရေး သွေးထိုးဆောင်ရွက်ခဲ့သူ ဦးသန့်ဇင်ထွန်းအား မတ် ၇ ရက်တွင် လယ်ဝေးမြို့နယ် သာဝတ္ထိနယ်မြေ ရဲစခန်း၌ (ပ)၂၄/၂၀၂၁ ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်လှစ်၍ ထိန်းသိမ်းထားရှိပြီး ကျန်ရှိသည့် ဆက်စပ်တရားခံများအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် မိဘပြည်သူများ အနေဖြင့်လည်း ဆက်စပ်တရားခံများအား ဝိုင်းဝန်းဖမ်းဆီးနိုင်ပါရန်နှင့် တွေ့ရှိပါက နီးစပ်ရာ နယ်မြေခံ တပ်၊ ရဲစခန်းများသို့ အကြောင်းကြားပေးပါရန်၊ လက်ခံထားသူများကိုလည်း ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဝန်ထမ်းများ CDM လှုပ်ရှားမှုများ ဆောင်ရွက်ရာတွင် အားပေးကူညီခဲ့သူများဖြစ်သည့် ဦးဟန်ဝေဆက်၊ ဒေါ်ဆွေဇင်နုနှင့် CDM လှုပ်ရှားမှုတွင် ပါဝင်ခဲ့သည့် ဝန်ထမ်း ၁၁ ဦးအား တရားဥပဒေနှင့်အညီ အမှုဖွင့်အရေးယူ

**နေပြည်တော် မတ် ၁၂**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၌ နည်းပညာအထောက်အကူပြုအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော ဦးဟန်ဝေဆက်(ဘ)ဦးကိုသင်းသည် နိုင်ငံတော်၏ အုပ်ချုပ်ရေးဆိုင်ရာ ယန္တရားများ ပျက်ပြားစေရန်အတွက် CDM လှုပ်ရှားမှုတွင် နိုင်ငံ့ဝန်ထမ်းများ ပါဝင်စေရေး လှုံ့ဆော်လျက်ရှိကြောင်း သိရသဖြင့် ၎င်းအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖေဖော်ဝါရီ ၁၅ ရက်တွင် အမှတ်(၃၁၇၈၄) စန္ဒာလမ်း ဒက္ခိဏသီရိ ရပ်ကွက် ၎င်း၏နေအိမ်၌ ဖမ်းဆီးရမိခဲ့သည်။

စစ်ဆေးမေးမြန်းချက်များအရ ၎င်းသည် ဝန်ထမ်းများ CDM လုပ်ဆောင်ရန်အတွက် ငွေကြေးများ ကောက်ခံခဲ့ရာ ဦးထွယ်ဆန်အောင်(Oxfam)၊ NGO(သဘာဝဘေးအန္တရာယ်ဆိုင်ရာ) အဖွဲ့နှင့် လူပုဂ္ဂိုလ် ၁၃ ဦးထံမှ စုစုပေါင်း ငွေကျပ် သိန်း ၁၁၀ ခန့် ကောက်ခံရရှိခဲ့ပြီး လက်ရှိတွင် ငွေကျပ်သိန်း ၂၀ ခန့်သုံးစွဲထားပြီးဖြစ်ကြောင်းနှင့် CDM ဝန်ထမ်းများအား အားပေးကူညီမှုများ ပြုလုပ်နိုင်ရန်အတွက် နေပြည်တော် ပြန်ကပြေးကျေးရွာနေ "ဆုံဆည်းရာ" အမည်ဖြင့် Food Delivery လုပ်ငန်းလုပ်ကိုင်သူ ဒေါ်ဆွေဇင်နု (ဘ)ဦးမောင်နုနှင့် ချိတ်ဆက်ဆောင်ရွက်နေကြောင်း ဝန်ခံထွက်ဆိုခဲ့သဖြင့် ဒေါ်ဆွေဇင်နုအား လုံခြုံရေးတပ်ဖွဲ့ဝင်များက



ဖေဖော်ဝါရီ ၁၆ ရက်တွင် ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဦးဟန်ဝေဆက်သည် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၌ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ၂၀၂၁ ခုနှစ် ဇန်နဝါရီလအထိ တာဝန်ထမ်းဆောင်ခဲ့ပြီး ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးဥပဒေနှင့်နည်းဥပဒေများကို ပြည်သူများနားလည်လွယ်သော ပုံစံဖြင့် သရုပ်ဖော်ပေးခြင်းများ ဆောင်ရွက်ခဲ့ကာ အကျိုးဆောင်ခအဖြစ် ဝန်ကြီးဌာနမှ တစ်လလျှင် ငွေကျပ်သုံးသိန်းခန့်ရရှိပြီး ၎င်း၏ Han Wai Satt Facebook Account ဖြင့် နိုင်ငံ့ဝန်ထမ်းများ CDM ပြုလုပ်ရန် လှုံ့ဆော်ခြင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ CDM အဖွဲ့ချုပ် အမည်ဖြင့် Page ဖွင့်လှစ်ခြင်း၊ CDM လှုပ်ရှားမှု ပိုမိုအားကောင်းလာစေရန် နည်းပညာအသုံးပြု၍ ဖြန့်ဝေခြင်းများ ဆောင်ရွက်ထားရှိကြောင်း စစ်ဆေးတွေ့ရှိရသည်။

ဖမ်းဆီးရမိသူ ဒေါ်ဆွေဇင်နု၏ ဝန်ခံထွက်ဆိုချက်အရ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဝန်ထမ်း ကိုးဦး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်း တစ်ဦး၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ ဝန်ထမ်း တစ်ဦး စုစုပေါင်း ၁၁ ဦးတို့နေထိုင်ရန်အတွက် နေအိမ်နှစ်လုံး ငှားရမ်းပေးခြင်း၊ အစားအသောက်ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသဖြင့် CDM လုပ်ဆောင်လျက်ရှိသော အဆိုပါ ဝန်ထမ်း ၁၁ ဦးအား ၎င်းတို့ နေထိုင်လျက်ရှိသည့် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဝေဒ(၁)လမ်းရှိ နေအိမ်၌ ဖေဖော်ဝါရီ ၁၈ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ထပ်မံဖမ်းဆီးခဲ့သည်။

သို့ပါ၍ CDM လှုပ်ရှားမှုတွင်ပါဝင်ရန် အားပေးလှုံ့ဆော်ခြင်း၊ ဦးဆောင်ခြင်းများ ဆောင်ရွက်ခဲ့သည့် ဦးဟန်ဝေဆက်နှင့် ကိုယ်တိုင်ပါဝင်ခဲ့သည့် နိုင်ငံ့ဝန်ထမ်း ၁၁ ဦး စုစုပေါင်း ၁၂ ဦးတို့အား ၂၀၂၁ ခုနှစ် မတ် ၅ ရက်တွင် ဒက္ခိဏသီရိမြို့မရဲစခန်း၌ ရာဇသတ်ကြီး ပုဒ်မ၊ ၅၀၅-က၊ ၅၀၅-ခ တို့ဖြင့်လည်းကောင်း၊ ဝန်ထမ်းများ CDM ဆောင်ရွက်နိုင်ရေး ချိတ်ဆက်ဆောင်ရွက်ပေးသည့် ဒေါ်ဆွေဇင်နု(ဘ) ဦးမောင်နုအား ပတ္တာနယ်မြေရဲစခန်း၌ ရာဇသတ်ကြီး ပုဒ်မ၊ ၅၀၅-က ဖြင့်လည်းကောင်း အမှုဖွင့်လှစ်ထားရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**ကမ္ဘာ့အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက်ဆောင်ရွက်စို့**

# ဆူပူဆန္ဒပြသူလူစုလူဝေးထဲတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ထိပ်တိုက်ရင်ဆိုင်ရန်ပြုအကြမ်းဖက်လိုသောအုပ်စုများ ပါဝင်လာ

**နေပြည်တော် မတ် ၁၂**

ဆူပူဆန္ဒပြသူလူစုလူဝေးထဲတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ထိပ်တိုက်ရင်ဆိုင်ရန်ပြုအကြမ်းဖက်လိုသောအုပ်စုများ ပါဝင်လာသည်ကို တွေ့ရကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်အရ ဆူပူဆန္ဒပြသူလူစုလူဝေးများ၏ ဆောင်ရွက်မှုများကို လေ့လာကြည့်ရာတွင် လူငယ်ထုအများအပြားအနေဖြင့် ဝတ်စားဆင်ယင်မှုပုံသဏ္ဌာန်ကို ဆန်းပြားစွာဝတ်ဆင်ပြီး အများသူငါမှ မိမိပုံသဏ္ဌာန်ကို ထင်သာမြင်သာစွာ သိရှိစေလိုသည့် ဝတ်စုံဦးစားပေးအုပ်စု၊ လုံခြုံရေးတပ်ဖွဲ့နှင့် ထိပ်တိုက်တွေ့ဆုံရာတွင် ဆန္ဒပြရုံသက်သက်၊ လူမှုကွန်ရက်တွင် ပါဝင်ရုံသက်သက် ရည်မှန်း၍ ဆောင်ရွက်လိုသူအုပ်စု၊ ဆူပူဆန္ဒပြရာတွင် ဒေသန္တရလက်လုပ် ဒိုင်းကာများ၊ ယမ်းထုပ်များ၊ မီးခိုးငွေ့ကာမျက်နှာဖုံးများ၊ မီးသတ်ဆေးဘူးများကို ကိုင်ဆောင်အသုံးပြုသော အသုံးအဆောင်ပစ္စည်းဦးစားပေးသည့်အုပ်စုနှင့် လမ်းကြောင်းပိတ်ဆို့ရေးအတွက် တာယာကွင်းများ၊ ပီနံအိတ်ခွံများ မီးရှို့ခြင်း၊ ရရာအတားအဆီးများ ပြုလုပ်ဆောင်ရွက်ပြီး လေးခွ၊ ဂျင်ဂလိ၊ ဓား၊ လှံ၊ မှိန်း၊ ဆူး၊ တူမီးလက်လုပ်သေနတ်များကိုင်ဆောင်ကာ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ထိပ်တိုက်ရင်ဆိုင်ကာ ရန်ပြုအကြမ်းဖက်လိုသောအုပ်စုဟူ၍ ကွဲပြားစွာဆောင်ရွက်နေကြသည်ကို တွေ့ရှိရကြောင်း။

သို့ဖြစ်ပါ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ထိပ်တိုက်ရင်ဆိုင်တွေ့ဆုံစဉ် ဖြေလျှော့၍လူစုခွဲရန် မေတ္တာရပ်ခံချိန်တွင် အထက်ဖော်ပြပါအုပ်စုများအနက်မှ ရန်ပြုအကြမ်းဖက်လိုသူအုပ်စုအနေဖြင့်သာ လုံခြုံရေးတပ်ဖွဲ့ဝင်များကို နည်းမျိုးစုံဖြင့် ထိပ်တိုက်ရင်ဆိုင်လာကြ၍ လုံခြုံရေးတပ်ဖွဲ့၏ မလွှဲမရှောင်သာ လူစုလူဝေးဖြိုခွဲမှု၊ ထိခိုက်ဒဏ်ရာရရှိသေဆုံးမှုများကို ကြုံတွေ့နေရကြောင်း။

**ဖမ်းဆီးထိန်းသိမ်း**

မတ် ၁၂ ရက်တွင် ဆူပူဆန္ဒပြသူလူစုလူဝေး ဆောင်ရွက်ခဲ့မှုအနေဖြင့် နေပြည်တော်တွင် ပျဉ်းမနားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် မြောက်ဥက္ကလာ၊ မင်္ဂလာတောင်ညွန့်၊ အင်းစိန်၊ ကြည့်မြင်တိုင်၊ တောင်ဥက္ကလာ၊ မင်္ဂလာဒုံ၊ လှည်းကူး၊ မှော်ဘီ၊ သန်လျင်နှင့် တွံတေးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးတွင် ချမ်းမြသာစည်၊ အမရပူရ၊ မိုးကုတ်နှင့် နွားထိုးကြီးမြို့နယ်၊ မကွေးတိုင်းဒေသကြီးတွင် မကွေးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီးတွင် ပဲခူးမြို့၊ ဧရာဝတီတိုင်းဒေသကြီးတွင် ဟသ်ာတမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီးတွင် ထားဝယ်နှင့် ကျွန်းစုမြို့နယ်၊ ကချင်ပြည်နယ်တွင် မိုးကောင်းမြို့နယ်၊ ကယားပြည်နယ်တွင် လွိုင်ကော်မြို့နယ်၊ မွန်ပြည်နယ်တွင် မော်လမြိုင်မြို့၊ ရှမ်းပြည်နယ်တွင် သီပေါ၊ ကွတ်ခိုင်နှင့် ဖယ်ခုံမြို့နယ် အစရှိသောနေရာဒေသများတွင် လူစုလူဝေးများ ဖြစ်ပွားခဲ့၍ ဖြိုခွဲထိန်းသိမ်းခြင်းများဆောင်ရွက်ခဲ့ရပြီး အမျိုးသား ၆၅ ဦး၊ အမျိုးသမီး ၁၀ ဦး စုစုပေါင်း ၇၅ ဦးတို့ကို ဖမ်းဆီးထိန်းသိမ်းရကြောင်း။

ဆူပူဆန္ဒပြသူလူစုလူဝေးများအနေဖြင့် လူမှုကွန်ရက်မှတစ်ဆင့် သွေးထိုးလှုံ့ဆော်ခြင်း၊ ကြွေးကြော်သံအမျိုးမျိုးသတ်မှတ်ပေးခြင်း၊ တော်လှန်ရေးခေါင်းစဉ်အမျိုးမျိုးတပ်၍ လှုံ့ဆော်ခြင်း၊ လူစုလူဝေးများပြုလုပ်ရန် လျာထားရက်နှင့်အချိန်များကို သတ်မှတ်ပေးပြီး မိမိနယ်မြေအလိုက် NLD ပါတီ၏ နောက်ကွယ်မှကြိုးကိုင်စေခိုင်းမှုဖြင့်သာ နေ့စဉ်လှုပ်ရှားဆောင်ရွက်နေသည့် အခြေအနေဖြစ်ပြီး လက်ရှိအချိန်တွင် ထင်သလိုလှုပ်ရှားနိုင်မှုမရှိဘဲ အခွင့်မသာသည့်အခြေအနေသို့ ရောက်ရှိနေကာ လူစုလူဝေးများ ပိုမိုဖြစ်ပွားအောင် လူမှုကွန်ရက်မှတစ်ဆင့် ထပ်မံသွေးထိုးတွန်းအားပေးလှုံ့ဆော်မှုများနှင့် ကောလာဟလသတင်းအမှားများ တိုးမြှင့်ဆောင်ရွက်လာနေသည်ကို တွေ့ရှိရကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်၌ အမှုဖြင့်အလိုရှိသူကို သွားရောက်ဖမ်းဆီးစဉ် လူအုပ်စုက အကြမ်းဖက်ရန်ပြုလာသဖြင့် ခြောက်လှန့်ပစ်ခတ်လူစုခွဲ

**နေပြည်တော် မတ် ၁၂**

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယနေ့ နံနက် ၁ နာရီ မိနစ် ၂၀ ခန့်တွင် မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်ကျေးရွာအုပ်စု မြသီတာရပ်ကွက်၌ (အဆိုပါရပ်ကွက်နေ အမှုဖြင့်အလိုရှိနေသူတစ်ဦး) ရောက်ရှိနေကြောင်းသတင်းအရ သက်သေများနှင့်အတူ ရှာဖွေဖမ်းဆီးရန်သွားရောက်စဉ် ၎င်းရပ်ကွက်ဈေးလမ်းထိပ်၌ တုတ်၊ ဓား၊ လက်နက် ကိုင်ဆောင်ထားသူ လူအုပ်စုအင်အား ၁၅၀ ခန့်က သံတံခါးအတားအဆီးပိတ်ဆို့ကာ လုံခြုံရေးတပ်ဖွဲ့ဝင်များကို လေးခွ၊ ခဲများဖြင့် ပစ်ခတ်ရန်ပြုခဲ့ကြသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက သံတံခါးအတားအဆီးအားဖွင့်၍ အမှုဖြင့်အလိုရှိနေသူ ခိုအောင်းနေသည့်နေအိမ်သို့ သွားရောက်ရှာဖွေရန် ဆောင်ရွက်စဉ် တုတ်၊ ဓား လက်နက် ကိုင်ဆောင်ထားသူများက ခရာမှုတ်၍ ရှေ့သို့တိုးကာ အော်ဟစ်ဆဲဆိုပြီး လေးခွ၊ ခဲများဖြင့် အဆက်မပြတ် ထပ်မံပစ်ခတ်အကြမ်းဖက်ရန်ပြုကြသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ သတိပေးခြောက်လှန့်ပစ်ခတ်ခဲ့ရာ အကြမ်းဖက်ရန်ပြုသူလူအုပ်စုထဲမှ အဆိုပါရပ်ကွက်နေ ဇော်မင်းထွန်း (၄၂)နှစ်မှာ ဝမ်းဗိုက်ထိမှန်ဒဏ်ရာရရှိခဲ့ရာမှ သေဆုံးသွားခဲ့ကြောင်း သတင်းရရှိသည်။

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်၌ အမှုဖြင့် အလိုရှိသူကို သွားရောက်ဖမ်းဆီးစဉ် လူအုပ်စုက အကြမ်းဖက်ရန်ပြုလာသဖြင့် ခြောက်လှန့်ပစ်ခတ်လူစုခွဲခဲ့ရကြောင်း သိရသည်။

**သတင်းစဉ်**



## ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများ ၎င်းတို့၏နေရပ်ဒေသအသီးသီးသို့ ပြန်လည်နေထိုင်နိုင်ရေးအတွက် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မတ် ၁၂**

ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများ ၎င်းတို့၏နေရပ်ဒေသအသီးသီးသို့ ပြန်လည်နေထိုင်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေခံတပ်မတော်သားများက မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် မင်းပြားမြို့ ရာမောင်စခန်းတစ်ဝိုက်၊ မင်းပြားမြို့မှ ကန်ကြီးပြင်ကျေးရွာသွား ကားလမ်းတစ်လျှောက်နှင့် ကြက်ဆင်တံတားနေရာတစ်ဝိုက်တွင် လည်းကောင်း၊ အမ်းမြို့နယ် ဒါးလက်တောင်ကျေးရွာ ပတ်ဝန်းကျင်တစ်ဝိုက်တွင် လည်းကောင်း၊ ဘူးသီးတောင်မြို့နယ် စံညွှင်းဝေကျေးရွာ၊ ကွန်တိုင်ကျေးရွာတစ်ဝိုက်နှင့် ကျေးရွာချင်းဆက်လမ်းများတွင်လည်းကောင်း မိုင်းရှင်းလင်းရေးလုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများက ဆက်လက်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ကျွန်းစုမြို့နယ်၌ အမျိုးသားတစ်ဦး လက်လုပ်သေနတ်များနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၂**


တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်၌ အမျိုးသားတစ်ဦး လက်လုပ်သေနတ်များနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယနေ့ နံနက် ၃ နာရီ ၄၅ မိနစ်တွင် သတင်းအရ ကျွန်းစုမြို့နယ် ကံမော်ကျေးရွာ အနောက်ဘက်ရပ်ကွက်ရှိ ချစ်မူး၏ နေအိမ်အားဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ အလျား လေးပေခန့်၊ ပြောင်းအကျယ် ငါးမူးလုံးခန့်ရှိလက်လုပ်သေနတ်လေးလက်နှင့် ဆက်စပ်ပစ္စည်းများ ရှာဖွေသိမ်းဆည်းရမိခဲ့သဖြင့် လက်လုပ်သေနတ်များ လက်ဝယ်ထားရှိသူ ချစ်မူးအား ကံမော်နယ်မြေရဲစခန်း၌ လက်နက်ဥပဒေဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားရှိကြောင်း သိရသည်။

**သတင်းစဉ်**

## မိဘပြည်သူများ စိတ်အေးချမ်းသာယာစွာ နေထိုင်အိပ်စက်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ်လုံခြုံရေးဆောင်ရွက်

**နေပြည်တော် မတ် ၁၂**



နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့အတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှစတင်ကာ လုံခြုံရေးအား ပြည့်ဝစွာ ဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင်လည်း မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာ နေထိုင်အိပ်စက်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများကို ပြည့်ဝစွာ ဆက်လက် ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မိုင်းပျဉ်းမြို့နယ်တွင် အသက် ၆၅ နှစ်နှင့်အထက်ဘိုးဘွားများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးစတင်ထိုးနှံ

**မိုင်းပျဉ်း မတ် ၁၂**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံခရိုင် မိုင်းပျဉ်းမြို့နယ်တွင် အသက် ၆၅ နှစ်နှင့် အထက် သက်ကြီးဘိုးဘွားများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး စတင်ထိုးနှံခြင်းကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု ၃၁ အုပ်စုတို့တွင် ကျန်းမာရေးဝန်ထမ်းများ၊ တပ်မတော်သား ဆရာဝန်များနှင့် တာဝန်ရှိသူများက ထိုးနှံပေးခဲ့ကြောင်း သိရသည်။



ထိုသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံခြင်း ဆောင်ရွက်ပေးရာတွင် ကာကွယ်ဆေး ထိုးနှံခြင်းမပြုမီ တာဝန်ရှိသူများက ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ သွေးအတွင်း အောက်ဆီဂျင်ပါဝင်မှုပမာဏတိုင်းတာပေးခြင်းတို့ကို ဆောင်ရွက်ပေးကာ ပုံမှန်အနေအထားရှိမှသာ ကာကွယ်ဆေးထိုးနှံပေးခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံပေးသည့် မြို့ပေါ်ရပ်ကွက်သုံးရပ်ကွက်ရှိ စုရပ်နေရာများသို့ မိုင်းပျဉ်းတပ်နယ်မှူး ဒုတိယဗိုလ်မှူးကြီးစောဝင်းနိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မေမွန်ထွဋ်**
**(ပြန်/ဆက်)**




## ဗန်းမော်၌ ဒေသခံပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေး

**ဗန်းမော် မတ် ၁၂**

ကချင်ပြည်နယ် ဗန်းမော်မြို့တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး မတ် ၅ ရက်က စတင်ထိုးနှံပေးလျက်ရှိရာ ဌာနဆိုင်ရာဝန်ထမ်းများအပြင် ဗန်းမော်မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများမှ အသက် ၆၅ နှစ်အထက်/အောက်ရှိ ဒေသခံပြည်သူများအားလည်း ကာကွယ်ဆေးထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ဗန်းမော်မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာစုစုပေါင်း၅၈အုပ်စုမှ အသက် ၆၅နှစ် အထက်/အောက်ရှိ ဒေသခံပြည်သူများအား စုရပ်အသီးသီးခွဲ၍ အမှတ်(၁၁)စစ်မြေပြင်ဆေးတပ်ရင်းမှ ဗိုလ်မှူးထက်ဘုန်းအောင်နှင့်အဖွဲ့၊ ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစစ်ဆေးခြင်း၊ အပူချိန်တိုင်းတာခြင်း၊ သွေးပေါင်ချိန်တိုင်းတာခြင်းများ ဆောင်ရွက်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးလျက်ရှိသည်။

ဗန်းမော်မြို့နယ်အတွင်း ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ သာသနာ့ဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာ အသက် ၆၅ နှစ် အထက်/အောက်ရှိ ဒေသခံပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးရန် ၁၂၄၁၁ ဦး လျာထားပြီး မတ် ၅ ရက်မှ ၁၁ ရက်အထိ ကာကွယ်ဆေးထိုးနှံပြီးသူ ၃၀၆၉ ဦးရှိပြီး ကျန်ရှိသူများအား ဆက်လက်ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ကျေးသီးမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး စတင်ထိုးနှံ

**ကျေးသီး မတ် ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်ခရိုင် ကျေးသီးမြို့နယ်တွင် မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် အသက် ၆၅ နှစ်အထက် သက်ကြီးဘိုးဘွားများအား ယမန်နေ့နံနက် ၉ နာရီမှစတင်ကာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်ခန်းမ၌ ပထမအကြိမ် ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးရာတွင် ကာကွယ်ဆေးတစ်လုံးလျှင် လူ ၁၀ ဦးနှုန်းဖြင့် ထိုးနှံပေးသွားမည်ဖြစ်ပြီး ကာကွယ်ဆေး ထိုးနှံပေးခြင်း မပြုမီ ကိုယ်အပူချိန်တိုင်းတာခြင်းနှင့် သွေးပေါင်ချိန်တိုင်းတာပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ပုံမှန်အနေအထားရှိမှသာ ကာကွယ်ဆေးကို ထိုးနှံပေးခြင်း၊ ဆေးထိုးပြီးနောက် အနည်းဆုံး မိနစ် ၃၀ ကြာ စောင့်ကြည့်ခဲ့ကြောင်း သိရသည်။

ကျေးသီးမြို့နယ် မိုင်းနောင်မြို့ အပါအဝင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးပုလင်းအလုံးရေ ၂၅၀ ရရှိထားပြီး လူဦးရေ ၂၅၀၀ အားထိုးနှံပေးသွားမည်ဖြစ်ကြောင်းနှင့် ယခုထိုးနှံပေးသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးသည် နှစ်ကြိမ်ထိုးနှံကြရမည်ဖြစ်ကာ ပထမအကြိမ်ထိုးနှံပြီးပါက နောက်ရက်သတ္တလေးပတ်အကြာတွင် ဒုတိယအကြိမ် ဆက်လက်ထိုးနှံကြရမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ကာကွယ်ဆေးထိုးနှံသည့် လုပ်ငန်းကို ကျန်းမာရေးဝန်ထမ်းများနှင့် ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး ကာကွယ်ဆေးထိုးနှံနေသူများအား ကျေးသီးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**



## ပေါင်းတည်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေး

**ပေါင်းတည် မတ် ၁၂**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ်တွင် မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်းကာ ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းကို မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများအား ယနေ့နံနက် ၉ နာရီမှစတင်ကာ မြို့နယ်အားကစားခန်းမ၌ ထိုးနှံပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရာတွင် ကျန်းမာရေးဝန်ထမ်းများက မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများအား ကာကွယ်ဆေးများ ထိုးနှံပေးသွားမည်ဖြစ်ပြီး ပထမအကြိမ် ကာကွယ်ဆေးထိုးနှံပေးသူများအား လေးပတ်အကြာတွင် ဒုတိယအကြိမ် ကာကွယ်ဆေးကို ထပ်မံထိုးနှံပေးမည်ဖြစ်ကြောင်း မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## တာချီလိတ်မြို့၌ ဌာနဆိုင်ရာများနှင့် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး စတင်ထိုးနှံ

**တာချီလိတ် မတ် ၁၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့တွင် ဌာနဆိုင်ရာဝန်ထမ်းများနှင့် အသက် ၆၅ နှစ်အထက် သက်ကြီးရွယ်အိုများအား ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို ယမန်နေ့နံနက် ၁၀ နာရီက စတင်ထိုးနှံပေးလျက်ရှိသည်။

ကာကွယ်ဆေးများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ (စုပေါင်း) ရုံး၊ ခရိုင်ပြည်သူ့ဆေးရုံ၊ ပါလျံဘုံကျောင်းနှင့် ဆေခမ်းရပ်ကွက်စီမံအုပ်ချုပ်ရေးရုံးတို့တွင် ထိုးနှံပေးခဲ့ပြီး စုစုပေါင်း ၁၀၇၇ ဦးရှိကြောင်း သိရသည်။

ကာကွယ်ဆေးထိုးနှံခြင်းအစီအစဉ်ကို တပ်မတော်ဆေးတပ်ရင်းတပ်ဖွဲ့များက ထိုးနှံပေးခဲ့ပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးခဲ့ကြကာ နေ့စဉ်နံနက်



၉ နာရီမှစတင်၍ မတ် ၁၆ ရက်ထိ ပြည်သူများအား ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ယာဆေး**
**(ပြန်/ဆက်)**

## ယင်းမာပင်မြို့၌ သံဃာတော်များ၊ သီလရှင်များ၊ ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေး



**ယင်းမာပင် မတ် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့ပေါ်ရှိ သံဃာတော်များ၊ သီလရှင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ယမန်နေ့မွန်းလွဲ ၂ နာရီက ခရိုင်စုပေါင်းရုံးအစည်းအဝေးခန်းမ၌ စတင်ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ကာကွယ်ဆေးထိုးနှံပေးရာတွင် သံဃာတော်များ၊ သီလရှင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် မိသားစုဝင်များအား ယင်းမာပင်မြို့ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးရာ ခရိုင်အဆင့် ဌာနဆိုင်ရာဝန်ထမ်း ၁၇၄ ဦး၊ သံဃာတော်၊ သီလရှင်များနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုဝင် ၅၆၅ ဦး စုစုပေါင်း ၇၃၉ ဦးတို့အား ထိုးနှံပေးခဲ့သည်။ **ခရိုင် (ပြန်/ဆက်)**

# ၂၀၂၀ ပြည့်နှစ်ရဲ့ ကမ္ဘာ့တေးဂီတရောင်းအားကို ဦးဆောင်နေတဲ့ BTS



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသား တေးဂီတ အဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ BTS ဟာ အဖွဲ့ရဲ့ တေးအယ်လ်ဘမ်တွေ ၂၀၂၀ ပြည့်နှစ်အတွင်း ရောင်းအားကောင်းမွန်ခဲ့ပါတယ်။ ၂၀၂၀ ပြည့်နှစ်အတွင်း ထွက်ရှိခဲ့သမျှသော တေးအယ်လ်ဘမ်တွေအနက် BTS ရဲ့ တေးအယ်လ်ဘမ်နှစ်ခုဟာ ရောင်းအားအကောင်းဆုံးနဲ့ ဒုတိယအကောင်းဆုံးအဖြစ် ကမ္ဘာ့တေးဂီတ ရောင်းအားစာရင်းမှာ ထိပ်ဆုံးကနေ နေရာယူထားကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါ တေးအယ်လ်ဘမ်နှစ်ခုအနက် ပထမနေရာမှာ ရပ်တည်နေတာကတော့ Map of the Soul:7 ဖြစ်ပြီး ဒုတိယရောင်းအားအကောင်းဆုံး တေးအယ်လ်ဘမ်ကတော့ BE ဖြစ်ကြောင်းလည်း သိရပါတယ်။ ရောင်းအားအကောင်းဆုံးတေးအယ်လ်ဘမ်စာရင်းမှာ တတိယနေရာ ယူထားသူကတော့ ဂျပန်တေးသံရှင် ကန်ရှီယိုနဲဆုဖြစ်ပြီး သူ့ရဲ့ တေးအယ်လ်ဘမ် Stray Sheep နဲ့ ရပ်တည်နေတာဖြစ်ပါတယ်။ ကျော်ကြားတဲ့ အမေရိကန်တေးသံရှင် တေလာဆွစ်ကတော့ ၂၀၂၀ ပြည့်နှစ်အတွင်း စတုတ္ထမြောက် ရောင်းအားအကောင်းဆုံး တေးအယ်လ်ဘမ်ရှင်ဖြစ်ခဲ့ကြောင်း သိရပါတယ်။



## လာမယ့်လအတွင်း SHINee ရဲ့ ပထမဆုံးသော အွန်လိုင်းတေးဂီတဖျော်ဖြေပွဲ ပြုလုပ်မည်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ SHINee ဟာ လာမယ့်လအတွင်း အဖွဲ့ရဲ့ ပထမဆုံးသော အွန်လိုင်းတေးဂီတဖျော်ဖြေပွဲ ပြုလုပ်သွားဖို့ စီစဉ်ထားကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဖွဲ့ရဲ့ ပထမဆုံးသော အွန်လိုင်းတေးဂီတဖျော်ဖြေပွဲကို SHINee: SHINee WORLD လို့အမည်ပေးခဲ့ပြီး လာမယ့် ဧပြီ ၄ ရက် ကိုရီးယားစံတော်ချိန် မွန်းလွဲ ၃ နာရီမှာ ထုတ်လွှင့်သွားမှာဖြစ်ကြောင်း မတ် ၁၂ ရက်မှာ တရားဝင်ထုတ်ပြန်ပြောကြားခဲ့တာဖြစ်ပါတယ်။

ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုတွေကြောင့် စင်တင်ဖျော်ဖြေမှုတွေ လုပ်ဆောင်နိုင်ခြင်းမရှိဘဲ တေးသံရှင်တွေဟာ အွန်လိုင်းဖျော်ဖြေပွဲတွေ အစားထိုးပြုလုပ်ခဲ့ကြတာဖြစ်ပါတယ်။ SHINee: SHINee WORLD အွန်လိုင်းဖျော်ဖြေပွဲဟာ SHINee အတွက် ပထမဆုံးသော အွန်လိုင်းဖျော်ဖြေပွဲဖြစ်သည့်အပြင် ပြီးခဲ့တဲ့သုံးနှစ်တာကာလအတွင်း ပထမဆုံးပြုလုပ်ခဲ့တဲ့ အဖွဲ့လိုက်ဖျော်ဖြေမှုလည်း ဖြစ်လာမှာပါ။

## ရိုစ့်ရဲ့ တစ်ကိုယ်တော်တေးအယ်လ်ဘမ် စတင်ထုတ်လွှင့်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ BLACK PINK ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ရိုစ့်ဟာ လတ်တလောမှာ တစ်ကိုယ်တော်တေးအယ်လ်ဘမ်သစ် R ကို စတင်ထုတ်လွှင့်ခဲ့တာ ဖြစ်ပါတယ်။ အဆိုပါ တေးအယ်လ်ဘမ်ကို ပရိသတ်တွေက အချိန်အတော်ကြာ စောင့်မျှော်နေခဲ့ရတာဖြစ်ကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။



အဆိုပါ တေးအယ်လ်ဘမ်ဟာ ရိုစ့်အတွက် ပထမဆုံးသော တစ်ကိုယ်တော်တေးအယ်လ်ဘမ်ဖြစ်ပြီး မတ် ၁၂ ရက်က စတင်ထုတ်လွှင့်ပေးခဲ့တာပါ။ အဆိုပါ တေးအယ်လ်ဘမ်မထုတ်လွှင့်မီ တေးအယ်လ်ဘမ်မှာပါဝင်တဲ့ တေးသီချင်းတွေဖြစ်ကြတဲ့ On The Ground နဲ့ B-side Gone တို့ရဲ့ တေးဗီဒီယိုတွေကိုလည်း ပြီးခဲ့တဲ့ ဇန်နဝါရီလအတွင်း ပြုလုပ်ခဲ့တဲ့ BLACK PINK ရဲ့ အွန်လိုင်းတိုက်ရိုက်ထုတ်လွှင့်မှုအတွင်း စတင်ထုတ်လွှင့်ပေးခဲ့ပြီးဖြစ်ပါတယ်။

လက်ရှိမှာ အသက် ၂၄ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ရိုစ့်ရဲ့ ပထမဆုံးသော တစ်ကိုယ်တော်တေးအယ်လ်ဘမ်မှာပါဝင်တဲ့ တေးသီချင်းတွေအားလုံး အင်္ဂလိပ်လို သီဆိုထားတာလည်း ဖြစ်ပါတယ်။ တေးအယ်လ်ဘမ်မထုတ်လွှင့်မီပြုလုပ်ခဲ့တဲ့ အင်တာဗျူးတစ်ခုမှာ ရိုစ့်က သူ့အနေနဲ့ တစ်ကိုယ်တော်တေးအယ်လ်ဘမ်သစ်အတွက် အတော်လေးအားစိုက်ပြင်ဆင်နေကြောင်း၊ တေးသီချင်းတွေကိုလည်း ကြိုးစားရေးသားနေကြောင်း ဖြေကြားခဲ့ဖူးပါတယ်။ ရိုစ့်ရဲ့ တေးအယ်လ်ဘမ်သစ်ဟာ ထုတ်လွှင့်ပေးချိန်မှာလည်း သူကြိုးစားခဲ့တာ ပေါ်လွင်နေပြီး ပရိသတ်အတွက်လည်း စောင့်မျှော်ရကျိုးနပ်တဲ့ တေးအယ်လ်ဘမ်တစ်ခုလို့လည်း ဆိုနိုင်ပါတယ်။

ရိုစ့်ဟာ နယူးဇီလန်မှာမွေးဖွားကာ ဩစတြေးလျမှာ ကြီးပြင်းလာသူတစ်ဦးပါ။ သူဟာ ၂၀၁၂ ခုနှစ်အတွင်း ဝိုင်ဂျီအင်တာတိန်းမန့်နဲ့ အဆက်အသွယ်ရခဲ့ကာ ၂၀၁၆ ခုနှစ်မှာ BLACK PINK ရဲ့ အဓိကတေးသံရှင်တစ်ဦးအဖြစ် စတင်လှုပ်ရှားခွင့်ရရှိခဲ့တာဖြစ်ပါတယ်။ တေးဂီတသက်တမ်းတစ်လျှောက် အဖွဲ့လိုက် စံချိန်သစ်များစွာတင်နိုင်ခဲ့ပြီး လတ်တလောမှာတော့ တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ်ပါ ရပ်တည်နိုင်တဲ့ ကေပေ့ါပ်တေးသံရှင်တစ်ဦးဖြစ်လာခဲ့ပြီ ဖြစ်ပါတယ်။

## အဖွဲ့ဝင်တွေနဲ့အတူ ရုပ်သံအစီအစဉ်မှာ ပါဝင်သွားမယ့် ဂျီယောင်း

ကေပေ့ါပ်တေးသံရှင်တစ်ဦးအဖြစ်မှသည် သရုပ်ဆောင်တစ်ဦးအဖြစ်လည်း အောင်မြင်ခဲ့တဲ့ ဂျီယောင်းဟာ ရုပ်သံအစီအစဉ်မှာ ပါဝင်တင်ဆက်သွားမှာဖြစ်ပြီး သူနဲ့အတူ အခြားသော T-ara အဖွဲ့ဝင်တွေလည်း အဆိုပါ အစီအစဉ်မှာ ပါဝင်သွားမှာဖြစ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဂျီယောင်းဟာ tvN ရုပ်သံလိုင်းက ထုတ်လွှင့်သွားမယ့် On\Off အစီအစဉ်မှာ ပါဝင်သွားမှာဖြစ်ပြီး သူနဲ့အတူ T-ara အဖွဲ့ဝင်တွေလည်း ပါဝင်တင်ဆက်မှာပါ။ အဆိုပါ အစီအစဉ်မှာ ဂျီယောင်းရဲ့ နေ့စဉ်နေထိုင်မှုပုံစံအကြောင်းကို ဖော်ပြမှာဖြစ်ပြီး သူ့ရဲ့နေ့စဉ်ဘဝမှာ အမြဲလိုလို ပါဝင်နေတဲ့ T-ara အဖွဲ့ဝင်တွေလည်း ဂျီယောင်းအကြောင်း တင်ဆက်မယ့်အစီအစဉ်မှာ အတူပါဝင်သွားမှာ ဖြစ်ပါတယ်။

အဆိုပါ အစီအစဉ်မှာ ဂျီယောင်းရဲ့ အိမ်မှာနေထိုင်တဲ့ပုံစံတွေကို တင်ဆက်ပေးမယ့်အပြင် အဖွဲ့ဝင်တွေနဲ့အတူ အပြင်အလည်အပတ်ထွက်တာတွေ၊ တေးသီချင်းသစ်အတွက် ပြင်ဆင်မှုတွေကိုလည်း ထည့်သွင်းရိုက်ကူးတင်ဆက်သွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

အဆိုပါ အစီအစဉ်ဟာ ရုပ်သံအစီအစဉ်တွေမှာ ပါဝင်နေကျမဟုတ်တဲ့ ကြယ်ပွင့်တွေရဲ့ နေထိုင်မှုပုံစံတွေကို ရိုက်ကူးကာ ပရိသတ်တွေနဲ့ ကြယ်ပွင့်အကြား ရင်းနှီးမှုပိုမိုရရှိစေရန် ရည်ရွယ်ရိုက်ကူးတဲ့ အစီအစဉ်မျိုးဖြစ်ကြောင်းလည်း သိရပါတယ်။

## ပရိသတ်တွေကို ဆွဲဆောင်နိုင်တဲ့ ဗွီရဲ့ ပန်းချီများ

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတ အဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ BTS ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ဗွီရဲ့ပုံတူကို ရေးဆွဲထားတဲ့ ပန်းချီကားတွေဟာ လတ်တလောမှာ ပရိသတ်တွေရဲ့ စိတ်ဝင်စားမှုကိုခံနေရပြီး အများရဲ့ အာရုံကို ဆွဲဆောင်ထားနိုင်ကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။





အဆိုပါ ပန်းချီကားတွေဟာ ရေဆေးအမျိုးအစားဖြစ်ပြီး သဘာဝကျမှုနဲ့ လှပမှုတွေကြောင့် အများရဲ့အာရုံကို ဆွဲဆောင်နိုင်ခဲ့တာပါ။ ပန်းချီပညာရှင်တစ်ဦးဖြစ်သူ ဂျောင်ဟာန်ဆန်းက ဗွီရဲ့ ပုံတူကို ရေးဆွဲထားတဲ့ ပန်းချီကားနှစ်ချပ်ကို လူမှုကွန်ရက်မီဒီယာပေါ်ကနေတစ်ဆင့် ထုတ်ဖော်ပြသခဲ့ပါတယ်။ ဒ့ါအပြင် ဗွီရဲ့ပုံတူပန်းချီကားတစ်ချပ်ရဲ့ ရေးဆွဲပုံအဆင့်ဆင့်ကိုလည်း ဗီဒီယိုဖိုင်ဖြင့် YouTube ပေါ်မှာ ဖော်ပြခဲ့ရာမှာ ပရိသတ်တွေက ပန်းချီဆရာရဲ့ လက်ရာမြောက်မှုနဲ့ ဗွီရဲ့အလှအပတွေကို ချီးကျူးဖော်ပြခဲ့ကြကြောင်းလည်း သိရပါတယ်။

အေးပြည့် - ရေးသားသည်

# ချယ်လ်ဆီးအသင်းက ခရစ်တီယန်ပူလီဆစ်နေရာမှာ အစားထိုးဖို့ ဘိုင်ယန်တောင်ပံကစားသမား ကင်စလေကိုးမန်းကိုခေါ်ယူဖို့ မျက်စိကျနေ

ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီးအသင်းဟာ ခရစ်တီယန်ပူလီဆစ်ရဲ့နေရာမှာ အစားထိုးဖို့အတွက် ဘိုင်ယန်မြူးနစ်အသင်းမှ ပြင်သစ်တောင်ပံကစားသမား ကင်စလေကိုးမန်းကိုခေါ်ယူဖို့ မျက်စိကျနေတယ်လို့ သိရပါတယ်။

အသက် ၂၂ နှစ်အရွယ်ရှိ အမေရိကန်ကြယ်ပွင့် ပူလီဆစ်ဟာ နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ ချယ်လ်ဆီးအသင်းကနေ ထွက်ခွာဖို့ ဆန္ဒရှိနေတာကြောင့် ချယ်လ်ဆီးအသင်းက အသက် ၂၄ နှစ်အရွယ် ကင်စလေကိုးမန်းကိုခေါ်ယူဖို့ စီစဉ်နေတာဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းဟာ ၂၀၁၉ ခုနှစ်အတွင်းက တိုက်စစ်မှူး အိုဒိုအီဘိုင်ယန်မြူးနစ်အသင်းဆီ ပြောင်းရွှေ့ကစားဖို့ ချိတ်ဆက်မှုတွေပြုလုပ်ခဲ့စဉ်ကတည်းက တောင်ပံကစားသမား ကင်စလေကိုးမန်းကို ခေါ်ယူဖို့ ကာလရှည်ကြာစောင့်ကြည့်နေခဲ့တာဖြစ်ပြီး တိုက်စစ်မှူး အိုဒိုအီအသင်းမှာ ဆက်ရှိနေခဲ့တာကြောင့် ကင်စလေကိုးမန်းကို ခေါ်ယူမယ့်အစီအစဉ် ပျက်ခဲ့ရတာဖြစ်ပါတယ်။

တောင်ပံကစားသမား ပူလီဆစ်ဟာ ချယ်လ်ဆီးအသင်းကို နည်းပြ သောမက်တူချယ်ရောက်ရှိလာပြီး နောက်ပိုင်း ချယ်လ်ဆီးအသင်းရဲ့ ကနဦးပွဲထွက် ကစားသမားစာရင်းမှာ မပါဝင်ခဲ့ရတာကြောင့် ချယ်လ်ဆီးအသင်းနဲ့ လမ်းခွဲဖို့အထိ စီစဉ်လာတာ ဖြစ်ပါတယ်။

ဒါကြောင့် အမေရိကန်ကြယ်ပွင့် ပူလီဆစ်ကို လီဗာပူးအသင်း၊ မန်ယူအသင်းနဲ့ ဘိုင်ယန်မြူးနစ်အသင်းတို့က ခေါ်ယူဖို့ စိတ်ဝင်စားနေတယ်လို့ သိရပါတယ်။ ချယ်လ်ဆီးအသင်းက ပူလီဆစ်နေရာမှာ အစားထိုးဖို့ ပစ်မှတ်ထားနေတဲ့ ကင်စလေကိုးမန်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက ဘိုင်ယန်မြူးနစ်အသင်းအား ချန်ပီယံလိဂ် ဖလားရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့တာဖြစ်ပြီး ဘိုင်ယန်မြူးနစ်အသင်းက ပီအက်စ်ဂျီအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တဲ့ ချန်ပီယံလိဂ် နောက်ဆုံးဗိုလ်လုပွဲစဉ်မှာ ကင်စလေကိုးမန်းက ဘိုင်ယန်မြူးနစ်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

ဒ့ါပြင် ကင်စလေကိုးမန်းဟာ အသက်အရွယ်ငယ် ပေမယ့် ကစားသမားဘဝကို ပီအက်စ်ဂျီအသင်း၊ ဂျူဗင်တပ်အသင်းနဲ့ ဘိုင်ယန်မြူးနစ်အသင်းတို့နဲ့ အတူ ဖြတ်သန်းခဲ့ရာမှာ ဆုဖလားစုစုပေါင်း ၂၃ ကြိမ်အထိ ရယူပေးနိုင်ခဲ့တဲ့ ကစားသမားတစ်ဦးလည်း ဖြစ်ပါတယ်။ ဒါကြောင့် ချယ်လ်ဆီးအသင်းက အသက်ငယ်ပေမယ့် အတွေ့အကြုံရင့်ကျက်မှုရှိတဲ့ ကင်စလေကိုးမန်းကို ခေါ်ယူဖို့ စီစဉ်နေတာဖြစ်ပါတယ်။



# ဦးဆောင်ဂိုး စတင်ရရှိခဲ့သော်လည်း သရေရလဒ်ဖြင့်သာ မန်ယူအသင်း ကျေနပ်ခဲ့ရ

မတ် ၁၁ ရက်ညပိုင်းက မန်ယအသင်းနဲ့ အေစီမီလန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ယူရိုပါလိဂ် ၁၆ သင်းအဆင့် ပထမအကျော့ပွဲစဉ်မှာ မန်ယူအသင်းဟာ ဦးဆောင်ဂိုးစတင်ရရှိခဲ့ပေမယ့် ပွဲပြီးကာနီးမှာ ချေပဂိုးပြန်လည်ခွင့်ပြုပေးခဲ့ရတာကြောင့် သရေရလဒ်နဲ့သာ ကျေနပ်ခဲ့ရတာဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ မန်ယူအသင်းဟာ ပွဲကစားချိန် မိနစ် ၅၀ မှာ ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်စ်ရဲ့ ဖန်တီးပေးမှုကနေ ဒီယယ်လိုက သွင်းဂိုးတစ်ဂိုး သွင်းယူပေးခဲ့တာကြောင့် အိမ်ကွင်းမှာ ဦးဆောင်ဂိုး စတင်ရရှိခဲ့တာဖြစ်ပြီး ပွဲကစားချိန် မိနစ် ၉၀ အရောက်မှာ အေစီမီလန်အသင်းက ဆီမွန်ကေဂျားရဲ့ သွင်းဂိုးနဲ့ ချေပဂိုးပြန်လည်ရရှိခဲ့တာကြောင့် တစ်ဖက် တစ်ဂိုးစီသရေရလဒ်နဲ့ ပွဲပြီးဆုံးခဲ့တာဖြစ်ပါတယ်။

အေစီမီလန်အသင်းဟာ အခုလိုမန်ယူအသင်းနဲ့ သရေကျခဲ့ခြင်းဟာ ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလအတွင်းက မန်ယူအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့ပြီးတဲ့နောက်ပိုင်းမှာ ဥရောပပြိုင်ပွဲတွေမှာ အင်္ဂလန်ကလပ်အသင်းတွေနဲ့ ယှဉ်ပြိုင်ကစားရတဲ့ နောက်ဆုံး အဝေးကွင်းရှစ်ပွဲအထိ နိုင်ပွဲပျောက်ဆုံးခဲ့ရတာ ဖြစ်ပါတယ်။

မန်ယူအသင်းကတော့ အေစီမီလန်အသင်းကို ဒုတိယပိုင်းပွဲပြီးကာနီးမှာ ချေပဂိုးခွင့်ပြုပေးလိုက်ရခြင်းဟာ ယူရိုပါလိဂ်ပြိုင်ပွဲသမိုင်းမှာ မန်ယူအသင်းအတွက် မိနစ် ၉၀ နဲ့ နောက်ပိုင်းချေပဂိုးပြန်လည်ခွင့်ပြုပေးလိုက်ရတဲ့ ပထမဆုံးအကြိမ်လည်းဖြစ်လာခဲ့ပါတယ်။

မန်ယူအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူပေးနိုင်ခဲ့တဲ့ လူငယ်ကစားသမား အာမက်ဒီယယ်လိုကတော့ ဥရောပပြိုင်ပွဲတွေမှာ မန်ယူအသင်းနဲ့အတူ အသက် ၁၈ နှစ်အရွယ်နဲ့ ဂိုးသွင်းယူနိုင်ခဲ့တဲ့ ပထမဆုံးသော ပြည်ပနိုင်ငံသားဖြစ်ပြီး ဂိုးဖန်တီးပေးခဲ့တဲ့ ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်စ်ကတော့ အခြားသောကစားသမားတွေထက် ပြိုင်ပွဲအရပ်ရပ်ဂိုးရရှိမှုမှာ အများအပြားပတ်သက်မှုရှိနေပြီး မန်ယူအသင်း အတွက် ၃၅ ဂိုးသွင်းယူပေးထားကာ ၂၁ ဂိုးအထိဖန်တီးပေးထားနိုင်ခဲ့တာဖြစ်ပါတယ်။

အေစီမီလန်အသင်းအတွက် ချေပဂိုးတစ်ဂိုး သွင်းယူပေးခဲ့တဲ့ ဆီမွန်ကေဂျာကတော့ အေစီမီလန်အသင်းနဲ့အတူ ဥရောပပြိုင်ပွဲတွေမှာ ၁၈ ပွဲအထိ ပါဝင်ကစားပေးခဲ့ရာမှာ ပထမဆုံးသွင်းယူနိုင်ခဲ့တဲ့ ဥရောပသွင်းဂိုးလည်း ဖြစ်လာခဲ့ပါတယ်။

မန်ယူအသင်းနဲ့ အေစီမီလန်အသင်းတို့ဟာ လာမယ့်ပွဲစဉ်တွေအဖြစ် မန်ယူအသင်းက မတ် ၁၄ ရက် (တနင်္ဂနွေနေ့ည)မှာ ပရီမီယာလိဂ်ပွဲစဉ်အဖြစ် ဝက်စ်ဟမ်းအသင်းကို အိုးထရက်ဖို့ဒ်မှာ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး အေစီမီလန်အသင်းကတော့ မတ် ၁၄ ရက်(တနင်္ဂနွေနေ့ည)မှာ အီတလီစီးရီးအေ ပွဲစဉ်အဖြစ် နာပိုလီအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။



ငွေကြယ် - စုစည်းသည်

# ရှက်ဖီးလ်ယူနိုက်တက်အသင်းနည်းပြ ခရစ်ဝိုင်ဒါ နည်းပြအဖြစ်မှ နုတ်ထွက်မည်

ရှက်ဖီးလ်ယူနိုက်တက်အသင်းရဲ့ နည်းပြ ခရစ်ဝိုင်ဒါဟာ ရှက်ဖီးလ်ယူနိုက်တက်အသင်းကို ငါးနှစ်ကြာ တာဝန်ယူကိုင်တွယ်ခဲ့ပြီးနောက် လက်ရှိအချိန်မှာ နည်းပြအဖြစ်ကနေ နုတ်ထွက်တော့မှာဖြစ်တယ်လို့ သိရပါတယ်။

ရှက်ဖီးလ်ယူနိုက်တက်အသင်းဟာ ပရီမီယာလိဂ် အမှတ်ပေးဇယားမှာ တန်းဆင်းဇုန်အတွင်း ကျရောက်လျက်ရှိပြီး ပရီမီယာလိဂ်ပြိုင်ပွဲရဲ့ ယှဉ်ပြိုင်ကစားဖို့ ၁၀ ပွဲကျန်ရှိနေချိန်မှာ ရမှတ် ၁၃ မှတ်သာ ရရှိထားသေးတဲ့အသင်းလည်း ဖြစ်ပါတယ်။

ရှက်ဖီးလ်ယူနိုက်တက်အသင်းက နောက်တန်းကစားသမားဟောင်းတစ်ဦး ဖြစ်တဲ့ ခရစ်ဝိုင်ဒါကို ၂၀၁၆ ခုနှစ် မေလ အတွင်းက နည်းပြအဖြစ် ခန့်အပ်ခဲ့တာ ဖြစ်ပြီး နည်းပြ ခရစ်ဝိုင်ဒါဟာ ရှက်ဖီးလ်ယူနိုက်တက်အသင်းကို ပရီမီယာလိဂ် ပြိုင်ပွဲသို့ တန်းတက်ခွင့်ရရှိအောင်လည်း စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်ပါတယ်။

ရှက်ဖီးလ်ယူနိုက်တက်အသင်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက ပရီမီယာလိဂ်ကို တန်းတက်လာခဲ့တာဖြစ်ပြီး တန်းတက်လာတဲ့နှစ်မှာ ပရီမီယာလိဂ်ရဲ့ အဆင့်ကိုးနေရာနဲ့ ဘောလုံးရာသီကုန်ဆုံးခဲ့တာဖြစ်ပါတယ်။ ရှက်ဖီးလ်ယူနိုက်တက်အသင်းဟာ အက်ဖ်အေဖလားပြိုင်ပွဲမှာ ကွာတားဖိုင်နယ်အဆင့်အထိ တက်လှမ်းနိုင်ခဲ့ပေမယ့် ယခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲမှာတော့ ရလဒ်ပိုင်းအခြေအနေအတော်လေး ဆိုးရွားခဲ့ရတာဖြစ်ပါတယ်။

အဲဒီလို အသင်းရဲ့ရလဒ်ပိုင်းတွေ



ဆိုးရွားမှုဖြစ်ပေါ်ခဲ့တာကြောင့် နည်းပြ ခရစ်ဝိုင်ဒါအနေနဲ့ ရှက်ဖီးလ်ယူနိုက်တက်အသင်းနည်းပြအဖြစ်ကနေ ထွက်ခွာဖို့ စီစဉ်လာခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

# မတ် ၁၂ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၈ ဦး တွေ့ရှိ

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

**(၁၂-၃-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

(၁၁-၃-၂၀၂၁)ရက်နေ့၊ ည(၈:၀၀)နာရီမှ (၁၂-၃-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၄၂၆)ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်(၈)ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၅၁၀,၉၂၃)ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၁၂၂) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၆)ဦးဖြစ်သဖြင့် ယနေ့အထိစုစုပေါင်း (၁၃၁,၇၂၈)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက်-

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကိုမကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# ကောလင်းမြို့နယ်၌ နိုင်ငံ့ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေး



**ကောလင်း မတ် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်၌ နိုင်ငံ့ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား ယနေ့ နံနက် ၉ နာရီက မြို့နယ် မီးသတ်ဦးစီးဌာန၌ ကိုဗစ်-၁၉ ကာကွယ်ဆေး စတင်ထိုးနှံပေးခဲ့ကြောင်း သိရသည်။

အဆိုပါ နိုင်ငံ့ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစု စုစုပေါင်း ၃၀၀ ခန့်အား ယနေ့တွင် ကိုဗစ်-၁၉ ကာကွယ်ဆေး စတင်ထိုးနှံပေးခဲ့ပြီး ပထမအကြိမ် ကာကွယ်ဆေးထိုးနှံပြီးသူများကို ရက်သတ္တလေးပတ်ခြား၍ ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးသွားမည်ဖြစ်ကြောင်း ကောလင်းမြို့နယ် ပြည်သူ့ဆေးရုံမှ ဆေးရုံအုပ်ကြီး ဒေါက်တာမိုးဆွေထံမှ သိရသည်။

ကောလင်းခရိုင်အတွင်းရှိ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမည့် နိုင်ငံ့ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစု စုစုပေါင်း ၂၅၂၇၃၉ ဦးရှိကြောင်း သိရသည်။

**မြင့်ထွန်းမင်း(ကောလင်း)**

## ကြေးမုံ ယနေ့ ဖတ်စရာ

**တစ်ကေချင်း တောင်သူ တစ်ဦးချင်းစီ၏ ထုတ်လုပ်မှု စွမ်းအားတိုးတက်ရေးအတွက် မြစ်ရေတင်လုပ်ငန်းများက ပံ့ပိုးပေးနိုင်ရေး ကြိုးပမ်း**

စာမျက်နှာ » ၄

AstraZeneca **ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံမှုခံယူပြီးနောက် သွေးခဲမှုပြဿနာများဖြစ်သည့် သတင်းများ ထွက်ပေါ်လာသဖြင့် စစ်ဆေးမှုများ ပြုလုပ်လျက်ရှိ**

စာမျက်နှာ » ၁၃

**ကပ်ဆေးတော့မည်**

စာမျက်နှာ » ၁၅

# အာဆင်နယ်အသင်းက အိုလံပီယာကို့စ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိ

မတ် ၁၁ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ယူရိုပါလိဂ် ၁၆ သင်းအဆင့်ရဲ့ ပွဲစဉ်တစ်ပွဲဖြစ်တဲ့ အိုလံပီယာကို့စ်အသင်းနဲ့ အာဆင်နယ်အသင်းတို့ ပွဲစဉ်မှာ အာဆင်နယ်အသင်းက အိုလံပီယာကို့စ်အသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ အာဆင်နယ်အသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် ၃၄ မိနစ်မှာ အိုဒီဂါးကလည်းကောင်း၊ ၇၉ မိနစ်မှာ ဂါဘရီယယ်က လည်းကောင်း၊ ၈၅ မိနစ်မှာ အယ်လ်နီးနီကလည်းကောင်း အသီးသီးသွင်းယူပေးခဲ့တာဖြစ်ပြီး အိုလံပီယာကို့စ်အသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ ပွဲကစားချိန် ၅၈ မိနစ်မှာ အယ်လ်အာရာဘီက သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

အာဆင်နယ်အသင်းက အိုလံပီယာကို့စ်အသင်းကို အနိုင်ရရှိခဲ့ခြင်းဟာ အခုနှစ်ဘောလုံးရာသီမှာ ယူရိုပါလိဂ်ပွဲစဉ် ကိုးပွဲမှာ ရှစ်ပွဲအထိ အနိုင်ရရှိခဲ့တာဖြစ်ပြီး လက်ရှိအချိန်မှာ အာဆင်နယ်အသင်းရဲ့ ယူရိုပါလိဂ် သွင်းဂိုး ၂၇ ဂိုးအထိရှိလာခဲ့တာဖြစ်ပါတယ်။

ယူရိုပါလိဂ် ၁၆ သင်းအဆင့်ပြိုင်ပွဲရဲ့ အခြားသောပွဲစဉ်တွေမှာတော့ အေဂျက်အသင်းက ယန်းဘွိုင်းအသင်းကို သုံးဂိုး-ဂိုးမရှိ၊ ဗီလာရီးယဲလ်အသင်းက ဒိုင်နမိုကိဗ်အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ရိုးမားအသင်းက ရှက်ခ်တာဒိုးနက်စ်အသင်းကို သုံးဂိုး-ဂိုးမရှိ၊ စပါးအသင်းက ဒိုင်နမိုဇာဂရတ်အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ဂရန်နာဒါအသင်းက မိုလ်ဒီအသင်းကို နှစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပွဲကိုယ်စီရရှိခဲ့တာဖြစ်ပြီး ဆလာဗီယာပရက်အသင်းနဲ့ ရိန်းဂျားအသင်းတို့ ပွဲစဉ်မှာတော့ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။




**ငွေကြယ်**